ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 November 2020 ၁၀၁၈၆

## ကြေးမုံ ယနေ့ ဖတ်စရာ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခဲ့ကြသူများ၏ မှုဝေစကားသံများ
စာမျက်နှာ » ၅

ကုံကော်ရိပ်က လွမ်းပုံပြင်
စာမျက်နှာ » ၆

အရှေ့တောင်အာရှနိုင်ငံများနှင့် ကာကွယ်ဆေး နိုင်ငံရေး အခင်းအကျင်း
စာမျက်နှာ » ၁၀

ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့၏ ၁၀ စုနှစ်အတွင်း ပထမဦးဆုံးအကြိမ် ရေတပ်ပူးတွဲလေ့ကျင့်မှု စတင်
စာမျက်နှာ » ၁၂

# ထိုင်းနိုင်ငံ အောက်လွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ပေးပို့လှူဒါန်း




**နေပြည်တော် နိုဝင်ဘာ ၃**

Coronavirus Disease 2019 (COVID–19) ကာကွယ်ရေးတွင် အသုံးပြုရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ ထိုင်းနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Chuan Leekpai က ဧပြီ ၂၄ ရက်တွင် နှာခေါင်းစည်း ၂၀၀၀ ကို လည်းကောင်း၊ ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Suchart Tonjaroen က ဇွန် ၂၆ ရက်တွင် နှာခေါင်းစည်း ၆၀၀၀၀ နှင့် အောက်တိုဘာ ၂၉ ရက်တွင် နှာခေါင်းစည်း ၃၀၀၀၀၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်းက လက်ခံရယူခဲ့သည်။

အဆိုပါ လှူဒါန်းမှုများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ထိုင်းနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌထံသို့ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် Stay at Home အစီအစဉ်တွင် အကျုံးဝင်သော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေကျပ် ၄၀ ရာခိုင်နှုန်းကို ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိရာ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀ မှ ၁၄/၂၀၂၀ အထိ)အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန (၁,၇၆၅)ဌာနမှ အာမခံအလုပ်သမား (၂၄၄,၆၇၀)အတွက် ထောက်ပံ့ငွေကျပ်(၁၆,၄၁၇ ဒသမ ၇၄၇)သန်းအား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ အောက်တိုဘာ ၅ ရက်မှစ၍ ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၂၀ မှ ၂၄/၂၀၂၀ အထိ)တို့အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန (၁,၆၁၂)ဌာနမှ အာမခံအလုပ်သမား (၂၆၁,၈၁၂) ဦးအတွက် ထောက်ပံ့ငွေကျပ်(၁၅,၈၇၇ ဒသမ ၀၃၃) သန်းအား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီး၊ စာရင်းအသေးစိတ်ကို သက်ဆိုင်ရာလုပ်ငန်းဌာနများသို့ အကြောင်းကြားပြီးသည့်အပြင် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ Website တို့တွင်လည်း ကြေညာထားပြီး၊ UMFCCI နှင့် အလုပ်သမားသမဂ္ဂများထံသို့လည်း အချိန်နှင့်တစ်ပြေးညီ ပေးပို့ထားပြီးဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



# ကြေးမုံ

## သဘာဝဘေးကို မျက်ခြည်မပြတ်သတိကပ်

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် တစ်ချိန်တည်းတွင် အခြားသဘာဝဘေးအမျိုးမျိုးတို့ကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့ရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံအချို့တွင် မိုးခေါင်၊ ရေကြီး၊ မုန်တိုင်း၊ မြေပြို စသည့်သဘာဝဘေးများ ကပ်ရောဂါနှင့်အတူ တစ်မျိုးမဟုတ်တစ်မျိုးဖြစ်နေရာ ပြည်သူများ မည်မျှဒုက္ခဆင်းရဲရောက်ကြရသည်ကို ခန့်မှန်းကြည့်နိုင်သည်။

တစ်ကမ္ဘာလုံး သဘာဝဘေးဒုက္ခမျိုးစုံ ကြုံနေရသော ယခု ၂၀၂၀ ပြည့်နှစ်ကာလတွင် မြန်မာနိုင်ငံအနေဖြင့်မူ ရာသီဥတုဆိုင်ရာ သဘာဝဘေးတို့ကို ကြီးကြီးမားမား မကြုံတွေ့ရဘဲ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးကိုသာ ရင်ဆိုင်ရသည်ဟုဆိုရမည်။ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို အလေးထားကာကွယ်၊ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေခြင်းနှင့်အတူ အချိန်မရွေးကြုံတွေ့နိုင်သော သဘာဝဘေးတို့ကိုလည်း မျက်ခြည်မပြတ် သတိကပ်ထားရမည်ဖြစ်သည်။

ယခုနှစ်ကာလသည် သဘာဝဘေးအန္တရာယ်ကို အထူးသတိပြုရမည့်နှစ်ဖြစ်သည်။ ယခုအခါ သဘာဝဘေးအမျိုးမျိုးကို ကြုံတွေ့နိုင်သော မိုးရာသီကာလ ကုန်ဆုံးသွားပြီး ပွင့်လင်းရာသီ သီတင်းကျွတ်ကာလသို့ ရောက်လာပြီဖြစ်သော်လည်း ပတ်ဝန်းကျင်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ယခုနိုဝင်ဘာလ ၁ ရက်နေ့တွင် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များအရ အားနည်းသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာ မိုးလေဝသဌာနများကလည်း ၎င်းတို့၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်များအရ ယခုနိုဝင်ဘာလနှင့် လာမည့်ဒီဇင်ဘာလတွင် အားအသင့်အတင့်မှ အားကောင်းလာသော လာနီညာအဆင့်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ လက်ရှိကမ္ဘာတွင် အပူလွန်ကဲမှု ဖြစ်စဉ် အယ်လ်နီညိုနှင့် အအေးလွန်ကဲမှုဖြစ်စဉ် လာနီညာတို့ဖြစ်ပေါ်လေ့ရှိသည်။ ယခုလာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် လာမည့်ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလတွင် အရှေ့မြောက် မုတ်သုံလေအားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းလာပြီး အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်ခြင်း စသည့်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို ရင်ဆိုင်ကျော်လွှားနေစဉ် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအမျိုးမျိုးတို့ကိုလည်း မျက်ခြည်မပြတ်သတိပြု ရင်ဆိုင်ကျော်လွှားနိုင်အောင် ပြင်ဆင်ထားရမည်ဖြစ်သည်။ လက်ရှိကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးကြီးရေလျှံ၊ မိုးခေါင်ရေရှား၊ မုန်တိုင်း၊ မြေပြိုခြင်းများ ယခင်ထက်ပိုမိုပြင်းထန်ဖြစ်ပွားလာပြီး ဆုံးရှုံးထိခိုက်မှုများလည်း မြင့်မားလာသည်။ ထိုသို့ဖြစ်ပွားလာခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ထိခိုက်ပျက်စီးလွယ်မှုနှင့် ဆုံးရှုံးနိုင်ခြေများ ကြုံတွေ့နေရသည်။

သို့ဖြစ်၍ ရေရှည်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချမှု၊ သစ်တောသစ်ပင်များ ထိန်းသိမ်းမှုတို့ကို ဆောင်ရွက်ရမည်ဖြစ်သလို လတ်တလောတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးကိုလည်း ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည်။ ကိုဗစ်အလွန်ကာလများတွင် စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ကုစားဆောင်ရွက်မှုများတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်မှုရှိမှသာ အောင်မြင်မည်ဟုယုံကြည်သည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တိုင်းတွင် ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ မူဝါဒနှင့် နည်းဗျူဟာများကို ၂၀၁၉ ခုနှစ်ကတည်းက တိကျပြတ်သားသော မူဘောင်များ ချမှတ်ထားသည်ကိုတွေ့ရသည်။ လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်သောအစီအမံများ ဆောင်ရွက်ထားပြီးဖြစ်ရာ စီမံချက်ပါအတိုင်း အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြဖို့လိုအပ်ပါသည်။

သို့ဖြစ်ရာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ပြန်လည်တည့်မတ်ထိန်းသိမ်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးကြီးသောကိစ္စများဖြစ်၍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ သစ်တောသစ်ပင် ပျိုးထောင်ထိန်းသိမ်းရေး၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလ ပိုမိုထွက်ပေါ်လာသော အမှိုက်သရိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချရေးတို့ကို အလေးအနက်စဉ်းစား ဝိုင်းဝန်းလက်တွဲ ဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံအကြောင်း ဆွေးနွေးခန်းအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ယခုအခါ အပတ်စဉ် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်းကို ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူ၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးချမ်းငြိမ်းအောင်နှင့် ဒေါ်ကြည်ပြာတို့၏ ကိုဗစ်-၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံများအကြောင်း ဆွေးနွေးခန်းအစီအစဉ်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့နယ် ဘန်းသာကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူး

**ပြင်ဦးလွင် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဟိုလိပ်ကျေးရွာအုပ်စု ဘန်းသာကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါကျေးရွာ ထရန်စဖော်မာအနီးတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အောင်မင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျေးရွာသို့ လျှပ်စစ်ဓာတ်အား စတင်ပေးခဲ့ကြောင်း သိရသည်။

ဂျိုင်းလော (သတင်းစဉ်)



## ဗန်းမော်ခရိုင်၌ ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဗန်းမော် နိုဝင်ဘာ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ငါးထုတ်လုပ်မှုနှင့် ငါးစားသုံးမှု တိုးတက်မြင့်မားလာစေရေးအတွက် ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြသိန်းသည် ယမန်နေ့က မိုးမောက်မြို့နယ်ရှိ မန်နောင်အင်းသို့ သွားရောက်၍ လက်ရှိအင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် အင်းနယ်နိမိတ် ကျောက်တိုင်များအား စစ်ဆေးခဲ့သည်။

ထို့နောက် ဗန်းမော်မြို့နယ်ရှိ သုတေသနအင်းဖြစ်သည့် မြောင်အင်းသို့သွားရောက်၍ အင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး မြောင်အင်း၏ ရေအရည်အသွေးများအား တိုင်းတာစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၁၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၁,၉၃၃ | ၁၉,၀၅၆,၁၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၄,၀၁၉ | ၁၄,၇၁၄,၇၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅၉ | ၄၈၃,၈၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၅,၀၈၄ | ၁၃,၇၂၀,၄၀၀ |
| EFR | ၃,၅၅၀ | ၃,၅၅၀ | ၈၂၄ | ၂,၉၂၈,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၃

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၅၅၀/၅၇၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၅၅ ကျပ် | ၅၃၅/၅၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၁၅ ကျပ် | ၆၅၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၂၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၁၀/၄၁၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၀/၄၂၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၄.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၀၀.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၂.၀၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၃၅၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၉.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၂၆၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၃.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၄၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ စီးပွားချောင်ကျေးရွာအုပ်စု၊ ရှော်ချောင်းကျေးရွာနေ အလယ်တန်းပြဆရာမ ဒေါ်မိုးမြတ်သူဇာသည် ၃၀-၁၀-၂၀၂၀ ရက်နေ့၌ စီးပွားချောင်ကျေးရွာအုပ်စုတွင် ကြိုတင်ဆန္ဒမဲတစ်ကြိမ်ပေးခဲ့ပြီး၊ ၃၁-၁၀-၂၀၂၀ ရက်နေ့၌ မယ်တလိုင်းကျေးရွာအုပ်စုတွင် ကြိုတင်ဆန္ဒမဲနောက်တစ်ကြိမ် ထပ်မံပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(မြောက်ပိုင်း)ခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက် မဲရုံအမှတ်(၂)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခင်မောင်စိုး၏ မဲရုံကိုယ်စားလှယ် ဒေါ်အေးမာဝင်း (ခ) မပဲပြားမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားခြင်းမဟုတ်သည့် အမှန်ခြစ်တံဆိပ်တုံးကိုပေးအပ်ခဲ့ပြီး ဒုတိယမဲရုံမှူးဒေါ်တင်တင်ဝင်းမှ အဆိုပါတံဆိပ်တုံးအား ယူဆောင်လျက် မဲဆန္ဒရှင် (၃) ဦးတို့ကို ဆန္ဒပြုစေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

၃။ အထက်ဖော်ပြပါဖြစ်စဉ်များကို ကျူးလွန်ခဲ့သည့် ကြိုတင်ဆန္ဒမဲနှစ်ကြိမ်ပေးခဲ့သူ ဒေါ်မိုးမြတ်သူဇာနှင့် အမှန်ခြစ်တံဆိပ်တုံးအတုယူဆောင်ပေးအပ်ခဲ့သူ ဒေါ်အေးမာဝင်း (ခ) မပဲပြားတို့ကို သက်ဆိုင်ရာက လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲကျင်းပပြီးကာလများတွင် ဆောင်ရွက်ရမည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်သူများက လူမှုကွန်ရက်များပေါ်၌ သတင်းမှားများ ဖြန့်ဝေနေခြင်းအားတားဆီးနိုင်ရေးကိစ္စ၊ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်ရန် လာရောက်သူများကိစ္စ၊ အရေးပေါ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ကော်မတီဝင်များ၏ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာဆီယံလူငယ်ခေါင်းဆောင်များညီလာခံသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃**

လူငယ်ခေါင်းဆောင်များဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့်ညီလာခံကို ယနေ့မွန်းလွဲပိုင်းက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံက ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ ညီလာခံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံအသီးသီးမှ လူငယ်များ၏အရေးကိစ္စကိုဆောင်ရွက်လျက်ရှိသော ဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

ညီလာခံ၌ ဗီယက်နမ်နိုင်ငံ လူငယ်ရေးရာဆိုင်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဝန်ကြီး Mr. Nguyen Anh Tuan နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Dato Lim Jock Hoi တို့က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး အာဆီယံနိုင်ငံအသီးသီးမှ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အမှာစကားပြောကြားကြသည်။




### မိတ်ဆက်ဖြန့်ချိခဲ့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့အစိုးရတက်ရောက်လာသည့် ၂၀၁၆ ခုနှစ်မှစတင်၍ လူငယ်ရေးရာမူဝါဒရေးဆွဲရေးကို ဦးစားပေးအနေဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လူငယ်ရေးရာမူဝါဒကို လူငယ်ကိုယ်စားလှယ်များ၏ အဓိကပါဝင်မှုဖြင့် ရေးဆွဲခဲ့ကြရာ ၂၀၁၇ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မိတ်ဆက်ဖြန့်ချိပေးခဲ့ပြီး လူငယ်များနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏အလေးအနက်ထားမှုကို ပြသခဲ့ပါကြောင်း၊ အဆိုပါမူဝါဒကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက်ကို ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လူငယ်များသည် ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူငယ်များအပါအဝင် စေတနာ့ဝန်ထမ်းများ၏ ဆောင်ရွက်မှုများကို အားပေးကူညီနိုင်ရန်နှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို ဖွဲ့စည်း၍ စေတနာ့ဝန်ထမ်းများအတွက် ကူညီပံ့ပိုးမှုများ၊ လိုအပ်သောသင်တန်းများ၊ လက်စွဲစာအုပ်များအပြင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများကို အသိအမှတ်ပြု ဂုဏ်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးစသည့် အနာဂတ်အတွက် အရေးပါသည့်လုပ်ငန်းစဉ်များတွင် လူငယ်များစိတ်ဝင်တစားပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိန်ခေါ်မှုများရင်ဆိုင်နေကြရာ တီထွင်ဖန်တီးမှုများ၊ ဆန်းသစ်သောအကြံဉာဏ်များနှင့် နည်းပညာအပေါ် မှီခိုအားထားရမှုများ ပိုမိုလိုအပ်လာရာ လူငယ်များ၏ အခန်းကဏ္ဍမှာ ပိုမို၍ အရေးပါလာပါကြောင်း။

မြန်မာနိုင်ငံတွင် ဒေသအသီးသီး၌ လူငယ်ကွန်ရက်များဖွဲ့စည်းထားပြီးဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် အာဆီယံနိုင်ငံအသီးသီးမှ လူငယ်များနှင့် ကူးလူးဆက်သွယ်၍ ဒေသအရေး၊ အာဆီယံအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန် အသင့်ရှိနေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်း (မြန်မာ)ကို ၂၀၁၉ ခုနှစ်က ဖွဲ့စည်းထားပြီး ယင်းအသင်းတွင် လူငယ်ကိုယ်စားလှယ်နှစ်ဦးက အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံလူငယ်ဆိုင်ရာ အတွေ့အကြုံဖလှယ်ပွဲများ၊ စွန့်ဦးတီထွင်မှု အစီအစဉ်များနှင့် ပြပွဲများကို အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သလို အာဆီယံလူငယ်ကွန်ရက်များ ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ရေးကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံကိုဆက်လက်ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အာဆီယံလူငယ်ရေးရာဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ် ရေကျော်ဓာတ်အားခွဲရုံ၊ ဝါးနက်ချောင်းဓာတ်အားခွဲရုံ၊ ထန်းတပင်မြို့နယ်ရှိ ကျူတောဓာတ်အားခွဲရုံနှင့် တက်သစ်ကျွန်းဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



ဓာတ်ပုံ- မြင့်မောင်စိုး

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေကျော်ဓာတ်အားခွဲရုံ၊ ဝါးနက်ချောင်းဓာတ်အားခွဲရုံနှင့် ထန်းတပင်မြို့နယ် ကျူတောဓာတ်အားခွဲရုံ၊ တက်သစ်ကျွန်းဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲအခမ်းအနားများကို ယနေ့တွင် အဆိုပါဓာတ်အားခွဲရုံများ၌ ကျင်းပသည်။

ရှေးဦးစွာ မှော်ဘီမြို့နယ် 33/11 KV, 5 MVA ရေကျော်ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် 33/11 KV, 5 MVA ဝါးနက်ချောင်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် ထန်းတပင်မြို့နယ်ရှိ 33/11 KV, 5 MVA ကျူတောဓာတ်အားခွဲရုံ ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေအသုံးပြု၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သော ဓာတ်အားခွဲရုံ ၁၃ ရုံအနက် မြောက်ပိုင်းခရိုင်အတွင်း တည်ဆောက်ရန်ဖြစ်သော ဓာတ်အားခွဲရုံ ခြောက်ရုံမှာ ပြီးစီးပြီး မှော်ဘီမြို့နယ်ရှိ 33/11 KV, 5 MVA ခွဲရုံများဖြစ်သည့် ရေကျော်ဓာတ်အားခွဲရုံ၊ ဝါးနက်ချောင်းဓာတ်အားခွဲရုံ နှစ်ရုံနှင့် ယခုထန်းတပင်မြို့နယ်အတွင်းရှိ 33/11 KV, 5 MVA ခွဲရုံများဖြစ်သည့် ကျူတောဓာတ်အားခွဲရုံနှင့် တက်သစ်ကျွန်းဓာတ်အားခွဲရုံတို့ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့တွင် 33/11 KV, 5 MVA ဓာတ်အားခွဲရုံ စုစုပေါင်း လေးရုံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ပူးပေါင်းပြီး မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများတည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာ မီးလင်းခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၆၉ ရွာ ထပ်မံမီးလင်းခဲ့ရာ ၆၄ ရာခိုင်နှုန်းခန့် လျှပ်စစ်ဓာတ်အား ရရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း၄၉၆ ရွာ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၄ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ၃၅၅ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးရန် စီစဉ်ထားရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများအားလုံး ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ လျှပ်စစ်မီးထပ်မံရရှိသွားသည့် ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစစ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျူတောဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး ထန်းတပင်မြို့နယ်ရှိ 33/11 KV, 5 MVA တက်သစ်ကျွန်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ခွဲရုံအတွင်း လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြု ပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စစ်ဆေးစဉ်။

**❂ ကျောဖုံးမှ**

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ခုနစ်ခေါက် ၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သုံးခေါက်ရောက်ရှိသည်။

ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Boots များနှင့် PPE Medical Protective clothing များဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဆူရိဘုန်လေဆိပ်သစ်သို့ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ရန် လေကြောင်းလိုင်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ထားသည့် ဆူရိဘုန်လေဆိပ်သစ်သို့ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ရန်အတွက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သက်ဆိုင်ရာလေကြောင်းလိုင်းများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနကနေ ဦးစီးဦးဆောင်ပြုပြီးတော့ သက်ဆိုင်ရာ ပြည်တွင်းလေကြောင်းလိုင်းတွေရဲ့လိုအပ်ချက်နဲ့ ဒေသတွင်းခရီးသွားပြည်သူများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ်ကာလမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့လမ်းညွှန်ချက်အပေါ်မူတည်ပြီး ဆူရိဘုန်လေဆိပ်သစ်ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြောသည်။

ချင်းပြည်နယ်သို့ သွားလာရလွယ်ကူစေရန်၊ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချင်းပြည်နယ် ဖလမ်းမြို့၌ ဆူရိဘုန်လေဆိပ်သစ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ လေဆိပ်သစ်မှာ ဖလမ်းမြို့ ဆူရိဘုန်တောင်ကြော ဖလမ်းမြို့၏ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၀၀၀ ၌ တည်ဆောက်ထားခြင်း ဖြစ်သည်။

အဆိုပါ ဆူရိဘုန်လေဆိပ်၌ ပထမဆုံး လေယာဉ်စမ်းသပ် ဆင်းသက်ခြင်းအား အောက်တိုဘာ ၂၇ ရက်က မြန်မာအမျိုးသားလေကြောင်းမှ ATR 72-600 လေယာဉ်ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး လေဆိပ်သစ် တည်ဆောက်ရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြေပြင်ကွင်းဆင်း လေ့လာတိုင်းတာခြင်း၊ ရာသီဥတုလေ့လာခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများ စတင်ခဲ့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၇ ခု နှစ်ဦးပိုင်းမှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ် ၃၅ ဒသမ ၁၉၁ ဘီလီယံ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - သတင်းစဉ်**



**သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့**

# ကမ္ဘောဇဘဏ်က ပေါင်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

ပေါင် နိုဝင်ဘာ ၃

ကမ္ဘောဇဘဏ်က အောက်တိုဘာ ၂၉ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ ပေးအပ်လှူဒါန်းသည်။

**လှူဒါန်း**

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ်(ပေါင်မြို့) ဘဏ်ခွဲမန်နေဂျာ ဒေါ်ဝေဝေခင်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံး နှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ပြည်သူ့ဆေးရုံသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ကြည်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၈၆၅၄ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍ နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

ကိုကျော်

## မဲရုံကိုသွားလို့ မဲပေးကြပါစို့

❖ ကိုယ့်ခွင့် ကိုယ်ပိုင် လုပ်ဆောင်နိုင်ဖို့ မဲပေးရွေးချယ်ကြပါစို့။
❖ ကိုယ့်မျှော်လင့်မှု သက်သေပြုဖို့ မဲပေးရွေးချယ်ကြပါစို့။
❖ ပြည်သူ့ကိုယ်စား ပြည်သူ့ကိုယ်ပွား ကိုယ်စားလှယ်များ ပေါ်ထွန်းစေဖို့ မဲပေးရွေးချယ်ကြပါစို့။
❖ ဒို့ပြည်အနာဂတ် ဒို့ဆုံးဖြတ်ဖို့ (အို . . နောင်ညီတို့ ) မဲရုံကို သွားလို့ မဲပေးကြပါစို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခဲ့ကြသူများ၏ မှုဝေစကားသံများ

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှစတင်၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်အညီ မဲရုံများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင်လည်း ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့လာရောက်၍ လျှို့ဝှက်ဆန္ဒပြု မဲပေးလျက်ရှိကြသည်။



ဦးထွန်းရွှေ



ဦးမောင်မောင်လေး



ဒေါ်မြသီတာကျော်



ဒေါ်ကြည်



ဒေါ်သီသီထွန်း

ထို့ကြောင့် ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ ကြိုတင်ဆန္ဒမဲပေးခဲ့မှုအတွေ့အကြုံများကိုလည်းကောင်း ရေးသားဝေမျှ လိုက်ရပါသည်။

**ဦးထွန်းရွှေ**
**(မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ဝေးမြို့)**

ကျွန်တော့်အနေနဲ့ မဲရုံတွေမှာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနဲ့အညီ Social Distancing ဖြစ်အောင် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေတွေကို လိုက်လံစစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးလို့ ဆောင်ရွက်ထားခြင်းမရှိခဲ့ရင် လိုအပ်တဲ့အကြံဉာဏ်တွေပေးပြီး ပြုပြင်ပေးပါတယ်။ အဓိကအနေနဲ့ မြို့ပေါ်မှာရှိတဲ့ မဲရုံတွေကို အရင်စစ်ဆေးပြီး ကျေးရွာအုပ်စုတွေကို ဆက်လက်ကွင်းဆင်းပြီးတော့ စစ်ဆေးသွားမှာဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ရဲ့ ညွှန်ကြားချက်အရ မဲရုံတွေကို နိုဝင်ဘာ ၅ ရက်အထိ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဆက်လက်စစ်ဆေးကြပ်မတ် အကြံဉာဏ်တွေ ပေးသွားမှာပါ။

မဲလာပေးတဲ့သူတွေရဲ့ လုံခြုံရေးအတွက် မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီနဲ့ ကျေးရွာအုပ်စု လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီတို့ ဖွဲ့စည်းထားပါတယ်။ ကြိုတင်မဲပေးတဲ့ကာလမှာလည်း မဲရုံတစ်ရုံစီမှာ အထူးရဲတစ်ယောက်စီ ခန့်အပ်ထားပါတယ်။ ကြိုတင်မဲတွေကို အားကြိုးမာန်တက်နဲ့ လာရောက်ပေးကြတဲ့ ပြည်သူတွေကို တွေ့မြင်ရပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ မဲပေးကြဖို့ အကြံပြုချင်ပါတယ်။

**ဦးမောင်မောင်လေး**
**(ဥက္ကဋ္ဌ၊ အမှတ်(၄)ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ လယ်ဝေးမြို့နယ်)**

အသက်(၆၀)နဲ့အထက်ရှိသူတွေ၊ အစိုးရဝန်ထမ်း၊ မကျန်းမာသူ၊ မသန်စွမ်းသူနဲ့ မဲပေးရမယ့်နေ့မှာ အကြောင်းအမျိုးမျိုးကြောင့် မဲရုံကို မလာရောက်နိုင်တဲ့ မဲဆန္ဒရှင်တွေအနေနဲ့ အထောက်အထားခိုင်လုံစွာပြနိုင်ရင် ကြိုတင်မဲပေးခွင့်ပြုထားပါတယ်။ နောက်ပြီး အခုက ကိုဗစ်ရောဂါကာလဖြစ်တဲ့အတွက်မဲပေးဖို့လာတဲ့သူတွေကို ဝင်ပေါက်မှာ လက်သန့်ဆေးရည်ဖျန်းပေးပြီး နှာခေါင်းစည်းတွေ လဲလှယ်ခိုင်းပါတယ်။ ဒီလိုအဆင့်တွေ ဆောင်ရွက်ပြီးမှ မဲပေးစေပါတယ်။ မဲရုံကို လာရောက်ကြိုတင်မဲမပေးနိုင်တဲ့သူတွေအတွက်လည်း ကွင်းဆင်းပြီး အိမ်တိုင်ရာရောက် မဲပေးနိုင်အောင် လိုက်လံဆောင်ရွက်ပေးပါတယ်။ နောက်ပြီး မဲလာပေးတဲ့သူတွေ မဲပေးရာမှာ အခက်အခဲမရှိအောင်လည်း ကျွန်တော်တို့အနေနဲ့ ကူညီဆောင်ရွက်ပေးပါတယ်။ ဖြည့်စွက်ပြောချင်တာကတော့ ပြည်သူတွေအနေနဲ့ မပျက်မကွက် မဲပေးကြပါလို့ အကြံပြုချင်ပါတယ်။

**ဒေါ်မြသီတာကျော်**
**(မဲဆန္ဒရှင်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ကျန်းမာရေးအခြေအနေအရ ကြိုတင်ဆန္ဒမဲပေးခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ ဇာတိက ဇန်းမော်မြို့က ဖြစ်ပါတယ်။ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ ရောက်ရှိနေတာ တစ်နှစ်ကျော်ပါပြီ။ မဲပေးတဲ့ကာလမှာ ဇန်းမော်မြို့ကိုပြန်ပြီး မဲပေးဖို့စီစဉ်ထားပေမယ့် ကိုဗစ်ရောဂါ အခြေအနေတွေကြောင့် ပြန်လို့မရတဲ့အတွက် နေပြည်တော်မှာပဲ မဲပေးနိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ မဲပေးဖို့ လျှောက်လွှာတင်တာတွေ လုပ်တဲ့အခါမှာလည်း လွယ်ကူမြန်ဆန်မှုရှိပါတယ်။ မဲပေးရတာ လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလုံခြုံမှုရှိတဲ့အတွက် ကျေနပ်ပါတယ်။ မဲရုံမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ဆောင်ရွက်ထားရှိထားတာကိုလည်း တွေ့ရှိရပါတယ်။

**ဒေါ်ကြည်**
**(မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

အဒေါ်က အသက် ၆၀ ကျော်လို့ မဲလာပေးတာ ဖြစ်ပါတယ်။ မဲရုံရောက်တဲ့အခါမှာလည်း နှာခေါင်းစည်းတွေနဲ့ တစ်ခါသုံးလက်အိတ်တွေ ဖြန့်ဝေတဲ့အပြင် လက်သန့်စင်စေဖို့ကိုလည်း မဲရုံတာဝန်ရှိသူတွေက ဆောင်ရွက်ပေးပါတယ်။ အဘွားအနေနဲ့လည်း မဲမပေးခင်မှာ လိုက်နာဆောင်ရွက်ရမယ့် ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေကို ကြိုတင်လေ့လာထားတဲ့အတွက် မဲပေးရာမှာ လွယ်ကူမှုရှိပါတယ်။ မဲပေးတဲ့အခါမှာလည်း ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို စိတ်ကြိုက် မဲပေးခွင့်ရတဲ့အတွက် စိတ်ကျေနပ်မှု အပြည့်အဝ ရှိပါတယ်။ အခုလို ကိုဗစ်ရောဂါဖြစ်နေတဲ့ကာလမှာ အဒေါ်တို့လို သက်ကြီးရွယ်အိုတွေအတွက် ကြိုတင်မဲပေးနိုင်အောင် နိုင်ငံတော်က စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေါ်သီသီထွန်း**
**(မဲဆန္ဒရှင်၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ဝန်ထမ်းတစ်ယောက် ဖြစ်ပါတယ်။ နိုဝင်ဘာ ၈ ရက်မှာကျင်းပမယ့် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ဒုတိယမဲရုံမှူး တာဝန်ကျတဲ့အတွက် ကြိုတင်မဲပေးရခြင်း ဖြစ်ပါတယ်။ မဲမပေးခင်မှာ ကိုဗစ်- ၁၉ ရောဂါနဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းချက်တွေကို ကြိုတင်လေ့လာထားသလို ကျွန်မရဲ့ပတ်ဝန်းကျင်ကလူတွေ သိရှိအောင်လည်း မျှဝေပေးပါတယ်။ ကြိုတင်မဲသွားထည့်တဲ့အခါမှာလည်း အခက်အခဲမရှိအောင် မဲရုံတာဝန်ရှိသူတွေက လိုအပ်တာတွေ ကူညီပေးတဲ့အပြင် တစ်ခါသုံး နှာခေါင်းစည်းနဲ့ လက်အိတ်တွေလည်း ဖြန့်ဝေပေးတဲ့အတွက် ကျန်းမာရေးအရ စိတ်ချလုံခြုံမှုရှိပါတယ်။ ကြိုတင်မဲပေးပြီး နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။

သတင်း - အောင်မင်းသန့်
ဓာတ်ပုံ - ကျော်ဇင်ထိုက်

# ကံ့ကော်ရိပ်က လွမ်းပုံပြင်

ရွှေကြည်လွင်(မြန်မာစာ)

မြကျွန်းညိုညို ကွန်းခိုရာ ဤတက္ကသိုလ်မြေမှာ ကံ့ကော်တို့ဝေမြဲ၊ စိန်ပန်းတို့ဝေဆဲ၊ ငုဝါ၊ ပိတောက်တို့ ပွင့်မြဲပွင့်ဆဲပင် ဖြစ်သည်။ နှစ်လကြာညောင်း အချိန်တွေ အလီလီပြောင်းသော်လည်း အတိတ်နယ်က အရိပ်တို့သည် နုပျိုဆဲ၊ လတ်ဆတ်ဆဲဖြစ်သည်။ တွေးမိတိုင်း လွမ်းတ၊ မျှော်မိတိုင်း မှန်းဆနေရပေသည်။

ကျွန်တော်သည် ငယ်စဉ်ကပင် နိုင်ငံ၏ အထင်ကရ ရန်ကုန်တက္ကသိုလ်ကို ရောက်ဖူးချင်ခဲ့သည်၊ မြင်ဖူး၊ တွေ့ဖူးချင်ခဲ့သည်။ ရောက်ချင်သည့်အိပ်မက် မကြာမကြာမက်ခဲ့သည်။ စိတ်၏စေစားရာအတိုင်း ၂၀၀၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်မြေကို ခြေချခွင့်ရခဲ့သည်။ မက်ခဲ့သောအိပ်မက်သည် အသက် ၃၀ ရောက်မှ ဆန္ဒပြည့်ခဲ့ရသည်။ လောက၏ အောင်မြင်မှုအစုစုသည် စိတ်ကူးအိပ်မက်ကစခဲ့သည် မဟုတ်ပေလော။

ကျွန်တော်သည် ၂၀၀၃ ခုနှစ်မှ၂၀၂၀ ပြည့်နှစ်အထိ ၁၇ နှစ်တာကာလပတ်လုံး ရန်ကုန်တက္ကသိုလ်၏ အရိပ်ကိုမပြတ်ခိုလှုံရင်း ဆရာကြီး ဆရာမကြီးများ၏ ဩဝါဒများကိုခံယူကာ ပညာရည်နို့သောက်စို့ခဲ့သည်။ သင်ယူ၍ မကုန်နိုင်သော ပညာသမုဒ္ဒရာအတွင်း၌ လက်ပစ်ကူးဆဲ၊ တောင်ငူဆောင် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။ “အနေကြာကြာ၊ အသာမိုးမိုး၊ ချစ်တိုးလွန်မြတ်၊ သွေးသားထပ်၍၊ ကိုယ့်ရပ်ကိုယ့်မြေ၊ တွယ်တာပေ၏”ဟု ကဗျာဆရာ “နောင်” ၏ “နှင်းကိုမြင်ခိုက်” ကဗျာထဲကကဲ့သို့ပင် ဤတက္ကသိုလ်မြေမှာ အနေကြာလာသည်နှင့်အမျှ သံယောဇဉ်ကြိုးက ရစ်ပတ်တိုးခဲ့ရသည်။

**စတင်သန္ဓေတည်ခဲ့**

ရန်ကုန်တက္ကသိုလ်ကြီးသည် နှင်းများကျနေသော ဆောင်းလရာသီ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က စတင်သန္ဓေတည်ခဲ့သည်။ အေးမြသော အတိတ်နိမိတ်ကို ယူကာ တည်ဆောက်ခဲ့သောကြောင့် အေးချမ်းသာယာပြီး ဂုဏ်ကျက်သရေတင့်တယ်စွာ တည်ရှိနေသည်။ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် ၁၀၀ တင်းတင်း ပြည့်လေပြီ။ ကံထူးစွာ ရာပြည့်နှင့်ကြုံရ၍ ရင်ထဲ၌ ပျော်ရွှင်ကြည်နူးမိသည်။ တက္ကသိုလ်၏ အရိပ်ကိုလှုံ၊ မေတ္တာကိုခြုံခဲ့ဖူးသော သူတို့ရင်ထဲ လွမ်းဆွေးမှုအဖုံဖုံ၊ လွမ်းနည်းစုံစုံနှင့် လွမ်းကြပေလိမ့်မည်။

မြန်မာ့သမိုင်းကြောင်း ပြန်ပြောင်းကြည့်လျှင် ၁၈၈၅ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ ၃၅ နှစ်တာကာလတွင် မြန်မာတစ်မျိုးသားလုံး သေစ်တုံး၊ ငခွေးငနွားများကဲ့သို့ ကျွန်နင်းပြားဘဝနှင့် နေခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်မှစ၍ ပြန်လည်ခေါင်းမော့နိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးဟူသော အသီးအပွင့်ကို စားသုံးကြရခြင်းသည် ဤမြေ၏ ကျေးဇူးဖြစ်လေသည်။ နိုင်ငံ့ခေါင်းဆောင် အသီးသီး၊ ပညာရှင်အသီးသီး၊ သံတမန်အသီးသီး၊ မျိုးချစ်ပုဂ္ဂိုလ်



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးနှင့် အဓိပတိလမ်း။ ဓာတ်ပုံ-မြင့်မောင်မောင်

အသီးသီးတို့ကို ဤမြေက မွေးထုတ်ပေးခဲ့သည်။ သခင်ကိုယ်တော်မှိုင်း၏ ယူနီဗာစီတီဘွဲ့လေးချိုးကြီးကို သတိရမိသည်၊ ဗိုလ်ချုပ်အောင်ဆန်းကို တမ်းတမိသည်၊ ဦးသန့်ကို မြင်ယောင်မိသည်၊ ဗိုလ်အောင်ကျော်၏ ပုံရိပ်က အတွေးသို့ ဝင်ရောက်လာသည်။ ဤသို့အတိတ်သမိုင်းအလှနှင့် ပြည့်စုံသောဤမြေသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲ၌ ကိန်းဝပ်နေသော အမြဲတေရတနာတစ်ပါးပင် ဖြစ်ခဲ့သည်။

**တက္ကသိုလ်အားလုံးတို့၏ မိခင်**

မြကျွန်းညိုညို တေးသီချင်းမှ စာသားသံစဉ်တချို့ နားထဲရောက်လာခဲ့သည်။ “မြစ်ချောင်းငယ်ဖြာဖြာ.. ရေပြောပြာ.. သမုဒ္ဒရာမှာ.ပေါင်းဆုံ” ဟူသကဲ့သို့ပင် ရန်ကုန်တက္ကသိုလ်ကြီးသည် တက္ကသိုလ်အားလုံးတို့၏ မိခင်ဖြစ်သည်။ ထို့အတူ ၁၃၅ မျိုးသော တိုင်းရင်းသားတို့ ပညာ အမွေအနှစ်များ ရှာမှီးရာဌာနကြီးလည်းဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်ရေးကို ပေါင်းစည်းပေးရာနေရာလည်း ဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် အသီးသီး၌ ပညာအမျိုးမျိုးကို ရှာဖွေရာဌာနကြီးလည်း ဖြစ်သည်။

“ရေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့ ” ဟူသကဲ့သို့ပင် ဆရာဆရာမများက တပည့်တို့အပေါ် နာသုံးနာရှေ့ထား၊ တာဝန်ဝတ္တရားများဖြင့် သင်ကြားပို့ချပေးခဲ့ကြသည်။ သစ်ပင်ပန်းမန်တို့သည် သဘာဝကောင်း၊ ရေကောင်းမြေကောင်းမှီရလျှင် ပိုမိုရှင်သန်ဖွံ့ဖြိုးသကဲ့သို့ သူတို့သည်လည်း ပညာရပ်အသီးသီးမှာ ထူးချွန်ပေါက်မြောက်ခဲ့ကြသည်။ နိုင်ငံအနှံ့အပြားရှိ ဌာနအသီးသီးသို့သွားကာ ကျရာ တာဝန်ကို ကျေပွန်စွာထမ်းရွက်ကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ထူထောင်နေကြသည်မှာ ငယ်ငယ်က ကခဲ့ရသော“အသီးတစ်ရာ အညှာတစ်ခု” သီချင်းကိုမြင်ယောင်၊ ကြားယောင်မိပါသည်။ ဤသို့ ကံ့ကော်တောမှာ အိပ်မက်ရှည် မက်နေသရွေ့ တက္ကသိုလ်မြေ နေဝင်မည်ကို စိုးရိမ်စရာမလိုတော့ပေ။

စာမျက်နှာ ၇ သို့ ❖



တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဓာတ်ပုံရိုက်ရာ အမှတ်တရတစ်ခုဖြစ်သည့် ရန်ကုန်တက္ကသိုလ် အဝင်မုခ်ဦး။ ဓာတ်ပုံ- မြင့်မောင်မောင်

နိုင်ငံ့ခေါင်းဆောင် အသီးသီး၊ ပညာရှင် အသီးသီး၊ သံတမန်အသီးသီး၊ မျိုးချစ် ပုဂ္ဂိုလ်အသီးသီးတို့ကို ဤမြေက မွေးထုတ် ပေးခဲ့သည်။ သခင်ကိုယ်တော်မှိုင်း၏ ယူနီဗာစီတီဘွဲ့လေးချိုးကြီးကို သတိရမိ သည်၊ ဗိုလ်ချုပ်အောင်ဆန်းကို တမ်းတမိ သည်၊ ဦးသန့်ကို မြင်ယောင်မိသည်၊ ဗိုလ်အောင်ကျော်၏ပုံရိပ်က အတွေးသို့ ဝင်ရောက်လာသည်။ ဤသို့ အတိတ်သမိုင်း အလှနှင့်ပြည့်စုံသောဤမြေသည် မြန်မာ တစ်မျိုးသားလုံး၏ ရင်ထဲ၌ကိန်းဝပ်နေ သော အမြဲတေရတနာတစ်ပါးပင်။

❖ စာမျက်နှာ ၆ မှ

### ဂုဏ်သရေကြီးသော ရှေးမြန်မာကြီးနှင့်တူ

တက္ကသိုလ်၏ အဝင်ဝဆိုင်းဘုတ်သည် ဣန္ဒြေကြီးနှင့် ငုတ်တုတ်ထိုင်လျက် ဝင်၊ ထွက်သူအပေါင်းကို အပြုံးချိုချိုနှင့် တည်ငြိမ်အေးချမ်းစွာ ကြိုဆိုနှုတ်ဆက်လျက်ရှိပေသည်။ ပကာသနမဖက်၊ သဘာဝသက်သက်နှင့် ရိုးသားမှုဂုဏ်က ပေါ်လွင်လှသည်။ လေမိုးဒဏ်ခံရသော်လည်း စိုးမရွံ့၊ တွန့်မတုန်ဘဲ တည်ငြိမ်သည့်ဟန်က တက္ကသိုလ်၏ ပြယုဂ်ပင်ဖြစ်သည်။ ထိုမှအဝင် အဓိပတိလမ်းမကြီးက မျက်စိတစ်ဆုံးဖြောင့်တန်းလျက်။ ထိုအထက် မဟူရာကတ္တီပါကော်ဇောကို ခင်းထားလေသည့်အလား။ တက္ကသိုလ်ကြီးကို ကျွမ်းလျက်အနာဂတ်အတွက် လှမ်းတက်မည့်သူကို မျှော်လင့်နေသည့်ဟန်။ ထိုမှအဆုံး ဘွဲ့နှင်းသဘင်ဆောင်ကြီးက ခံ့ခံ့ထည်ထည်နှင့် တက္ကသိုလ်အဝင်ဝကို မျက်နှာမူလျက်ရှိသည်။ အညိုရောင်အဆင်း၊ မျက်နှာလေးထောင့်ကျကျနှင့် တကယ့်တည်ငြိမ်ခံ့ညားသည့် ဟန်နှင့်ပေါ့။ သူ့အဆင်းနှင့် သူ့အသွင်မှာ ဂုဏ်သရေကြီးသော ရှေးမြန်မာကြီးနှင့်ပင် တူလေသည်။ ဟုတ်စွ။ ပညာတစ်ခု ပြီးမြောက်တိုင်း ဝင်ရောက်ကာ ကတိသစ္စာပြုရာ နေရာ။ သစ္စာပြုပြီးသူတို့ကို ဘဝမြင့်စေရန် သိဒ္ဓိတင်ပေးသောနေရာ။ တစ်ဘွဲ့ပြီးမြောက်တိုင်း ဖြတ်ကျော်ရသည့်နေရာ။ အားလုံး၏အလှပဆုံးကို တွေ့နိုင်သည့်နေရာ။ ဤနေရာကား ဘွဲ့နှင်းသဘင်ဖြစ်ပေသည်။

စစ်ကိုင်းလမ်းနှင့် ယူအယ်လ်ဘီ၊ ပုဂံလမ်းနှင့် ဘွဲ့နှင်းသဘင်၊ ဂျပ်ဆင်လမ်းနှင့် ဒဂုံလမ်းတို့က အဓိပတိလမ်းမကြီး၏ ကိုယ်ပွားအကိုင်းအလက်များ ဖြစ်ကြသည်။ သူတို့က တက္ကသိုလ်ရိပ်မြုံ ခိုလှုံသူအပေါင်းကို အလိုပါရမီဖြည့်ကာ ထမ်းရွက်ပေးခဲ့ကြသည်။ ထိုလမ်းမတို့ပေါ်တွင် ပျော်ခဲ့ကြသည်၊ အော်ခဲ့ကြသည်၊ ကခဲ့ကြသည်၊ တခဲ့ကြသည်၊ ဆိုခဲ့ကြသည်၊ ငိုခဲ့ကြသည်၊ ထွေးခဲ့ကြသည်၊ နွေးခဲ့ကြသည်၊ တွဲခဲ့ကြသည်၊ နွဲ့ခဲ့ကြသည်၊ လွမ်းခဲ့ကြသည်၊ ကျွမ်းခဲ့ကြသည်။

ဩော်အတိတ်က အရိပ်တို့ ရင်ထဲရှင်သန်ဆဲပါ။ ထိုလမ်းအသွယ်သွယ်တို့၏ ဝဲ၊ ယာ တစ်ဖက်တစ်ချက်တွင် စိမ်းညို့ညို့တောတန်းကို နောက်ခံပြု၍ ဖြူလွလွမီးတိုင်များက ညီညီညာညာ စနစ်တကျရှိလျက်။ ဝင်ရောက်လာသူအပေါင်းကို ညွတ်ကိုင်း၍ အရိုအသေပေးနေသယောင်။ စိမ်းစိုစို၊ မှိုင်းပျပျသစ်ပင်ပန်းမန်တို့ကလည်း အချိုးကျကျ ပေါက်ရောက်နေသည်မှာ ကြည်နူးစရာ။ လေပြည်လေနုအေးများက စွေ့ခနဲအဝေ့ ပန်းပေါင်းစုံရနံ့တို့က မူးမေ့မတတ် ကြိုင်လှိုင်သင်းပျံ့နေပေသည်။ မြတ်လေး၊ စွယ်တော် ၊ ကံ့ကော်၊ စိန်ပန်း၊ သော်ကပန်းနှင့် မေတ္တာနန်းထက် လှမ်းတက်ခဲ့ကြဖူးလိမ့်မည်။ တညင်း၊ သရက်၊ ပိန္နဲ၊ ငုဝါ၊ ပိတောက်နှင့် သစ္စာထောက်ခဲ့ကြဖူးလိမ့်မည်။

ပုဏ္ဏရိက်ဖြာ ရေတမာတန်း ခုံပြာနန်းမှာ ချစ်သဒ္ဓါပို ၊ သကာချို စကားပြောခဲ့ကြဖူးပေလိမ့်မည်။ ဖွားဖက်တော်ပင်သစ်ပုပ်အောက် ကတောက်ကဆတ်ကြောင့် ကျပျောက်ခဲ့သည့် မေတ္တာပြန်ကောက်ခဲ့ကြဖူးပေလိမ့်မည်။ ဂျပ်ဆင်အိုနှင့် ချစ်သူလမ်းကြား လွမ်းစကားများ ပြောခဲ့ကြပေလိမ့်မည်။ ဤလမ်း၊ ဤစခန်းများထက်က ချစ်တေးကဗျာနှင့် ပုံပြင်များက မရေမတွက်နိုင်။ လွမ်းခဲ့ကြပေလိမ့်မည်၊ ကျွမ်းခဲ့ကြပေလိမ့်မည်။

### သမိုင်းပုံပြင်အလှများ ပြည့်နှက်၍နေ

ဝိဇ္ဇာ၊ သိပ္ပံခန်းမဆောင်များနှင့် တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့ကလည်း ကျက်သရေဆောင်ကာ ပြည့်မျက်စိကို ဖွင့်ပေးလျက်ရှိသည်။ ဒေသအဖုံဖုံ လူမျိုးစုံတို့ ခိုနားရာ အဆောင်ဆောင်အနန်းနန်းတို့ကလည်း ပြောမဆုံးပေါင် တောသုံးထောင်ဟူသကဲ့သို့ အလှဖြာသည့် ချစ်စရာ့ တေးကဗျာနှင့် လှပသည့် သမိုင်းပုံပြင်များ ရှိကြသည်။ သူရဲကောင်းများ ထွန်းကားရာ၊ ပညာရှင်များဖွားမြင်ရာ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ပဲခူး၊ ရွှေဘို၊ ဒဂုံ စသည့် အမျိုးသားအဆောင်များက ထည်ဝါခမ်းနားစွာ ရှင်သန်လျက်ရှိပေသည်။ တစ်ပတ်လျှိ ဆံထုံးထက် တစ်ပွင့်ပန်းပန်ပြီး လက်ရှည်အင်္ကျီ ဖြူဖြူလေးဝတ်ဆင်ကာ ဣန္ဒြေရရ လှလှပပနှင့် လျှောက်လှမ်းလာသော ကျက်သရေနှင့် ပြည့်စုံသော မြင်သူငေးလောက်သည့် မြန်မာမလေးများနေထိုင်ရာ အင်းလျား၊ သီရိစသည့် အမျိုးသမီးဆောင်များကလည်း လှဆဲ၊ ပဆဲ၊ နုပျိုလန်းဆန်းဆဲပင် ဖြစ်လေသည်။ ထက်မြက်သည့် မိန်းမကောင်း၊ မိန်းမမြတ်တို့ ပေါ်ထွက်ရာ မိန်းမလှကျွန်းပင် ဖြစ်ပေသည်။ ဤ မြေမြတ်မြေသန့်များ၌ ပြောမကုန်နိုင်သော သမိုင်းပုံပြင်အလှများ ပြည့်နှက်၍နေပါသည်။

ဤတက္ကသိုလ်ကြီးသည် အနှစ်တစ်ရာတိုင်တိုင် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်ခဲ့ပေပြီ။ အတိတ်သမိုင်း၊ အတိတ်ပုံပြင်များနှင့် ခံ့ထည်နေသော ဤတက္ကသိုလ်ကြီးကို သံယောဇဉ်တွယ်ငြိခဲ့ပေသည်။ အင်းလျားအဆောင်သူကိုလည်း မြင်ယောင်ကြပေလိမ့်မည်။ အဓိပတိလမ်းကလူနှင့် ခြေရာများကိုလည်း တမ်းတကြပေလိမ့်မည်။ ကျောင်းဖွင့်ချိန်ကိုလည်း မျှော်လင့်နေကြရင်း ကျောင်းတက်ချင်တယ်ဟူ၍လည်း ညည်းညူနေကြပေလိမ့်မည်။ နွေဦးပုံပြင်ကို ရွတ်ဆိုရင်း ဂျပ်ဆင်ထိပ်က လရိပ်ပြာကို လွမ်းနေကြပေလိမ့်မည်။ တက္ကသိုလ်က ငွေလမင်းကိုလည်း တွေ့ချင်ကြပေလိမ့်မည်။ ကျွန်ုပ်အတွက်တော့ တက္ကသိုလ်မြေ နေဝင်မှာစိုးရင်း ကံ့ကော်ရိပ်က လွမ်းပုံပြင်များကို နားထောင်ကာ ဤတက္ကသိုလ်ကြီး အနှစ်တစ်ရာမှသည် နှစ်ပေါင်းထောင်သောင်းတိုင်အောင် ရှင်သန်ပါစေသားဟု ဆုတောင်းရင်းနှင့်သာ .........။ ။



ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းဘေးရှိ ကံ့ကော်ပင်တန်း။ ဓာတ်ပုံ- မြင့်မောင်မောင်

**စစ်ကိုင်းလမ်းနှင့် ယူအယ်လ်ဘီ၊ ပုဂံလမ်းနှင့် ဘွဲ့နှင်းသဘင်၊ ဂျပ်ဆင်လမ်းနှင့် ဒဂုံလမ်းတို့က အဓိပတိလမ်းမကြီး၏ ကိုယ်ပွားအကိုင်းအလက်များ ဖြစ်ကြသည်။ သူတို့က တက္ကသိုလ်ရိပ်မြုံ ခိုလှုံသူအပေါင်းကို အလိုပါရမီဖြည့်ကာ ထမ်းရွက်ပေးခဲ့ကြသည်။ ထိုလမ်းမတို့ပေါ်တွင် ပျော်ခဲ့ကြသည်၊ အော်ခဲ့ကြသည်၊ ကခဲ့ကြသည်၊ တခဲ့ကြသည်၊ ဆိုခဲ့ကြသည်၊ ငိုခဲ့ကြသည်၊ ထွေးခဲ့ကြသည်၊ နွေးခဲ့ကြသည်၊ တွဲခဲ့ကြသည်၊ နွဲ့ခဲ့ကြသည်၊ လွမ်းခဲ့ကြသည်၊ ကျွမ်းခဲ့ကြသည်...**

**ဩော်အတိတ်က အရိပ်တို့ ရင်ထဲရှင်သန်ဆဲပါ.......**



ရန်ကုန်တက္ကသိုလ်ဝန်းကျင် အင်းလျားကန်နှင့် စိန်ပန်းအလှ။ ဓာတ်ပုံ- မြင့်မောင်မောင်



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ❖ အမည်ရင်းမှာ ဆန်းလွင် ဖြစ်သည်။
- ❖ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရွာတန်းရှည်(ထပ်ပိုး)ကျေးရွာတွင် အဘ ဦးလှရွှေ၊ အမိ ဒေါ်ကြည်တို့က ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၅ရက်(အင်္ဂါနေ့)တွင် မွေးဖွားခဲ့သည်။
- ❖ အခြေခံပညာကို (အမက - ၃၆)ငွေ့အိုင့်ကျောင်းတွင် သင်ယူခဲ့သည်။
- ❖ တက္ကသိုလ်ဝင်တန်းကို အထက(၆) ဖလံကျင်းကျောင်းမှ အောင်မြင်ခဲ့သည်။
- ❖ မိတ္ထီလာတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရရှိကာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့တို့ကို ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ရရှိခဲ့သည်။
- ❖ ဆန်းလွင်၊ ဆန်းလွင်(မြန်မာစာ)၊ ကိုကြီးဆန်း(မြန်မာစာ)၊ ရွှေကြည်လွင် (မြန်မာစာ) ကလောင်အမည်များဖြင့် စာပေရေးသားလျက်ရှိသည်။
- ❖ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**အစီအစဉ်မှူး**။ ။ ကိုဗစ် – ၁၉ ဖြစ်ပွားမှုဟာ တဖြည်းဖြည်း ကာလရှည်ကြာလာတာနဲ့အမျှ အကန့်အသတ်တွေနဲ့ နေထိုင်ကြရတဲ့ ပြည်သူတွေအကြားမှာ ငြီးငွေ့မှုတွေ၊ စိတ်ပျက်အားငယ်မှုတွေလည်း ဖြစ်လာနေကြမှာပါ။

ဒါပေမယ့် ဒီလိုမျိုး ရင်ဆိုင်ကြုံတွေ့လာရတာဟာ ကမ္ဘာနဲ့တစ်ဝန်းမှာ ဖြစ်ပေါ်နေတာကြောင့် မိဘပြည်သူတွေအနေနဲ့ အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံမှုနဲ့ တောင့်ခံရင်း၊ ဒီကပ်ရောဂါကာလကို ရင်ဆိုင်ဖြတ်ကျော်သွားနိုင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အားပေးစကားပြောကြားရင်း တိုက်တွန်းထားတာကိုလည်း မိဘပြည်သူတွေအသိပဲဖြစ်ပါတယ်။

ယခုဆိုရင် ရောဂါကူးစက်ပြန့်ပွားမှု အများဆုံးဖြစ်နေတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာလည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်နေပြီ ဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ အခုလက်ရှိအခြေအနေတွေအတိုင်း ဆက်လက်ထိန်းသိမ်းရင်း နေထိုင်သွားကြမယ်ဆိုရင် ကာလတစ်ခုမှာ ကိုဗစ်ရောဂါကို လုံးဝထိန်းချုပ်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

### ရှင်းလင်းဖြေကြား

မကြာခင် ရက်ပိုင်းအတွင်းမှာဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကိုလည်း ကျင်းပပြုလုပ်တော့မှာဖြစ်တဲ့အတွက် ပြည်သူတွေအကြား ကပ်ရောဂါကြီးနဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုအနည်းဆုံးနဲ့ ကျန်းမာရေးနဲ့အညီ မဲပေးနိုင်ဖို့အတွက် ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့အတူ ရွေးကောက်ပွဲတာဝန်ရှိသူတို့က ဆောင်ရန် / ရှောင်ရန် အချက်တွေကို ရှင်းလင်းပြောကြားဖြေကြားပေးသွားကြမှာ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ မေးခွန်း မေးမြန်း / ဖြေကြားဆွေးနွေးမှုမှာ **ဆရာကြီးပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ဆရာဦးဝင်းဦးခိုင် [ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်]** တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ဆရာမကြီးဒေါက်တာသန္တာလွင် [ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေးဌာနခွဲ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန]** က ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ ဆွေးနွေးမှုမှာပါဝင်ပြီး အချိန်ပေးပြီး ဖြေကြားဆွေးနွေးပေးတဲ့အတွက် ဆရာကြီး၊ ဆရာမကြီးတို့ကို အထူးကျေးဇူးတင်ပါတယ်။ ဒီနေ့ဆွေးနွေးမှုမှာ ရွေးကောက်ပွဲကလည်း မကြာခင် ကျင်းပပြုလုပ်တော့မှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲမှာ ကျန်းမာရေးနဲ့အညီ မဲပေးနိုင်ဖို့အတွက် ဘယ်လိုမျိုးဆောင်ရန် / ရှောင်ရန်တွေ ရှိမလဲဆိုတာကို ဆွေးနွေးပေးဖို့အတွက် ဆရာမကြီးကနေ ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါက်တာသန္တာလွင်**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မတို့ ဒီကနေ့ ဆွေးနွေးမယ့် အရေးကြီးတဲ့ Topic က ရွေးကောက်ပွဲ မကြာခင်မှာ ကျင်းပတော့မှာဖြစ်တဲ့အတွက် ကိုဗစ် – ၁၉ ကပ် ရောဂါကလည်း ဖြစ်ပွားနေတယ်။ ဒါကြောင့် ဒီကူးစက်ရောဂါ ဖြစ်ပွားနေစဉ်အတွင်းမှာ ရွေးကောက်ပွဲကို အောင်မြင်စွာ၊ ဘေးကင်းစွာ၊ စိတ်ချယုံကြည်စွာနဲ့ ကျင်းပနိုင်ဖို့အတွက် ကျွန်မတို့မှာ မေးခွန်းတွေ လက်ခံရရှိထားပါတယ်။ ဦးစွာ ပထမ ကျွန်မ ဆရာကြီး ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းကို ဖိတ်ခေါ်ချင်ပါတယ်။ ဆရာကြီး ဆွေးနွေးပေးပါ။

**ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း**။ ။ နိုင်ငံတကာမှာ ကိုဗစ် – ၁၉ ကပ်ရောဂါကြီး ဖြစ်ပွားနေစဉ်အတွင်းမှာပဲ နိုင်ငံတော်တော်များများက ရွေးကောက်ပွဲတွေ ကျင်းပနေတယ်။ ဒါကြောင့် အဲဒီရွေးကောက်ပွဲ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အခြေအနေတွေကို နှိုင်းယှဉ်ပြီး ဆွေးနွေးပေးပါလို့ မေးမြန်းထားတာ ဖြစ်ပါတယ်။

နိုင်ငံတကာရဲ့ ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ်အတွင်းမှာ နိုင်ငံတကာမှာ ရွေးကောက်ပွဲတွေ ကျင်းပရတာနဲ့ ပတ်သက်ပြီး ဆန်းစစ်လေ့လာမှုတွေအရ နိုင်ငံတော်တော်များများက ရွေးကောက်ပွဲကျင်းပဖို့ စနစ်တကျ ပြင်ဆင်ထားပြီး ရွေးကောက်ပွဲကို ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီနေ့အထိ နိုင်ငံပေါင်း ၇၇ နိုင်ငံမှာ ရွေးကောက်ပွဲကို အောင်မြင်စွာဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီအထဲမှာ အာရှ – ပစိဖိတ်ဒေသကြီးက ၂၄ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်ပြီး အာရှနိုင်ငံတွေအနေနဲ့ဆိုရင် ၁၀ နိုင်ငံမှာ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပပြီးဖြစ်ပါတယ်။



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်နှင့် ဒေါက်တာသန္တာလွင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

နိုင်ငံတိုင်းကလည်း ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ ပြည်သူလူထုရဲ့ ကျန်းမာရေး ထိခိုက်မှုမရှိအောင် အတတ်နိုင်ဆုံး ပြင်ဆင်ပြီး ဆောင်ရွက်တယ်။ မဲပေးတဲ့သူတွေအတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘာမှစိုးရိမ်ကြောင့်ကြမှုမရှိအောင် စီစဉ်ပြီးဆောင်ရွက်လျက်ရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း ဒီအတွေ့အကြုံတွေပေါ်မှာ မူတည်ပြီး ပြင်ဆင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ရောဂါကူးစက်နိုင်ခြေရှိတဲ့ အရာအားလုံးကို ကြိုတင်ကာကွယ်တဲ့နည်းစနစ်ကို ကျင့်သုံးပြီး ဆောင်ရွက်ပါတယ်။ တချို့နိုင်ငံတွေက နိုင်ငံအတွင်းမှာ ကိုဗစ်ရောဂါကူးစက်မှု မြင့်မားနေတဲ့ အခြေအနေတွေရှိပါတယ်။ တချို့နိုင်ငံတွေကျတော့လည်း ရောဂါဖြစ်ပွားမှုက တစ်နေရာမှာ၊ အခြေအနေတစ်ခုမှာ တန့်နေပါတယ်။ အဲဒီလို အခြေအနေမျိုးမှာရှိတဲ့ နိုင်ငံတော်တော်များများက နိုင်ငံတကာမှာ ရွေးကောက်ပွဲကို ကျင်းပခဲ့တာဖြစ်ပါတယ်။

### ကျင့်သုံးဆောင်ရွက်

သူတို့ အဓိက ကျင်းပတဲ့အချိန်မှာ တစ်ဖက်ကလည်း နိုင်ငံအတွင်းမှာရှိတဲ့ ကိုဗစ်ရောဂါဖြစ်ပွားနေမှုကို ထိန်းချုပ်နေတဲ့ ကုသရေးနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲစစ်ဆေးတာတွေ၊ အနီးကပ်ထိတွေ့တဲ့သူတွေကို ရှာဖွေတာတွေ၊ Social Distancing တွေ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေတာတွေ ဒါတွေဆောင်ရွက်နေသလို ကုသမှုအပိုင်းမှာလည်း အားထည့်ပြီး ဆောင်ရွက်နေသလို တစ်ဖက်ကလည်း ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေမှာ **ကာကွယ်ဆေးနဲ့ ကုသဆေး** မပါတဲ့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေး နည်းလမ်းတွေကို သူတို့ကျင့်သုံးပြီး ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အတွက်ကြောင့် ၇၇ နိုင်ငံမှာ ရွေးကောက်ပွဲပြီးတဲ့ကာလ ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေတွေကို ပြန်လည်ပြီး သုံးသပ်တဲ့အခါ တစ်နိုင်ငံလုံး ကာကွယ်၊ ကုသရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အချိန်မှာ ရွေးကောက်ပွဲအတွက် ပိုမိုသေချာစောင့်ကြပ်ကြည့်ရှုပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေကို တစ်ဦးချင်း၊ တစ်ဦးချင်းကို ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲရဲ့ တုံ့ပြန်မှုတွေကိုရရှိပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်တယ်ဆိုတာကို သုတေသနစာတမ်းတွေအရ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့်ကိစ္စတွေ၊ လမ်းညွှန်ချက်တွေကို နိုင်ငံတကာရဲ့ အတွေ့အကြုံတွေရော၊ ပြည်တွင်းရောဂါထိန်းချုပ်မှုအနေအထားတွေပေါ်မှာ မူတည်ပြီး လမ်းညွှန်ချက်တွေ ချမှတ်ဆောင်ရွက်ထားပါတယ်။ ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေကို ဆန္ဒမဲပေးကြမယ့် ပြည်သူတစ်ဦးချင်းအနေနဲ့လည်းကောင်း၊ နောက်မဲရုံတွေမှာ စနစ်တကျတာဝန်ယူပြီး ဆောင်ရွက်မယ့် ပုဂ္ဂိုလ်တွေအနေနဲ့လည်းကောင်း၊ ပြည်သူလူထုတွေအနေနဲ့လည်းကောင်း ဝိုင်းဝန်းပြီး ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲကလည်း ပြည်သူလူထုအတွက် ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိပြီး အောင်မြင်တဲ့ ရွေးကောက်ပွဲတစ်ခု ဖြစ်လာပါလိမ့်မယ်။

နောက်မေးခွန်းတစ်ခုက **ရွေးကောက်ပွဲကာလမှာ လူအများနဲ့ မဲဆွယ်စည်းရုံးတာတွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဆောင်ရွက်မှုအားနည်းနေတဲ့အတွက်ကြောင့် ဒီရောဂါတွေက ပိုမိုပြီး ကူးစက်လာနိုင်မလား** ဆိုပြီး မေးထားပါတယ်။ ဒါက ခုန ကျွန်တော်ဆွေးနွေးသလိုပါပဲ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို တိတိကျကျလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မဲဆွယ်စည်းရုံးခြင်းသာမက ဘယ်လို လူစုလူဝေးအခြေအနေမျိုးဖြစ်ဖြစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်မယ်ဆိုရင် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ရောဂါထိန်းချုပ်ဖို့အတွက်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျွန်တော် ခုနက ဆွေးနွေးသလို ဆေးနဲ့ဆေးဝါးမပါတဲ့ ကာကွယ်ထိန်းချုပ်နည်းကို အားဖြည့်ပြီး ဆောင်ရွက်နေပါတယ်။

Non–Pharmaceutical Interventions က ၃ မျိုး ရှိပါတယ်။ Personal Non–Pharmaceutical Interventions မှာ လူတစ်ဦးချင်းက လက်ဆေးတာတို့၊ နှာချေ/ချောင်းဆိုးတဲ့အခါမှာ လက်ကိုင်ပဝါ/တစ်ရှူး အုပ်ပြီးဆိုးတာတို့၊ Social Distancing လို့ခေါ်တဲ့ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာတို့၊ Mask တပ်တာတို့ စသဖြင့် ဒီလိုလုပ်ငန်းတွေကို လိုက်နာဆောင်ရွက်ရမယ်။ ရွေးကောက်ပွဲမှာလည်း မဲရုံအတွင်းမှာကော၊ မဲရုံပြင်ပမှာကော ဒါတွေကို တစ်ဦးချင်းအတွက် ပြင်ဆင်တဲ့သူတွေက ရောဂါကူးစက်မှုမရှိအောင် စနစ်တကျ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

### လူထုကလိုက်နာရမည့်ကိစ္စ

Community Non–Pharmaceutical Interventions လို့ခေါ်တဲ့ လူထုက လိုက်နာဆောင်ရွက်ရမယ့်ကိစ္စတွေပါ။ ဒါက အထူးသဖြင့် ကျွန်တော် ခုနက ဆွေးနွေးခဲ့သလို လူစုလူဝေးနဲ့ အခမ်းအနားကြီးတွေ ဆောင်ရွက်တာတို့ ဒါတွေက Mass Gathering လို့ခေါ်ပါတယ်။ အဲဒီမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အရေအတွက်အတိုင်း ဆောင်ရွက်မယ်ဆိုရင် ရောဂါကူးစက်မှုကို ထိန်းချုပ်ပြီးသား ဖြစ်ပါလိမ့်မယ်။ နောက်ဒီလိုပဲ Community Non–Pharmaceutical Interventions မှာ စက်ရုံ/အလုပ်ရုံကိစ္စတွေ၊ လူအများစုဝေးပြီး ဆောင်ရွက်ရတဲ့ အားကစားကိစ္စတွေ စသဖြင့် ဒီလိုမျိုးထိန်းချုပ်တာတွေလည်းပဲ ရှိပါတယ်။

Environmental Non–Pharmaceutical Interventions က အိမ်မှာ လေဝင်လေထွက် ကောင်းအောင်၊ မဲရုံတွေမှာ စနစ်တကျ လေဝင်လေထွက်ကောင်းအောင်၊ အလင်းရောင်ရအောင် စနစ်တကျ ဆောင်ရွက်ထားတယ်။ ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ထားတယ်။ ဒီလိုမျိုးဆောင်ရွက်ခြင်းအားဖြင့် ကိုဗစ်ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ပါတယ်။

အတွေ့အကြုံတွေအရ Non–Pharmaceutical Interventions လို့ခေါ်တဲ့ ဆေးဝါးမပါဘဲ ကာကွယ်ထိန်းချုပ်နည်းကို တိတိကျကျသာ လိုက်နာဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ တစ်ပတ်အတွင်းမှာ ကူးစက်မှုကို ၆၀ ရာခိုင်နှုန်းအထိ ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကာလမှာ စနစ်တကျ ပိုမိုပြီး စောင့်ကြပ်ကြည့်ရှုတဲ့ ကာကွယ်ထိန်းချုပ်လုပ်ငန်းတွေဟာ ကျွန်တော်ဆွေးနွေးခဲ့သလို Hawthorne Effect လို့ခေါ်တဲ့ ပုံမှန်ကာကွယ်ထိန်းချုပ်တဲ့လုပ်ငန်းတွေပေါ်မှာ ထပ်ပိုးပြီး အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်တဲ့အတွက်ကြောင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွေဟာ ပိုမိုပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥပမာ – Mask တပ်တာကအစ ရွေးကောက်ပွဲမှာ ပုံမှန်တပ်နေတဲ့ Surgical Mask တွေထက် ပိုပြီး ကာကွယ်နိုင်တဲ့ KN95 Surgical Mask တွေကို သက်ဆိုင်ရာ မဲရုံတွေမှာ စီစဉ်ထားတဲ့အတွက်ကြောင့် တခြားသူကိုလည်း ရောဂါကူးစက်နိုင်မှာကို ပိုမိုဟန့်တားနိုင်မယ်။ သူများဆီက ရောဂါကူးစက်မှုကိုလည်း ဟန့်တားနိုင်မယ်။ အခုချိန်မှာ Mask တပ်တာဆိုရင် ရောဂါကာကွယ်ရုံသာမက တစ်ယောက်နဲ့တစ်ယောက် လေးစားမှုကို ပြတာလည်းဖြစ်ပါတယ်။

Mask တပ်တဲ့အတွက်ကြောင့် အိမ်တစ်အိမ်မှာ သံသယရောဂါလက္ခဏာရှိတဲ့ လူတစ်ယောက်ရှိရင်တောင် အဲဒီမိသားစုကို ၇၉ ရာခိုင်နှုန်းလောက် ကာကွယ်ပေးနိုင်တယ်ဆိုတဲ့ သုတေသနရရှိချက်တွေလည်း ရှိပါတယ်။ မဲရုံအပြင်မှာလည်း တစ်ယောက်နဲ့တစ်ယောက် ကူးစက်မှုမရှိအောင် အဖွဲ့အစည်းအသီးသီးနဲ့ ကြိုတင်ပြီး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

**ဒေါက်တာသန္တာလွင်**။ ။ ဆရာကြီး ဆွေးနွေးသွားတဲ့အတွက် မဲဆွယ်စည်းရုံးတဲ့အချိန်နဲ့ မဲပေးတဲ့အချိန်မှာရော ကျွန်မတို့အနေနဲ့ လိုက်နာရမယ့်ကိစ္စတွေကို ပြည်သူတွေအားလုံးသိသွားအောင် ဒီကနေ့ဆွေးနွေးပွဲကနေ ပြောပြပေးနိုင်ပြီလို့ ထင်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ဆရာဦးဝင်းဦးခိုင် လက်ခံရရှိထားတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီး ဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦးခိုင်**။ ။ ဒီမှာလက်ခံရရှိထားတဲ့ မေးခွန်းက **ကျွန်တော်က အသက် ၅၀ ကျော်၊ ဆီးချိုကလည်းရှိတော့ ကျွန်တော့်ကျန်းမာရေးအတွက် စိတ်ပူပါတယ်။ ရောဂါမကူးစေရေး၊ ကြိုတင်ကာကွယ်ထားမှုတွေကို သိလိုပါတယ်ဆိုပြီး မေးထားတဲ့ မေးခွန်းကို** တွေ့ရပါတယ်။

အဲဒီတော့ ကော်မရှင်နဲ့ ကော်မရှင်ရုံးအနေနဲ့ တင်ပြရမယ်ဆိုရင် ဒီနှစ်က ဥပဒေပြဋ္ဌာန်းချက်အရလည်း ရွေးကောက်ပွဲကျင်းပရမယ့်နှစ် ဖြစ်နေပါတယ်။ ကိုဗစ် – ၁၉ ဖြစ်ပွားတဲ့အချိန် ပထမလှိုင်းမှာ အခြေအနေကို ကျွန်တော်တို့စောင့်ကြည့်ပြီး ထိန်းနိုင်တဲ့အနေအထားဖြစ်ပြီ၊ နောက်တစ်ခုက ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေအရ ရွေးကောက်ပွဲကျင်းပမယ့်ရက်ကို စပြီးကြေညာလိုက်ပါတယ်။

### မဲရုံလုပ်ငန်းစဉ်

ကြေညာပြီးတဲ့အချိန်မှာပဲ ကိုဗစ် ဒုတိယလှိုင်းက စပြီးဖြစ်ပွားလာတော့ တဖြည်းဖြည်းကျယ်ပြန့်လာပါတယ်။ ရွေးကောက်ပွဲကလည်း မဖြစ်မနေ ကျင်းပရမယ်ဆိုတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုပြီး သုံးသပ်ပါတယ်။ ကျွန်တော်တို့က မဲရုံလုပ်ငန်းစဉ်ကို သရုပ်ပြလုပ်ပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး သူတို့ရဲ့ သုံးသပ်ချက် ထွက်လာပါတယ်။

Contact များတဲ့နေရာ၊ Risk များတဲ့နေရာတွေနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရွက်မယ်၊ ဘယ်လိုလုပ်မယ်ဆိုပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ စံလုပ်ငန်းလမ်းညွှန်တွေကို ရေးပေးတယ်။ ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေနဲ့ ကိုက်/မကိုက် နှစ်ဖက်ညှိနှိုင်းပြီး ဒါဆိုရင် ဒီလိုလုပ်ဖို့သင့်တယ်ဆိုပြီး ကျွန်တော်တို့ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို တင်ပြလိုက်ပါတယ်။

**စာမျက်နှာ ၉ သို့** ✻

# ကိုဗစ်-၁၉ အမေး / အဖြေ

✻ စာမျက်နှာ ၈ မှ

တင်ပြပြီးတော့ မဲရုံအတွက် နောက်ထပ်တကယ့် လိုအပ်ချက်က ဘာလဲ၊ လက်တွေ့မှာ ဘယ်လိုရှိမလဲ၊ လက်ရှိမှာဖြစ်နေတဲ့ ကိုဗစ် – ၁၉ အခြေအနေနဲ့ ဘာတွေ ဆက်လုပ်ဖို့ လိုသလဲဆိုပြီး တကယ့်မဲရုံလုပ်မယ့်နေရာမှာ သရုပ်ပြတယ်။ ကြည့်လိုက်ရင် မဲရုံအတွင်းမှာ ဆောင်ရွက်ရမယ့်အပိုင်းတွေ ရှိတယ်။ မဲရုံအပြင်မှာ ဆောင်ရွက်ရမယ့် အပိုင်းတွေရှိတယ်။ ကျွန်တော်တို့ ဒီမှာ သရုပ်ပြလိုက်တဲ့ အခါ မဲရုံအတွင်းမှာ လိုအပ်တာက ပထမဆုံး မဲရုံအတွင်း စဝင်တာကစပြီး မဲရုံလုံခြုံရေးနဲ့ စထိတွေ့မယ်။ ပြီးရင် မဲစာရင်းစစ်ဆေးသူနဲ့ ထိတွေ့မယ်။ မဲလက်မှတ်ထုတ်ပေးသူနဲ့ ထိတွေ့မယ်။ ဆန္ဒပြုတဲ့နေရာမှာ ဆန္ဒပြုတဲ့ တံဆိပ်တုံးတွေ ကိုင်မိတာရှိတယ်။

### ထုတ်ပေးဆောင်ရွက်

ပထမ၊ ဒုတိယအကြိမ်မှာ ကျွန်တော်တို့က တွေ့ရှိတဲ့ အပေါ် မူတည်ပြီး ကော်မရှင်ရဲ့ အစီအစဉ်နဲ့ မဲရုံအဝင်မှာ Hand Gel နဲ့ လက်ကိုဆေးဖို့ တစ်ဦးချင်းအတွက် ပလတ်စတစ်လက်အိတ်တွေ ထုတ်ပေးဖို့ ဆောင်ရွက်ပါတယ်။ တကယ်လက်တွေ့လုပ်ကြည့်တဲ့အခါ ဒီလောက်နဲ့ မလုံလောက်ဘူး။ လက်တွေ့ ဘာတွေထပ်လုပ်ဖို့လိုသလဲ ဆိုတော့ Hand Gel ထက် Hand Spray က ပိုပြီးအဆင်ပြေတယ်ဆိုပြီး မဲရုံအဝင်မှာ Hand Spray ဖျန်းဖို့ရယ်၊ နောက်တစ်ခါ Surgical Gloves တွေပေးဖို့ရယ်၊ N95 Mask ထုတ်ပေးဖို့ရယ်ကို ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ညွှန်ကြားတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒါကိုပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ပေးပါတယ်။

တကယ့်လက်တွေ့ မဲရုံလုပ်မယ့် ဒီဘက်က ဥတ္တရသီရိမြို့နယ်ထဲက မဲရုံတစ်ရုံကိုသွားပြီး ကျွန်တော်တို့ လက်တွေ့စမ်းသပ်ပါတယ်။ စမ်းသပ်ပြီး ဆောင်ရွက်လိုက်တဲ့အခါ မဲရုံအတွင်းအပြင် မဲရုံအပြင်ဘက်မှာလည်း လိုအပ်တဲ့ အနေအထားတွေကို တွေ့ရပါတယ်။ မဲရုံအပြင်ဘက်မှာ လူစုလူဝေးမဖြစ်ဖို့၊ ကိုဗစ် – ၁၉ ကာကွယ်ရေးနည်းလမ်းနဲ့ အညီ တစ်ဦးနဲ့တစ်ဦး ၆ ပေအကွာနေဖို့တွေ၊ စနစ်တကျ တန်းစီဖို့တွေအတွက် အထွေထွေအုပ်ချုပ်ရေးဌာနက စီမံပေးတဲ့ ဝန်ထမ်းတစ်ဦး၊ ကိုယ်အပူချိန်တိုင်းဖို့အတွက် ပညာရေးဝန်ကြီးဌာနက သူ့ရဲ့ Non – contact Infrared Thermometer နဲ့အတူ ပညာရေးဝန်ထမ်းတစ်ဦး၊ နောက် Mask တွေ ဖြန့်ဝေဖို့၊ လက်ဆေးမယ့် Hand Spray တွေ ဖျန်းဖို့အတွက် ကျန်းမာရေးဝန်ထမ်းတစ်ဦး၊ ၃ ဦးနဲ့ အပြင်မှာ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပေးပါတယ်။

ကျွန်တော်တို့ ကိုယ်အပူချိန် တိုင်းတဲ့အဖွဲ့ရယ်၊ နောက်တစ်ခါ Hand Spray ဖျန်းတဲ့အဖွဲ့တွေက ၂ နာရီခွဲ တစ်ကြိမ်လဲနိုင်ဖို့အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့က ပေးတဲ့ Volunteer တစ်ဦးစီ ထပ်ပေးတယ်။ အဲဒီတော့ မဲရုံအပြင်မှာ ၅ ဦးအဖွဲ့နဲ့ ကျန်းမာရေးကို ကြိုတင်ကာကွယ်ဖို့အတွက် ကျွန်တော်တို့ လုပ်ထားပါတယ်။ အတွင်းထဲမှာ ကျွန်တော်တို့ မဲရုံအဖွဲ့ရှိပါတယ်။ ပုံမှန်ဆိုရင် ၁၀ ယောက် ရှိပါတယ်။ မဲရုံကနေ မဲပေးပြီး၊ ဆန္ဒပြုပြီးလို့ ပြန်ထွက်တဲ့အခါ လက်မှာမင်တို့ဖို့အတွက် လုပ်တဲ့ အချိန်မှာ Hand Spray နဲ့ဆိုရင် သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းမှာ ပြီးနိုင်ဖို့ နည်းနည်းလေး အခက်အခဲရှိတဲ့အတွက် အဲဒီမှာ မဲရုံအဖွဲ့ဝင်တစ်ယောက်တိုးလိုက်ပါတယ်။

တာဝန်ကျတဲ့ မဲရုံအဖွဲ့အားလုံးသည်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းတွေ အတိုင်းပဲ အားလုံးက KN95 Mask ပါမယ်။ Surgical Gloves ပါမယ်။ Face Shield တွေပါမယ်။ နောက်ပြီး မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့အဖွဲ့ကတော့ ရှေ့က Apron ပါမှာ ဖြစ်ပါတယ်။

မဲရုံဝင်ခါနီး ကိုယ်အပူချိန်တိုင်းလိုက်တဲ့အချိန်မှာ ကိုယ်အပူချိန်မြင့်နေရင် ဘယ်လိုစီစဉ်ဆောင်ရွက်မလဲ ဆိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ စီမံထားပါတယ်။ ကိုယ်အပူချိန်မြင့်နေရင် မဲရုံထဲဝင်ပြီး မဲပေးတာ မလုပ်ခိုင်းပါဘူး။ သူ့ကို မဲပေးဖို့ အတွက် မဲရုံအပြင်မှာ အခန်းသတ်သတ် လုပ်ပေးထားပါတယ်။ အဲဒီအခန်းမှာ သူ့ကို ထားမယ်။ ဒုတိယမဲရုံမှူးက သူ့ဆီ လာမယ်။ သူနဲ့ တိုက်ရိုက်ထိတွေ့ခြင်းမရှိဘဲ သူ့ရဲ့ Voter Slip တို့၊ မှတ်ပုံတင်တို့ကို ယူမယ်။

ယူပြီးရင် မဲရုံအထဲကို ဒုမဲရုံမှူးပဲ ဝင်မယ်။ ဝင်ပြီးတော့ လိုအပ်တဲ့မဲလက်မှတ်တွေ ယူမယ်။ သူ့ဆီပြန်လာမယ်။ မဲလက်မှတ်ကို သူ့ကိုပြမယ်။ သူ့ရဲ့ဆန္ဒအတိုင်း ဒုမဲရုံမှူးက ဆန္ဒပြုပေးမယ်။ ပြီးရင် ဒုမဲရုံမှူးပဲ အဲဒီ မဲလက်မှတ်ကို မမြင်အောင်ခေါက်ပြီး ယူသွားမယ်။ မဲပုံးထဲ ထည့်ပေးမယ်။ မဲပုံးထဲထည့်တာကိုလည်း မဲဆန္ဒရှင်က မြင်သာတဲ့နေရာ၊ ပြတင်းပေါက် သို့မဟုတ် ခန်းမအဝင် အပေါက်တွေက၊ လူအားလုံးနဲ့ဝေးတဲ့နေရာကနေ ကြည့်ပေးမယ်။

ပြီးရင်တော့ သူ့ကို မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုကော်မတီကို အပ်နှံလိုက်မှာ ဖြစ်ပါတယ်။ အပ်နှံပြီး ကုသရေးအတွက် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မဲရုံအတွင်း၊ မဲရုံအပြင်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ၊ ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ နည်းလမ်းတွေနဲ့အညီ ကျွန်တော်တို့က အားလုံးဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အဲဒီ စည်းကမ်းတွေအတိုင်း လိုက်နာမယ်ဆိုရင်တော့ စိတ်ချ လက်ချမဲပေးနိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေး တင်ပြလိုပါတယ်။

**ဒေါက်တာသန္တာလွင်။** ။ ဆွေးနွေးတင်ပြပေးတဲ့ ဆရာ ဦးဝင်းဦးခိုင်ကို ကျေးဇူးတင်ပါတယ်။ နောက်ဆုံး ကျွန်မအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနကနေ ကူးစက်ရောဂါ ဖြစ်ပွားနေတဲ့အချိန်မှာ ပြုလုပ်ရမယ့် ရွေးကောက်ပွဲအောင်မြင်ဖို့အတွက် ကျွန်မတို့ဌာနအနေနဲ့ စီမံဆောင်ရွက်ထားတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး မေးထားတဲ့ မေးခွန်းတွေကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မေးခွန်းတစ်ခုက ရွေးကောက်ပွဲမှာ တာဝန်ကျတဲ့ အထူးရဲတွေကို ရောဂါပိုး ရှိ / မရှိ စစ်ဆေးပေးတယ်။ ပညာရေးဝန်ထမ်းတွေကိုရော စစ်ဆေးပေးမှာလား။ ရောဂါမကူးအောင် ဘာတွေလုပ်ရမလဲ **ဆိုတဲ့ မေးခွန်းတစ်ခုရှိပါတယ်။** နောက်မေးခွန်းက ဆရာဦးဝင်းဦးခိုင် ဖြေသွားတဲ့ ကျွန်တော် သေချာပေါက် မဲသွားပေးမှာပါ။ ဒါပေမယ့် ကျွန်တော့်မှာ အသက်လည်း ၅၀ ကျော်ပြီ၊ ဆီးချိုရောဂါလည်း ရှိတယ်။ ဒါဆိုရင် ကျွန်တော် ဘာတွေ ကြိုတင်ကာကွယ်ရမှာလဲ သိလိုပါတယ်။ နောက် မေးခွန်းတစ်ခုက ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေတဲ့အချိန်မှာ ရွေးကောက်ပွဲအတွက် ဘာတွေပြင်ဆင်ထားလဲ၊ ပြည်သူတွေသိအောင် ပြောပြပေးပါဆိုတာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို တစ်စုတည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးမေးထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ အထူးရဲတွေကို ကိုဗစ် – ၁၉ ရောဂါပိုး ရှိ /မရှိ စစ်ဆေးပေးပါတယ်။ ဒါပေမယ့်ကျန်တဲ့မဲရုံမှာတာဝန်ချထားမယ့် မဲရုံဝန်ထမ်းတွေ၊ ပညာရေးဌာနကရော၊ ကျန်းမာရေးဌာနကရော တာဝန်ချထားမယ့် စေတနာ့ဝန်ထမ်းတွေလည်း ရှိပါတယ်။

### Mask ဝတ်ဆင်ပြီး မဲပေး

အဲဒီလူတွေကို စစ်ဆေးပေးမှာမဟုတ်ဘဲ တာဝန်ချထားတဲ့ ဝန်ထမ်းတွေအားလုံးကို လုံလောက်တဲ့ တစ်ကိုယ်ရေအကာအကွယ်ပစ္စည်းတွေကို ဝတ်ဆင်ပေးစေခြင်းဖြင့် ရောဂါကူးစက်ခြင်းမရှိအောင် ကာကွယ်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပဲ မဲလာပေးမယ့် မဲဆန္ဒရှင်တွေကလည်း နှာခေါင်းနဲ့ ပါးစပ်ကို KN 95 Mask ဝတ်ဆင်ပြီးမှ မဲရုံအတွင်း ဝင်ပြီးတော့ မဲပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အပြန်အလှန် ကာကွယ်ထားပြီးဖြစ်တဲ့ အတွက် လုံခြုံစိတ်ချစွာမဲပေးနိုင်ဖို့ ကျွန်မတို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ကိုဗစ် – ၁၉ ဖြစ်ပွားမှု များပြားနေတဲ့ မြို့နယ်တွေဆိုရင် မဲဆန္ဒရှင်တွေကို KN 95 Mask အပြင် Face Shield ပါ ထုတ်ပေးပြီးတော့မှ မဲပေးဖို့ အတွက် စီစဉ်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ပံ့ပိုးပြီး အကြံတွေပြုခဲ့သလဲ ဆိုတာကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဖွန်လတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ စတင်ညှိနှိုင်း ဆွေးနွေးပွဲတွေ၊ မဲရုံကို ဘယ်လိုကျင်းပကြမယ်၊ မဲပေးဖို့ ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတဲ့ Demonstration တွေ လုပ်ပြီး အဆင့်ဆင့်ဆွေးနွေးညှိနှိုင်းပြီးတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီဗဟိုကော်မတီရဲ့အောက်မှာ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုကော်မတီတွေကို ဆက်လက်ဖွဲ့စည်းထားပါတယ်။ ဗဟိုအဆင့်ကော်မတီမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လိုအပ်တဲ့စံလုပ်ငန်းလမ်းညွှန်တွေကို ထုတ်ပြန်တဲ့အခါမှာလည်း ကိုဗစ် – ၁၉ ကပ်ရောဂါ ဖြစ်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို တင်ပြပြီး ကျွန်မတို့ရဲ့ စံလုပ်ငန်းလမ်းညွှန်တွေကို အပိုင်း(၁) မဲဆွယ်စည်းရုံးရေးနဲ့ပတ်သက်လို့ လည်းကောင်း၊ အပိုင်း(၂) အနေနဲ့ ရွေးကောက်ပွဲဆိုင်ရာမှာ မည်ကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်ပြီး ကူးစက်ရောဂါကို ကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ရမလဲ ဆိုတာတွေကို ပြဋ္ဌာန်းပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒီလုပ်ငန်းလမ်းညွှန်တွေကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဝက်ဘ်ဆိုဒ်တွေမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။

### အဆင့်ဆင့်သင်တန်းပေး

ဒီလုပ်ငန်းလမ်းညွှန်တွေကို မဲရုံတွေမှာ တာဝန်ပေးထားတဲ့ မဲရုံဝန်ထမ်းတွေက အတိအကျ လိုက်နာဖို့အတွက် သင်တန်းတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရပ်ကျေးအထိကို ရပ်ကျေးကော်မရှင်အဖွဲ့ခွဲတွေကနေ တစ်ဆင့် အဆင့်အဆင့် သင်တန်းတွေပေးပြီးဖြစ်သလို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ပေးမယ့် ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ခုနက ဆရာဦးဝင်းဦးခိုင်ပြောသွားတဲ့ အပြင်စည်းနဲ့ အတွင်းစည်းမှာရှိမယ့် အဖွဲ့တွေကို ဘယ်လိုလိုက်နာရမလဲဆိုတာတွေကို ဗဟိုအဆင့်ကနေ သင်တန်းပေးပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နဲ့ မြို့နယ်အဆင့်ဆင့်ကို အောက်တိုဘာလကုန် ၃၁ ရက်မှာ အပြီးသင်တန်းပေးပြီး ဖြစ်ပါတယ်။

ဒီလိုဆင့်ပွားသင်တန်းတွေ ပေးပြီးတဲ့နောက်မှာ သူတို့တကယ်အသုံးပြုရမယ့် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းတွေကိုလည်း ကျွန်မတို့ ဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် မဲရုံနေရာရွေးချယ်တာကအစ ကျွန်မတို့ရဲ့ လုပ်ငန်းလမ်းညွှန်ထဲမှာ ဖော်ပြပါရှိတာက လေဝင်လေထွက်ကောင်းပြီး နေရာကျယ်ဝန်းတဲ့နေရာမျိုးကို ရွေးချယ်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေကို အများစု ရွေးချယ်တာဖြစ်ပါတယ်။

အဲဒီလို ရွေးချယ်ထားတဲ့နေရာတွေကို အသုံးပြုပြီး မဲရုံတည်ဆောက်ဖို့အတွက် ဖြစ်ပါတယ်။ ပြီးတော့ အဝင်တစ်လမ်း၊ အထွက်တစ်လမ်း ရှိရမယ်။ တကယ်လို့ မဲရုံကို မဲလာပေးတဲ့ ဆန္ဒရှင်တွေက အလွန်များတယ်ဆိုရင် အဆိုင်းခွဲပြီး လမ်းတွေကို လိုင်းအလိုက် သတ်မှတ်ဖို့ စီစဉ်ထားပါတယ်။

ဒီလိုင်းတွေမှာ တန်းစီမယ့်လူတွေကလည်း တစ်ဦးနဲ့တစ်ဦး ထိကပ်နေလို့ မဖြစ်တဲ့အတွက် စုဝေးမှုမဖြစ်အောင်လည်း ၆ ပေစီခြားပြီးတော့မှ အမှတ်အသားတွေပြုပြီး မဲပေးနိုင်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ ဒီမှာ အလွန်အရေးကြီးတာက အမှိုက်တွေ၊ Mask တွေကို လွှင့်ပစ်လို့ မဖြစ်တဲ့အတွက် အဖုံးပါတဲ့ အမှိုက်ပုံးတွေ ချထားပေးဖို့ အတွက်ကို စီစဉ်ထားတာဖြစ်ပါတယ်။

မဲရုံကို အသုံးမပြုခင် ပြင်ဆင်နေတဲ့အချိန်မှာ ပိုးသတ်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ဖို့ ကြိုတင်ပြီး စီစဉ်ထားပါတယ်။ ကျွန်မတို့ ကျန်းမာရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်တွေဆိုရင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေရဲ့ အမည်တွေ၊ ဖုန်းနံပါတ်တွေကို ကျွန်မတို့ရဲ့ စံလုပ်ငန်းလမ်းညွှန်ထဲမှာ ထည့်သွင်းပြီး ချိတ်ဆက်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

အရေးအကြီးဆုံးအချက်က ပညာပေးပိုစတာတွေကို မဲရုံအဝင်ဝတွေမှာ ကပ်ထားပေးဖို့ မဲရုံတိုင်းမှာ စီစဉ်ထားတာ ဖြစ်ပါတယ်။ မဲရုံဝန်ထမ်းတွေအနေနဲ့ တာဝန်ထမ်းဆောင်ဖို့ မဲရုံကိုလာတဲ့အချိန်၊ မဲပေးမယ့်နံနက်မှာ သူသည် ချောင်းဆိုးနေတယ်၊ ဖျားနေတယ်၊ နောက်ပြီး ဖျားနေတဲ့သူ မိသားစုထဲမှာရှိပြီး ထိတွေ့မှုရှိတယ်။ ဒါမှမဟုတ်ရင် အသွားအလာကန့်သတ်ထားတဲ့သူတွေနဲ့ ထိတွေ့မှုရှိတယ်။ ဒါမှမဟုတ် ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာတွေနဲ့ ထိတွေ့မှုရှိတယ်။ ဒီလို အခြေအနေမျိုးရှိခဲ့ရင် မဲရုံမှူးကို ခွင့်တိုင်ကြားပြီး တာဝန်လာရောက်ထမ်းဆောင်ခြင်းမပြုဖို့ လိုအပ်ပါတယ်ဆိုတာကို ကျွန်မ ဖြေကြားလိုပါတယ်။

ဝန်ထမ်းတွေအားလုံးက ထုတ်ပေးထားတဲ့ တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းတွေကို မှန်ကန်စွာ ဝတ်နိုင်ဖို့ လိုအပ်ပါတယ်။ Mask ကို သေသေချာချာ တပ်ဖို့ ကျွန်မတို့မှာ ပိုစတာတွေလည်း ရှိတယ်။ ဗီဒီယိုလည်း ရိုက်ထားပါတယ်။ အဲဒီအတိုင်း မှန်ကန်စွာ အသုံးပြုဖို့ လိုပါတယ်။ Face Shield ကိုလည်း မှန်ကန်စွာတပ်ဖို့၊ Gloves ကိုလည်း မှန်ကန်စွာသုံးဖို့ လိုအပ်ပါတယ်။

နေ့လယ်ထမင်းစားချိန်မှာ ခဏဖြုတ်ခဲ့မယ်ဆိုရင်လည်း သေသေချာချာစွန့်ပစ်ပြီး အသစ်ပြန်လည်အသုံးပြုဖို့ လုံလောက်အောင်ပစ္စည်းထုတ်ပေးနိုင်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ထားမယ်ဆိုရင် ကျွန်မတို့ရဲ့ မဲရုံဝန်ထမ်းတွေဘက်ကလည်း လုံခြုံစိတ်ချစွာ တာဝန်ထမ်းဆောင်နိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

### လုံခြုံစိတ်ချစွာမဲပေး

အခြားတစ်ဖက်က မဲဆန္ဒရှင်တွေကလည်း ကျွန်မတို့ ထုတ်ပေးတဲ့ KN95 Mask ကို သုံးပြီး ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ လမ်းညွှန်ချက်အတိုင်း မှန်ကန်တိကျစွာ အသုံးပြုပြီးဆောင်ရွက်သွားမယ်ဆိုရင် လုံခြုံစိတ်ချစွာ မဲပေးနိုင်မှာ ဖြစ်ပါတယ်။

နောက်ကျွန်မတို့ ကျန်းမာရေးအပိုင်းက တာဝန်ရှိတဲ့ အပိုင်း ၂ ချက်ကျန်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ မဲပေးပြီးလို့ အကုန်လုံးပြန်သွားလို့ မဲရုံပိတ်ပြီးတဲ့အချိန်၊ မဲရေတွက်ရမှာ ဖြစ်ပါတယ်။ မဲရေတွက်ခြင်းလုပ်ငန်းတွေကိုလည်း စနစ်တကျဆောင်ရွက်ရမှာ ဖြစ်တယ်။ မဲရေတွက်တဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးလည်း KN95 Mask ၊ Face Shield နဲ့ Surgical Gloves တွေကို မဖြစ်မနေ ဝတ်ဆင်ပြီးမှ မဲရေတွက်ရမှာ ဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ၆ ပေ အကွာအဝေးထားပြီး ရေတွက်ရမယ်။ လိုအပ်ရင် Hand Sanitizer Spray နဲ့လည်း လက်ကို မကြာခဏသန့်စင်ပြီး စီစဉ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ အုပ်စုတစ်ခုရှိပါတယ်။ မဲရုံအတွင်းမှာ မဲရုံဝန်ထမ်းအပြင်၊ မဲဆန္ဒရှင်တွေအပြင် မဲပေးတဲ့အချိန်မှာ စောင့်ကြည့်နေမယ့်ပါတီက ပုဂ္ဂိုလ်တွေ၊ လာရောက်လေ့လာသူတွေကလည်း ကျွန်မတို့ သတ်မှတ်ပေးထားတဲ့ တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းတွေကို ဝတ်ဆင်ပြီး ၆ ပေစီခြားပြီးမှ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ မဲရေတွက်တဲ့အချိန်မှာလည်း ဒီပုဂ္ဂိုလ်တွေသည် ဒီလိုစည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာပြီး စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မဲပေးပြီးတဲ့အခါ၊ မဲရေတွက်မှုလုပ်ငန်းတွေ အကုန်လုံးပြီးသွားတဲ့အခါ ကျွန်မတို့အနေနဲ့ ပိုးသတ်ခြင်းလုပ်ငန်းကိုလည်း စနစ်တကျဆောင်ရွက်သွားဖို့ လုပ်ငန်းလမ်းညွှန်မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ မဲရုံဝန်ထမ်းတွေရော၊ စေတနာ့ဝန်ထမ်းတွေရော ဒီလုပ်ငန်းလမ်းညွှန်အတိုင်း အတိအကျဆောင်ရွက်သွားကြမယ်ဆိုရင် ပြည်သူတွေအားလုံးသည် စိတ်ချယုံကြည်စွာရွေးကောက်ပွဲမှာ မဲပေးနိုင်မယ်ဆိုတာကို ယုံကြည်ပါတယ်။ ရွေးကောက်ပွဲကလည်း ဒီအစီအမံတွေနဲ့ အောင်မြင်စွာ ကျင်းပနိုင်မယ်လို့ ယုံကြည်ကြောင်း တင်ပြလိုပါတယ်။

ဒီနေ့မှာ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ မေးခွန်းတွေကို ရွေးထုတ်ပြီး ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့အစီအစဉ်မှာ ဖြေကြားပေးတဲ့ ဆရာကြီး ပါမောက္ခဒေါက်တာဦးစိုးလွင်ငြိမ်းနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဆရာဦးဝင်းဦးခိုင်တို့ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ရှင်။

## ညောင်တုန်းမြို့နယ်၌ ကိုဗစ်လူနာတစ်ဦး ဆေးရုံဆင်းခွင့်ရ၊ ဆေးရုံမှဆင်းသူ စုစုပေါင်း ၂၂ ဦးထိရှိ

**ညောင်တုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းကြီးတိုက်နယ်ဆေးရုံတွင် တက်ရောက်နေသော ကိုဗစ်–၁၉ လူနာတစ်ဦးသည် ရောဂါသက်သာပျောက်ကင်းသွားသည့်အတွက် ယမန်နေ့ မွန်းလွဲပိုင်းက ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါပိုးကူးစက်ခံရသူ ၂၇ ဦးရှိပြီဖြစ်သည်။ ယခုဆေးရုံဆင်းခွင့်ရရှိသူတစ်ဦးအပါအဝင် နိုဝင်ဘာ ၃ ရက်အထိ ရောဂါပိုးတွေ့ရှိထားသူ စုစုပေါင်းလူနာ ၂၂ ဦးအား ဆေးရုံမှဆင်းခွင့်ပြုထားကြောင်း သိရသည်။ ရောဂါပိုးတွေ့ရှိသူများအား မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုးလှိုင်ဦးနှင့်ကျန်းမာရေးဝန်ထမ်းများက ကုသပေးလျက်ရှိသည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ အခု ၂၀ ဖွင့်လှစ်ထားရှိကာ ပိုးတွေ့လူနာများနှင့်ထိတွေ့ခဲ့သူများ၊ နေရပ်ပြန်အသွားအလာ ကန့်သတ်ထားသူများအား ကြပ်မတ်စောင့်ကြည့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်တုန်းမြို့နယ်တွင် နိုဝင်ဘာ ၃ ရက်အထိ အထက (၂) ညောင်တုန်း အရန်ဆေးရုံတွင် ကိုဗစ်–၁၉ ပိုးတွေ့လူနာ ငါးဦးကျန်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထွန်းကျော်၊(ညောင်တုန်း)

# အရှေ့တောင်အာရှနိုင်ငံများနှင့် ကာကွယ်ဆေးနိုင်ငံရေးအခင်းအကျင်း

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)




ကိုဗစ်-၁၉ ကပ်ရောဂါအတွက် ကာကွယ်ဆေးရရှိဖို့ဟာ အလွန်အရေးကြီးတဲ့ အရေးကိစ္စအဖြစ် ကမ္ဘာ့ရေးရာမှာ ရှေ့တန်းရောက်လာပါတယ်။ ကာကွယ်ဆေးတွေရရှိမှုဟာ ကျန်းမာရေးအတွက်သာမက နိုင်ငံရေးအရပါ အရေးပါလာတာမို့ ကာကွယ်ဆေးနိုင်ငံရေးအခင်းအကျင်းအဖြစ် အလေးထားဆောင်ရွက်လာကြတာကို တွေ့နိုင်ပါတယ်။

**ဆေးအမျိုးပေါင်း ၃၂၀ ခန့်တို့ကို စမ်းသပ်**

၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းကစပြီး ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးထုတ်လုပ်ဖို့ ဆေးအမျိုးပေါင်း ၃၂၀ ခန့်တို့ကို စမ်းသပ်ခဲ့ကြပါတယ်။ အခုအခါ အဆင့် (၃) ဖြစ်တဲ့ လူအများမှာစမ်းသပ်တဲ့ ဆေး ၁၁ ခု၊ အဆင့် (၁) ဖြစ်တဲ့ လူအရေအတွက်အနည်းငယ်မှာ စတင်စမ်းသပ်ခြင်း၊ အဆင့် (၂) ဖြစ်တဲ့ ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေ အပါအဝင် လူရာဂဏန်းခန့် စမ်းသပ်တဲ့အဆင့်ရောက်နေတဲ့ ဆေးတွေကလည်း ဆယ်ဂဏန်းခန့်ရှိနေပြီလို့ သိရပါတယ်။ နိုင်ငံအသီးသီးက မိမိတို့နိုင်ငံကာကွယ်ဆေးရရှိမှုအတွက် ကြိုတင်ဆောင်ရွက်လာကြရပါတယ်။

ထိုင်းအစိုးရ အမျိုးသားကာကွယ်ဆေးကော်မတီက လာမယ့် ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေးအလုံးရေ ၆၆ သန်းဝယ်ယူဖို့ ဘတ်ငွေ ၂ ဒသမ ၉၃ ဘီလီယံ ကြိုတင်လျာထားကြောင်း၊ ထိုင်းအစိုးရ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဖန်ပရာဖာရန်ထရာကူလ်က အောက်တိုဘာလ ၅ ရက်နေ့က ပြောဆိုကြောင်း The Nation သတင်းအရ သိရပါတယ်။ ထိုမျှပမာဏရှိကာကွယ်ဆေးတွေဟာ ထိုင်းပြည်သူ ၆၆ သန်း သို့မဟုတ် လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းအတွက် လုံလောက်နိုင်တယ်လို့ သိရပါတယ်။ ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ခန်ရာဗီးလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အဆိုပါကော်မတီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ကပ်ရောဂါကြိုတင်ကာကွယ်ပြင်ဆင်ရေး ညွှန့်ပေါင်းအဖွဲ့ ကာကွယ်ဆေးမဟာမိတ်အဖွဲ့တို့ ကြီးကြပ်ဆောင်ရွက်တဲ့ Covax Campaign ကတစ်ဆင့် ထိုင်းပြည်သူ ၂၀ ရာခိုင်နှုန်းအတွက် ကာကွယ်ဆေးရရှိရေး တတိယအဆင့် ကာကွယ်ဆေး လူသားစမ်းသပ်မှု ဆောင်ရွက်နေတဲ့ အမေရိကန်၊ တရုတ်၊ ဗြိတိန်၊ ရုရှားနိုင်ငံတို့ရဲ့ ကာကွယ်ဆေးကုမ္ပဏီ ၁၀ ခုက ဝယ်ယူဖို့ဆိုတဲ့ နည်းလမ်း နှစ်ခုနဲ့ ကြိုးစားနေတာဖြစ်ကြောင်း သိရပါတယ်။ လာမယ့်နှစ်မှာတော့ ကာကွယ်ဆေးရရှိမှာဖြစ်ကြောင်း၊ လူတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်လုံး ထိုးနိုင်ကြမှာဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ဆေးသိပ္ပံ ညွှန်ကြားရေးမှူး ဒေါက်တာနခွန် ပရမ်ဆရီက ပြောကြားကြောင်းလည်း သိရပါတယ်။ ရှေ့တန်းမှာ ဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ဦးစားပေးမယ်လို့လည်း သိရပါတယ်။

**ဈေးကွက်ရောက်ဖို့ အတည်မပြုနိုင်သေး**

တရုတ်နိုင်ငံ Sinovac Biotech ကုမ္ပဏီက ထုတ်တဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို နိုင်ငံအရှေ့ပိုင်းရှိ မြို့တစ်မြို့မှာ စမ်းသပ်နေပြီး တန်ဖိုးဒေါ်လာ ၆၀ တန်တဲ့ ဆေးဖြစ်တယ်၊ ကျန်းမာရေးဝန်ထမ်းတွေကို ထိုးနှံပေးရာမှာ အောင်မြင်တယ်၊ အသက် ၁၈-၅၉ နှစ်အကြား ကျန်းမာနေသူတွေ အလိုရှိကဝယ်ယူနိုင်တယ်၊ ၂၈ ရက် ခြားပြီး ထိုးနိုင်တယ်၊ ယွမ်ငွေ ၄၀၀ ကျမယ်လို့ ကျားကျင်းမြို့ရှိ အာဏာပိုင်တွေက ပြောဆိုကြောင်း အောက်တိုဘာလ ၁၆ ရက်နေ့က AFP သတင်းအရ သိရပါတယ်။ တရုတ်နိုင်ငံထုတ် ကာကွယ်ဆေး ၁၁ မျိုးက လက်တွေ့စမ်းသပ်မှု အဆင့်လေးမျိုးက အဆင့် ၃ စမ်းသပ်မှုဖြစ်တဲ့လူအများမှာ လက်တွေ့စမ်းသပ်မှု အဆင့်ရောက်နေပေမယ့် ဈေးကွက်ရောက်ဖို့ အတည်မပြုနိုင်သေးဘူးလို့ သိရပါတယ်။ အများအတွက် သင့်တော်မယ့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၆၁၀ ခန့်ကို နှစ်စဉ်ထုတ်လုပ်မှာဖြစ်တယ်လို့လည်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတွေကဆိုခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဖြန့်ဖြူးဖို့ လက်မှတ်ရေးထိုးခဲ့ပြီးကြောင်း သိရပါတယ်။ ထူထောင်ငွေ ဒေါ်လာ နှစ်ဘီလီယံနဲ့ ဝင်ငွေနည်းနိုင်ငံ ၉၂ နိုင်ငံကို ကူညီဖို့သဘောတူ ဆောင်ရွက်နေကြောင်း သိရပါတယ်။ BBIBP-CoV ဆိုတဲ့ တရုတ်နိုင်ငံထုတ်ကာကွယ်ဆေးဟာ အလားအလာကောင်းနေပြီး China National Biotech Group(CNBG)ရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Bejing Institute of Biological Products ကထုတ်လုပ်ကြောင်း၊ နိုင်ငံရှိ အလုပ်သမားတွေနဲ့ ကူးစက်လွယ်သူတွေကို ထိုးနှံဖို့ အတည်ပြုပြီးကြောင်း၊ ဘေးကင်းကြောင်းလည်း သိရပါတယ်။ လူပေါင်း ၆၀၀ ကျော်ကို ဧပြီလအတွင်းက အဆင့် (၁)၊ (၂) စမ်းသပ်ထိုးနှံပေးခဲ့ပြီး အခုအခါ အဆင့် (၃) ရောက်နေတဲ့ တရုတ်နိုင်ငံရဲ့ ကာကွယ်ဆေး ၁၀ မျိုးအနက် အားကိုးရတဲ့ဆေးဖြစ်ကြောင်းလည်း သိရပါတယ်။

**မေလအတွင်းမှာ စတင်စမ်းသပ်မည်**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် အခြေပြု Moderna biotech ကုမ္ပဏီကြီးက "စမ်းသပ်ခံသူပေါင်း ၄၅ ဦးတို့မှာ မိမိတို့ရဲ့ကာကွယ်ဆေးက လုံခြုံစိတ်ချရတဲ့ အခြေအနေတွေ့ရှိရတာကြောင့် မကြာမီမှာ အသုံးပြုလာနိုင်တော့မယ်" လို့ ကြေညာပါတယ်။ mRNA -123 အမည်ရ ကာကွယ်ဆေးကို အသက် ၁၈ နှစ်မှ ၅၅ နှစ်ကြား အဆိုပါ စမ်းသပ်ခံသူတွေကို မတ်လနဲ့ ဧပြီလအတွင်းက စမ်းသပ်ခဲ့ပြီး ဆေး နှစ်ကြိမ်ထိုးပေးခဲ့ရာ ကျေနပ်ဖွယ် ပဋိပစ္စည်းတွေရရှိကြောင်း အကြီးအကဲဖြစ်သူ Tal Zaks က ဆိုပါတယ်။ တရုတ်နိုင်ငံ Quality Control Laboratory at the Sinovac Biotech facilities in Beijing ကလည်း ကြိုးစားနေသလိုကမ္ဘာကျော်ဆေးကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ Pfizer၊ Johnson&Johnson၊ Gilead၊ Sanofi၊ Novavax၊ GlaxoSmithKline၊ Oxford တို့ကလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca၊ အောက်စ်ဖို့ဒ်ကာကွယ်ဆေးအုပ်စု၊ သုတေသနအဖွဲ့ ဂျန်နာတို့ပူးပေါင်းပြီး ကိုဗစ်ကာကွယ်ဆေး စမ်းသပ်မှုကို မျောက်တွေကို ပြုလုပ်နေရာ အောင်မြင်နေပြီဖြစ်ကြောင်း၊ ဆေးထိုးနှံပြီး ၁၄ ရက်မှာ ပဋိပစ္စည်း ထွက်ကာ ၂၈ ရက်မှာ ရောဂါပိုးကာကွယ်တဲ့ ပဋိပစ္စည်းအားလုံးထွက်တာကို တွေ့ရသဖြင့် စေတနာ့ဝန်ထမ်း ၁၃၀၀၀ တို့ကို မေလအတွင်းမှာ စတင်စမ်းသပ်မှာဖြစ်ကြောင်း သိရပါတယ်။

**လေယာဉ်အစီး ၈၀၀ လောက် လိုလိမ့်မယ်**

"ရုရှားနိုင်ငံ Gamaleya Institute ကထုတ်လုပ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေဟာ လူသားတွေမှာ စမ်းသပ်မှုအဆင့်တွေ ပြီးဆုံးအောင်မြင်ပြီဖြစ်ပြီး ဆေးဝါးမှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနဲ့ လူအများစုတို့ကို ၂၀၂၁ ခုနှစ်အစပိုင်းတွင် ကာကွယ်ဆေးထိုးနှံမှုတွေ ဆောင်ရွက်နိုင်မယ်" ဟု ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Mikhail Murashko က ပြောဆိုပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကျောင်းဆရာတွေကို ဦးစားပေးထိုးနှံမှာ ဖြစ်ပါတယ်။ ဩဂုတ်လ ၁၁ ရက်နေ့က ရုရှားသမ္မတ ပူတင်က "Sputnit V" လို့ အမည်ပေးထားတဲ့ ကမ္ဘာ့ပထမဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Moscow's Gamaleya Institute က စမ်းသပ်ချိန်နှစ်လ မပြည့်မီမှာပင် ထုတ်လုပ်နိုင်ခဲ့ပြီ။ ထိုဆေးဟာ ကိုရိုနာဗိုင်းရပ်စ် ပိုးခုခံနိုင်တဲ့ ပဋိပစ္စည်းတွေ ထုတ်လုပ်တယ်။ သမ္မတကြီးရဲ့သမီးကိုပင် စမ်းသပ်ထိုးနှံပြီးဖြစ်တယ် စသည်ဖြင့် ကြေညာပါတယ်။ သို့သော် တိကျတဲ့ ဆေးသိပ္ပံဆိုင်ရာအချက်အလက်တွေ ပြည့်စုံခြင်း မရှိသေးလို့ ၁၅ - ၈- ၂၀၂၀ နေ့အထိ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက အတည်မပြုနိုင်သေးဘဲ စောင့်ကြည့်နေကြောင်း နိုင်ငံတကာလိုက်နာရမယ့် ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့ အကြံပြုထား ပါတယ်။ ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေကို ကမ္ဘာ့နိုင်ငံအသီးသီးက အမြန်ဆုံးရရှိဖို့ ဆက်သွယ်ကြိုးပမ်းနေကြတဲ့အတွက် ကာကွယ်ဆေးသာရရှိပါက တစ်ကမ္ဘာလုံးကိုပို့ဖို့ လေယာဉ်အစီး ၈၀၀ လောက် လိုလိမ့်မယ်လို့တောင် သတင်းတစ်ရပ်က ဆိုပါတယ်။

**ကမ္ဘာ့အခင်းအကျင်းတစ်ခုအဖြစ် တွေ့ရ**

အရှေ့တောင်အာရှနိုင်ငံတွေကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖို့အတွက် စိတ်ဝင်တစား ကြိုတင်ဆောင်ရွက်နေမှုတွေ တွေ့ရပါတယ်။ "Vaccine Diplomacy" ကာကွယ်ဆေးအတွက် နိုင်ငံတကာဆက်သွယ်ဆောင်ရွက်မှုတွေကို ကမ္ဘာ့အခင်းအကျင်းတစ်ခုအဖြစ် တွေ့ရပါတယ်။ ကိုဗစ် - ၁၉ ကပ်ရောဂါနဲ့အတူ "Mask Diplomacy" မတ်စ်ဒစ်ပလိုမေစီဆိုတဲ့ နှာခေါင်းစည်း တပ်ဆင်ရေးအခင်းအကျင်းလည်း ဖြစ်လာခဲ့ပြီးပါပြီ။ မဲခေါင်ဒေသတွင်း နိုင်ငံတွေဖြစ်ကြတဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတွေအနေနဲ့ တရုတ်နိုင်ငံက ကာကွယ်ဆေးထုတ်တဲ့အခါ ဦးစားပေးရရှိနိုင်စေဖို့ တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းက ၂၀၂၀

**☆ အရှေ့တောင်အာရှနိုင်ငံတွေကလည်း ကိုဗစ် - ၁၉ ကာကွယ်ဆေးရရှိဖို့အတွက် စိတ်ဝင်တစား ကြိုတင်ဆောင်ရွက်နေမှုတွေ တွေ့ရပါတယ်။ "Vaccine Diplomacy" ကာကွယ်ဆေးအတွက် နိုင်ငံတကာဆက်သွယ်ဆောင်ရွက်မှုတွေကို ကမ္ဘာ့အခင်းအကျင်းတစ်ခုအဖြစ် တွေ့ရ။**

ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့က ပြောကြားကြောင်း သိရပါတယ်။ နောက်တစ်နေ့မှာပဲ တရုတ်နိုင်ငံပိုင်ကာကွယ်ဆေး ထုတ်လုပ်ရေး Sinovac က အင်ဒိုနီးရှားနိုင်ငံ PT Bio Farma ကုမ္ပဏီနဲ့ပူးပေါင်းပြီး ကာကွယ်ဆေးထုတ်လုပ်ဖို့ အစီအစဉ်ရှိကြောင်း ကြေညာလိုက်ပါတယ်။ တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးတွေရရှိဖို့ ဖိလစ်ပိုင်နိုင်ငံကတရုတ်နိုင်ငံကို အဆိုပြုထားပြီးဖြစ်သလို မလေးရှားနိုင်ငံကလည်း ကြိုတင်ညှိနှိုင်းနေကြောင်း သိရပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက တရုတ်နိုင်ငံက ထုတ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေဟာ တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်မှာဖြစ်ပြီး ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံအနေနဲ့ မဲခေါင်ဒေသတွင်း၊ တောင်တရုတ်ပင်လယ်ဒေသအတွင်းက ဖြေရှင်းစရာကိစ္စတွေမှာ မျက်နှာရစရာအခြေအနေ ဖြစ်လာနိုင်တယ်လို့လည်း နိုင်ငံရေးသုံးသပ်သူတွေက ယူဆကြပါတယ်။

စက်တင်ဘာလအတွင်း ဩစတြေးလျနိုင်ငံက အပြည်ပြည်ဆိုင်ရာ ကာကွယ်ဆေးထုတ်လုပ်ရေးအဖွဲ့ကြီး(GAVI) ထံ ဒေါ်လာ ၅၈ သန်း ထည့်ဝင်လိုက်ပါတယ်။ GAVI ဟာ COVAX ကာကွယ်ဆေးထုတ်လုပ်ရေးအဖွဲ့ကြီးနဲ့လက်တွဲပြီး ကိုဗစ်- ၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ဖို့အတွက် အပြင်းအထန်ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့လည်း အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ တီမောလက်စ်တေတို့နဲ့ သူ့ရဲ့ "Pacific Family" ဆိုတဲ့ ပစိဖိတ်သမုဒ္ဒရာမိသားစုကျွန်းနိုင်ငံ ရှစ်ခုအတွက် ကာကွယ်ဆေးရရှိစေနိုင်ဖို့ ကြိုးစားလိုတာ ဖြစ်ပါတယ်။ အဆိုပါဒေသတွေအတွင်း တရုတ်နိုင်ငံရဲ့ ဩဇာကြီးထွားလာမှုကို ဟန့်တားလိုတာလည်းဖြစ်နိုင်တယ်လို့ ယူဆကြပါတယ်။ ရုရှားနိုင်ငံက သူ့ရဲ့ Sputnit V အမည်နဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အစောဆုံးလို့ ဆိုရလောက်အောင် ထုတ်လုပ်ပြသခဲ့ပါတယ်။ Sputnit V ဟာ ၁၉၅၇ ခုနှစ်က ဆိုဗီယက်ယူနီယံက ကမ္ဘာပတ်လမ်းကြောင်းထဲ လွှတ်တင်ခဲ့တဲ့ အာကာသယာဉ်ရဲ့အမည် ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံကလည်း သူ့ကိုယ်ပိုင် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ထုတ်လုပ်နေဆဲ ဖြစ်ပါတယ်။ ရုရှားရဲ့ Sputnit V ကာကွယ်ဆေး အောင်မြင်ပါက ဆေးအလုံးရေ သန်း ၁၅၀ ဝယ်ယူဖို့လည်း ကြိုတင်ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။ ဖိလစ်ပိုင်သမ္မတကြီး မစ္စတာရိုဒရီဂိုဒူတာတေးကတော့ သူကိုယ်တိုင် ရုရှားကာကွယ်ဆေးကို အထိုးခံစမ်းသပ်ထားပြီးပြီလို့ ဆိုပါတယ်။

**ဩဇာမကျဆင်းရအောင် အာရုံစိုက်**

အခုလိုအခြေအနေမှာ အမေရိကန်နိုင်ငံကလည်း အရှေ့တောင်အာရှဒေသအတွင်း သူ့ရဲ့ဩဇာမကျဆင်းရအောင် အာရုံစိုက်လာရပါတယ်။ စက်တင်ဘာလအတွင်းက အမေရိကန်နိုင်ငံရဲ့ Duke University နဲ့ ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Arcturus တို့က စင်ကာပူနိုင်ငံနဲ့တွဲဖက်ပြီး Lunar-Cov19 ဆိုတဲ့ ကာကွယ်ဆေးကို ထုတ်လုပ်ဖို့ သဘောတူညီကြပြီးဖြစ်ကြောင်း သိရပါတယ်။ ဒီဆေးဟာ အမေရိကန်နိုင်ငံမှာ ပထမအဆင့် စမ်းသပ်မှုတွေ ဆောင်ရွက်နေကြောင်း သိရပါတယ်။ အလားတူပဲ အမေရိကန်ကာကွယ်ဆေးကုမ္ပဏီကြီးဖြစ်တဲ့ Novavax ကလည်း အိန္ဒိယနိုင်ငံ Serum Institute of India နဲ့ တွဲဖက်ပြီး ကာကွယ်ဆေးထုတ်လုပ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အမေရိကန်သမ္မတကြီး မစ္စတာထရမ့်ရဲ့ အမေရိကန်သာပထမ "The American First" သဘောတရားအရ ကိုဗစ်- ၁၉ အခင်းအကျင်းမှာလည်း တရုတ်နဲ့အခြားနိုင်ငံတွေထက်ကျော်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ သူ့ရဲ့ဓနအင်အား၊ ပညာရှင်တွေရဲ့အင်အားနဲ့ ကြိုးစားနေတာကိုလည်း တွေ့ရပါတယ်။

ဝါရှင်တန် အခြေစိုက်နည်းဗျူဟာနဲ့ အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာနကြီးရဲ့ လေ့လာမှုတွေအရ အမေရိကန်နိုင်ငံအနေနဲ့ အရှေ့တောင်အာရှရဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း ကူညီထောက်ပံ့မှု နှေးကွေးနေကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။ ဒါကြောင့် အမေရိကန်အစိုးရက ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းက အရှေ့တောင်အာရှ ကိုဗစ်- ၁၉ ကပ်ရောဂါ တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် ကူညီမှု ပမာဏလေးဆဖြစ်တဲ့ ဒေါ်လာ ၁၈ သန်းမှ ၇၇ သန်း ကူညီပေးခဲ့ပါတယ်။ အများစုကို ငွေသားနဲ့ကူညီခဲ့တာမို့ ငွေသားနဲ့ကူညီမှုမှာ အများဆုံးလို့ ဖော်ပြပါတယ်။ အမေရိကန်ဆေးပညာရှင်တွေရဲ့ ကြိုးစားမှုနဲ့အတူ အများအားထားရတဲ့ ကာကွယ်ဆေးကိုလည်း ရရှိနိုင်မှာဖြစ်လို့ ကာကွယ်ဆေးပြိုင်ဆိုင်မှုဟာ အတော်အားကောင်းနေမှာဖြစ်ကြောင်းပါ သိရပါတယ်။

ကိုဗစ်- ၁၉ကာကွယ်ဆေးဟာ ကပ်ရောဂါကြီးကို ကာကွယ်ဖို့အရေးပါလှသလို ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းမှာ ထိပ်တန်းရောက်လာနေကြောင်း တွေ့မြင်နေရကြောင်းပါခင်ဗျား။ ။

**Reference..**

**By Sebastian Strangio**
**September 04, 2020**
**The Diplomat**
**(Southeast Asia's Coming COVID-19 Vaccine Windfall ဆောင်းပါး)။**

# တူရကီနိုင်ငံ၌ ငလျင်လှုပ်ခဲ့ပြီး ၉၁ နာရီအကြာတွင် အကျိုးအပဲ့များအောက်မှ လေးနှစ်အရွယ်မိန်းကလေးအား အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့

**အစ္စတန်ဘူလ် နိုဝင်ဘာ ၃**

တူရကီ ကူညီကယ်ဆယ်ရေးအသင်းသည် အောက်တိုဘာ ၃၀ ရက်က နိုင်ငံ၏ အနောက်ဘက် အစ်ဇ်မီယာ ပြည်နယ်၌ ၆ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ပြီးနောက် ၉၁ နာရီအကြာတွင် အဆောက်အအုံ အကျိုးအပဲ့များအောက်မှ အသက်လေးနှစ်အရွယ် မိန်းကလေးတစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ ဖော်ပြထားသည်။

အဆောက်အအုံ အကျိုးအပဲ့များအောက်၌ ပိတ်မိသွားသည့် အဆိုပါကလေးအား ကူညီကယ်ဆယ်ရေးအဖွဲ့က အဆောက်အအုံ အကျိုးအပဲ့များအောက်မှ ကယ်တင်နေသည့် ဗီဒီယိုပြကွက်တစ်ခုကို ဒေသဆိုင်ရာရုပ်သံတစ်ခုဖြစ်သည့် အင်န်တီဗွီက တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

အဆောက်အအုံ အကျိုးအပဲ့များ၏ အောက်တွင် ပိတ်မိသွားသည့် အဆိုပါမိန်းကလေးငယ်ကို ၎င်းတို့၏



တိုက်ခန်း မီးဖိုချောင်ထဲတွင်တွေ့ရှိပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက အင်န်တီဗွီသို့ ပြောကြားသည်။

လက်ရှိအချိန်အထိ တူရကီနိုင်ငံ၌ ငလျင်ဒဏ်ကြောင့် သေဆုံးသူ ၁၀၂ ဦး ရှိပြီး ဒဏ်ရာရရှိသူ ၁၀၂၆ ဦး ရှိလာကြောင်း တူရကီ သဘာဝဘေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ ငလျင်ဒဏ်ကြောင့် အစ်ဇ်မီယာပြည်နယ်၌ အဆောက်အအုံ ငါးလုံးပြိုကျသွားပြီး ကူညီကယ်ဆယ်ရေး အဖွဲ့သည် အဆိုပါအဆောက်အအုံများ၏အကျိုးအပဲ့များကြားတွင် နေ့ရောညပါ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**



# ဂျော်ဂျီယာဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**တီဘလီဆီ နိုဝင်ဘာ ၃**

ဂျော်ဂျီယာဝန်ကြီးချုပ် ဂျီယော်ဂီဂါခါရီးယားတွင် နိုဝင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

ဝန်ကြီးချုပ်ဂါခါရီးယား၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်တည်ငြိမ်လျက်ရှိသော်လည်း အဆိုပါရောဂါကို တိုက်ဖျက်ရန် နေအိမ်၌ သီးခြားခွဲ၍ နေရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ သတင်းဌာနက ဖော်ပြထားသည်။

ဂါခါရီးယားသည် အောက်တိုဘာ ၃၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ၎င်း၏ လုံခြုံရေးအစောင့်တစ်ဦးနှင့် ထိတွေ့ခဲ့ပြီးနောက် သီးခြားခွဲ၍ နေမည်ဟု နိုဝင်ဘာ ၁ ရက်က လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အတူ ဂျော်ဂျီယာနိုင်ငံ၏ စီးပွားရေးဝန်ကြီး နာတီယာတူနာဗာသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အလုပ်သမားတစ်ဦးနှင့် ထိတွေ့ဆက်ဆံခဲ့ပြီးနောက် နိုဝင်ဘာ ၂ ရက်မှ စ၍ သီးခြားခွဲပြီးနေရကြောင်း သိရသည်။

ဂျော်ဂျီယာနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၅၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၂၅၇၉ ဦးရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၁၆၁ ဦး သေဆုံးခဲ့

**ဂျကာတာ နိုဝင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၁၆၁ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း အင်ဒိုနီးရှား ဆေးဘက်ဆိုင်ရာအသင်းမှ ယနေ့ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

သေဆုံးသွားသည့် အဆိုပါ ဆရာဝန်များသည် ၎င်းတို့တာဝန်ထမ်းဆောင်နေကြစဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် သေဆုံးသွားခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ဆေးဘက်ဆိုင်ရာအသင်း၏ ရောဂါလျှော့ချသက်သာစေရေးအဖွဲ့ အကြီးအကဲ အာဒစ်ဘ်ခူမိုင်ဒီက ပြောကြားသည်။

**သေဆုံး**

အရှေ့ဂျာဗားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၃၃ ဦးသေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသများအနက် သေဆုံးမှုအများဆုံးဖြစ်လာခဲ့သည်။ ထို့အတူ မြို့တော်ဂျကာတာ၌ ၂၄ ဦး၊ မြောက်ဆူမတြား၌ ၂၃ ဦး၊ အနောက်ဂျာဗား၌ ၁၂ ဦးနှင့် အလယ်ဂျာဗား၌ ၁၀ ဦးစသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန်များ အသီးသီးသေဆုံးခဲ့ကြသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# ဩစတြီးယားနိုင်ငံ၏ ဒီမိုကရေစီရင့်ကျက်မှုကို ချည့်နဲ့စေရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ခြိမ်းခြောက်လာခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှုမြင်

**ဗီယင်နာ နိုဝင်ဘာ ၃**

ယမန်နေ့တွင် ဗီယင်နာမြို့လယ်၌ ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုမှာ ဩစတြီးယားနိုင်ငံ၏ ဒီမိုကရေစီရင့်ကျက်မှုကို အားနည်းသွားစေရေးအတွက် အစ္စလာမ္မစ်နိုင်ငံတစ်နိုင်ငံ၏ ကြိုးကိုင်မှုကြောင့် ပေါ်ပေါက်လာသည့်ဖြစ်ရပ်ဖြစ်ကြောင်း ဩစတြီးယားနိုင်ငံပြည်ထဲရေးဝန်ကြီး နီဟန်းမားက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် တိုက်ခိုက်သူအပါအဝင် ငါးဦးသေဆုံးခဲ့ကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။ ပြည်သူများအနေဖြင့် အိမ်ထဲမှာပင် နေထိုင်ခြင်းဖြင့် အကြမ်းဖက်သမားများ၏ ပစ်မှတ်ဖြစ်ခြင်းမှ ရှောင်ရှားကြရန်လည်း ဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ယမန်နေ့ ညနေအချိန်တွင် လက်နက်ကိုင်များက ဗီယင်နာမြို့လယ်ရှိ နေရာခြောက်ခုတွင် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မျက်မြင်သက်သေများ၏ အဆိုအရ ညမထွက်ရအမိန့်အာဏာ မသက်ရောက်မီ ဘားများတွင် စုဝေးနေသူများဆီသို့ ရိုင်ဖယ်ကိုင်ဆောင်ထားသည့် သေနတ်သမားက ပြေးဝင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီး နီဟန်းမားက “ကျွန်တော့်အတွေ့အကြုံအရဆိုရင် ဒါက အစ္စလာမ္မစ် အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်လို့ ပြောနိုင်ပါတယ်။ ၇၅ နှစ်ကျော်ကြာ ဒီမိုကရေစီစနစ် ကျင့်သုံးလာပြီး ဒီမိုကရေစီ ရင့်ကျက်နေပြီဖြစ်တဲ့ ဩစတြီးယားဟာ စံတန်ဖိုးတွေဖြစ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ တရားဥပဒေစိုးမိုးရေး၊ လူသားများအားလုံး အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးတို့ကို ကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများက ဒီမိုကရေစီ စံတန်ဖိုးများ လျော့ပါးချည့်နဲ့လာရေးအတွက် ရည်ရွယ်တိုက်ခိုက်လာခြင်းဖြစ်ပါတယ်”ဟု ဆိုသည်။

ဗီယင်နာသည် ပါရီ၊ လန်ဒန်၊ ဘာလင်နှင့် ဘရပ်ဆဲလ်မြို့တို့ပြီးနောက် အကြမ်းဖက်သမားတို့၏ နောက်ထပ် ပစ်မှတ်ဖြစ်လာခဲ့သည့် မြို့တော်ဖြစ်လာခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဗီယင်နာမြို့တော်တစ်ဝန်းလုံးကို လုံခြုံရေးတိုးမြှင့်ချထားခဲ့သည်။

ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဂျာမနီ၊ နော်ဝေနှင့် ဂရိနိုင်ငံတို့က အဆိုပါ တိုက်ခိုက်ခံရမှုအတွက် ဝမ်းနည်းအံ့အားသင့်ရကြောင်း ဖော်ပြခဲ့ကြသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - မေလဲ့သင်း**



နိုဝင်ဘာ ၃ ရက်က ဗီယင်နာမြို့လယ်တွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်မှုကို တွေ့ရစဉ်။

# ပြင်သစ်ဘာသာရေးကျောင်း တိုက်ခိုက်သူတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိ

**နီးစ်(ပြင်သစ်) နိုဝင်ဘာ ၃**

အောက်တိုဘာ ၂၉ ရက်က ပြင်သစ်နိုင်ငံရှိ ရိုမန်ကက်သလစ် ဘာသာရေးကျောင်းတစ်ကျောင်း၌ ဓားဖြင့်တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် သုံးဦးသေဆုံးစေခဲ့သည့် ပြစ်မှုကျူးလွန်သူ တူနီးရှားနိုင်ငံသားတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ရာ အမှုစစ်ကြော မေးမြန်းမှုကိုလည်း နှောင့်နှေးကြန့်ကြာစေနိုင်ကြောင်း စုံစမ်းရေးအဖွဲ့နှင့် နီးစပ်သော သတင်းရင်းမြစ်က ပြောကြားသည်။

ဘရာဟင်အီဆောင်ဝီဆိုသူ တူနီးရှားနိုင်ငံသားသည် ဘာသာရေးကျောင်း၌ ဓားဖြင့်တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် လုံခြုံရေးရဲတပ်ဖွဲ့က သေနတ်ဖြင့် အချက်ပေါင်းများစွာပစ်ခတ်ခဲ့ပြီး ဆေးရုံတင်ထားရကြောင်း သိရသည်။ တိုက်ခိုက်ရေးသမားကို စစ်ကြောမေးမြန်းမှု မလုပ်ရသေးကြောင်း၊ အကြောင်းမှာ ၎င်း၏ ရောဂါအလားအလာ မသေချာသေးသောကြောင့်ဖြစ်ကြောင်း အခြားစုံစမ်းရေးသတင်းရင်းမြစ်က ဖော်ပြထားသည်။

တူနီးရှားနိုင်ငံ၏ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်ဟု သိရသော အီဆောင်ဝီသည် ပြီးခဲ့သည့်လက ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အီတလီမီဒီယာများ၏ ဖော်ပြချက်အရ အီဆောင်ဝီကို သင်္ဘောတစ်စင်းအပေါ် အတူလိုက်ပါလာသည့် ရွှေ့ပြောင်းနေထိုင်သူ ၄၀၀ နီးပါးနှင့်အတူ သင်္ဘောပေါ်၌ သီးခြားစောင့်ကြည့်ထားပြီး အောက်တိုဘာ ၉ ရက်က ဘာရီဆိပ်ကမ်းမြို့တွင် သင်္ဘောပေါ်မှ ဆင်းသက်ခွင့်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

အီဆောင်ဝီသည် အောက်တိုဘာ ၂၇ ရက်က အီတလီနိုင်ငံမှတစ်ဆင့် ပြင်သစ်နိုင်ငံ နီးစ်မြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် နှစ်ရက်အကြာတွင် ဘာသာရေးကျောင်း၌ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးသမားများက ပြောကြားသည်။

အမျိုးသမီးတစ်ဦးကို လည်ပင်းဖြတ်ထားပြီး ဘာသာရေးကျောင်းအလုပ်သမားကို ဘာသာရေးကျောင်းထဲတွင် ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း သိရသည်။ ကျန်အမျိုးသမီးတစ်ဦးသည် ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဓားဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**

# အိန္ဒိယနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အောက်တိုဘာလတွင် ၆ ဒသမ ၉၈ ရာခိုင်နှုန်းမြင့်တက်

**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စက်တင်ဘာလအတွင်းက ၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့ရာမှ အောက်တိုဘာလတွင် ၆ ဒသမ ၉၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ၏ လွတ်လပ်သောစီးပွားရေးစောင့်ကြည့်ရေးစင်တာ(စီအမ်အိုင်အီး)က ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

မြို့ပြဒေသများ၏ အလုပ်လက်မဲ့နှုန်းသည်လည်း ကျဆင်းမှုရှိခဲ့သလို စက်တင်ဘာလအတွင်းက ၈ ဒသမ ၄၅ ရာခိုင်နှုန်းရှိခဲ့ရာမှ အောက်တိုဘာလတွင် ၇ ဒသမ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံ၏ ကျေးလက်ဒေသများတွင် အလုပ်လက်မဲ့နှုန်းသည် စက်တင်ဘာလအတွင်းက ၅ ဒသမ ၈၆ ရာခိုင်နှုန်းရှိခဲ့ရာမှ အောက်တိုဘာလတွင် ၆ ဒသမ ၉၀ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့ပြီးနောက် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါက ကမ္ဘာ့လူဦးရေ ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပြည်သူ ၈ ဒသမ ၂ သန်းကို ဆိုးကျိုးဖြစ်ပေါ်စေခဲ့ခြင်းကြောင့် အလုပ်လက်မဲ့နှုန်းများ မြင့်တက်ခဲ့ခြင်းလည်း ဖြစ်သည်။

ထို့ပြင် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအခွန်စုဆောင်းခြင်းမှ ရရှိသည့်ဝင်ငွေသည် ယခုနှစ် အောက်တိုဘာလအတွင်းက အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံအထိသာ စုဆောင်းနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇ ဘီလီယံအထိ စုဆောင်းနိုင်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**





# ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့၏ ၁၀ စုနှစ်အတွင်း ပထမဦးဆုံးအကြိမ် ရေတပ်ပူးတွဲလေ့ကျင့်မှု စတင်

**နယူးဒေလီ နိုဝင်ဘာ ၃**

၁၀ စုနှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့၏ ရေတပ်ဆိုင်ရာ ပူးတွဲလေ့ကျင့်မှုကို ယနေ့တွင် စတင်ခဲ့ကြောင်း အိန္ဒိယအစိုးရ၏ သတင်းရင်းမြစ်တစ်ခုက အတည်ပြုသည်။

မူလက ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့သာ ပူးတွဲလေ့ကျင့်ရန် စီစဉ်ထားသော်လည်း ဩစတြေးလျနိုင်ငံကပါ အဆိုပါလေ့ကျင့်မှုတွင် ပါဝင်လာခဲ့သဖြင့် Quad ဟု ခေါ်ဆိုသည့် အင်ဒို-ပစိဖိတ်ဒေသ ဒီမိုကရေစီ အင်အားကြီးလေးနိုင်ငံလုံးပါဝင်သည့် စစ်ရေးလေ့ကျင့်မှုလည်း ဖြစ်လာခဲ့သည်။ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ပူးတွဲလေ့ကျင့်မှုအပြီးတွင်လည်း ယခုလေ့ကျင့်မှုတွင် အသုံးပြုခဲ့သည့် တိုက်လေယာဉ်များကို အမေရိကန်ပြည်ထောင်စုဘက်မှ ဆက်လက်ဖြန့်ကြက်ထားဦးမည်ဖြစ်ကြောင်း သိရသည်။

ယခုစစ်ရေးလေ့ကျင့်မှုတွင် အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အိန္ဒိယသည် တရုတ်နိုင်ငံနှင့် နယ်စပ်ပြဿနာရှိနေသလို ဩစတြေးလျနိုင်ငံကလည်း ကိုရိုနာဗိုင်းရပ်စ်သည် တရုတ်မှ စတင်ဖြစ်ခဲ့သည်ဟူသော စွပ်စွဲမှုပြုခဲ့သောကြောင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေပြီး ဂျပန်နှင့် တရုတ်နှစ်နိုင်ငံတို့ကလည်း ကျွန်းပိုင်ဆိုင်မှု အငြင်းပွားနေဆဲဖြစ်သည်။ ယခုလုပ်ဆောင်ချက်သည် စစ်အေးတိုက်ပွဲကို သွတ်သွင်းနေသည့် အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်ဖြစ်ကြောင်း တရုတ်ဘက်မှ စွပ်စွဲခဲ့သည်။

**ကိုးကား - ဟိန္ဒူစတန်တိုင်းမ်၊ ဘာသာပြန် - မေလဲ့သင်း**

# လီဗာပူးတစ်မြို့လုံးရှိ ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးမည်

**လီဗာပူး နိုဝင်ဘာ ၃**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်နေသည့် လီဗာပူးမြို့နေ ပြည်သူငါးသိန်းကို မြို့လုံးကျွတ် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်သောကြောင့် လီဗာပူးမှာ ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို မြို့လုံးကျွတ် စစ်ဆေးမှုပြုလုပ်သည့် ပထမဦးဆုံးမြို့ဖြစ်လာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု ခံယူရသူအားလုံး သီးခြားခွဲနေထိုင်ရမည့်ကာလကို ၁၄ ရက်မှ ခုနစ်ရက်သို့ လျှော့ချထားပြီး အင်္ဂလန်တစ်နိုင်ငံလုံးကို အသွားအလာကန့်သတ်ထားမှု ပြုထားပြီးဖြစ်သည်။ လီဗာပူးမြို့နေ ပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုကို လာမည့်နိုဝင်ဘာ ၆ ရက်မှ စတင်မည်ဖြစ်ကာ ပြည်သူများအားလုံး လာရောက်စစ်ဆေးခံခြင်း ရှိ၊ မရှိဆိုသည်နှင့် နေအိမ်တွင်းနေထိုင်ခြင်း ရှိ၊ မရှိ ဆိုသည်တို့ကို အသေးစိတ်စောင့်ကြည့်ရေးအတွက် စစ်တပ်အင်အား အသုံးပြုဖြန့်ကြက်ထားမည်ဖြစ်သည်။

ရောဂါဖြစ်ပွားသူများကို ချိပ်ပိတ်စာအိတ်ဖြင့် အကြောင်းကြားမည်ဖြစ်ပြီး ထိုသူများက ၎င်းတို့ဘာသာ အိမ်ထဲမှာပင် သီးခြားခွဲနေထိုင်ရမည်ဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ရောဂါပိုး ရှိ၊ မရှိ မြို့လုံးကျွတ် စစ်ဆေးခြင်းဖြင့် ရောဂါလက္ခဏာပြသခြင်း မရှိသူများကို ဖော်ထုတ်နိုင်ပြီး ထိုသူများမှတစ်ဆင့် ရောဂါကူးစက်မှုနှုန်းကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီတလီနိုင်ငံ ဗိုမြို့သည် ကိုဗစ်ရောဂါ စစ်ဆေးမှု မြို့လုံးကျွတ်လုပ်ဆောင်သည့် ကမ္ဘာ့ပထမဆုံးဒေသဖြစ်သည်။ လူဦးရေ ၅ ဒသမ ၄ သန်းသာရှိသည့် ဆလိုဗက်ကီးယားနိုင်ငံက နိုင်ငံတစ်ဝန်းရှိ ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရန် စီစဉ်နေပြီး နိုင်ငံ့လူဦးရေသုံးပုံနှစ်ပုံကို ရောဂါစစ်ဆေးထားအပြီးတွင် စစ်ဆေးမှု၏ ၁ ဒသမ ၀၆ ရာခိုင်နှုန်း ၃၈၃၅၉ တွင် ရောဂါပိုးတွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား- ဂါးဒီးယန်း**
**ဘာသာပြန်-မေလဲ့သင်း**

# ဗီယက်နမ်နိုင်ငံက ပြည်တွင်းဖြစ် ဗိုင်းရပ်စ်ကာကွယ်ဆေး လူသားဖြင့်စမ်းသပ်မှု စတင်တော့မည်



**ဟနွိုင်း နိုဝင်ဘာ ၃**

နာနိုဂျင်ကုမ္ပဏီက သုတေသနပြုပြီး ထုတ်လုပ်သည့် ဗီယက်နမ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုးကို ယခုလအတွင်း လူသားဖြင့် စမ်းသပ်မှုစတင်မည်ဟု မျှော်လင့်ရသည်။

သက်ဆိုင်ရာ စာချုပ်စာတမ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြီးစီးအောင်လုပ်ဆောင်ရန် ဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်သည့် နာနိုဂျင်ကုမ္ပဏီအား ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သိပ္ပံ၊ နည်းပညာနှင့် လေ့ကျင့်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ငုယင်ငေါ်ကွမ်က တောင်းဆိုလိုက်သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့် ၁ စမ်းသပ်မှုကို လူ ၂၀၊ အဆင့် ၂ စမ်းသပ်မှုကို ၆၀၀၊ အဆင့် ၃ စမ်းသပ်မှုကို ၁၀၀၀၀ ကျော်ဖြင့် လုပ်ဆောင်မည်ဖြစ်သည်။ နာနိုဂျင်ဗိုင်းရပ်စ်ကာကွယ်ဆေးက ဗီယက်နမ်နိုင်ငံ၏ အလားအလာအကောင်းဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးအနက် တစ်မျိုးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ဖူးသည်။

ယခုအခါ နာနိုဂျင် ဗိုင်းရပ်စ်ကာကွယ်ဆေးကို ဘေးအန္တရာယ်ကင်းမှုနှင့် ကိုယ်ခံစွမ်းအားအတွက် တိရစ္ဆာန်များနှင့် စမ်းသပ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ နာနိုဂျင်အပြင် IVAC၊ Vabiotech နှင့် Polyvac သုတေသနဌာနတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးမျိုး စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ စမ်းသပ်မှုအောင်မြင်ပါက နာနိုဂျင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးက လူသားဖြင့် စမ်းသပ်သည့် ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော ဗိုင်းရပ်စ်ကာကွယ်ဆေးဖြစ်လာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၃၈ မျိုး လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

**ကိုးကား - ဗွီအင်န်အေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ငွေကြေးခဝါချမှုပြဿနာများ လျှော့ချရေးအတွက် ဒေါ်လာ ၁၀၀၀ တန် ငွေစက္ကူထုတ်ဝေခြင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ စင်ကာပူ ရပ်ဆိုင်းမည်

**စင်ကာပူ နိုဝင်ဘာ ၃**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်လှုပ်ရှားမှုများအတွက် ငွေကြေးလွှဲပြောင်းမှုများကို လျှော့ချနိုင်ရေးအတွက် လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ဒေါ်လာ ၁၀၀၀ တန် ငွေစက္ကူထုတ်ဝေခြင်းအား ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ယခုထုတ်ပြန်သည့်ကာလမှ ဒီဇင်ဘာလအထိ ဒေါ်လာ ၁၀၀၀ တန် ငွေစက္ကူများကို လစဉ်အရွက်ရေအကန့်အသတ်ဖြင့်သာ ထုတ်ဝေတော့မည်ဖြစ်သည်။ တန်ဖိုးမြင့်ငွေစက္ကူများကို အသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက်မှုနှင့် ငွေကြေးခဝါချမှုများ လွှဲပြောင်းလုပ်ဆောင်ရန် လွယ်ကူခြင်းကြောင့် ထုတ်ဝေမှုကို လာမည့်နှစ်ဦးကာလမှစတင်ပြီး ရပ်ဆိုင်းမည်ဖြစ်သော်လည်း အဆိုပါငွေစက္ကူများကို တရားဝင်ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးဖြစ်သည့် ဒေါ်လာ ၁၀၀၀၀ တန် ငွေစက္ကူထုတ်ဝေမှုကို ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် တန်ဖိုးမြင့်ငွေစက္ကူများကို ကိုင်တွယ်သုံးစွဲခြင်းထက် လုံခြုံမှုနှင့် လျင်မြန်မှုအားသာချက်ရှိသည့် အီလက်ထရွန်နစ်ငွေကြေးလွှဲပြောင်းမှုကို ဆောင်ရွက်ရေး စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က တိုက်တွန်းထားသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလဲ့သင်း**

# ရုရှားနိုင်ငံထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၅ သန်း ဝယ်ယူမည်ဟု အာဂျင်တီးနားသမ္မတ အတည်ပြု



**ဗျူနိုအေးရိစ် နိုဝင်ဘာ ၃**

အာဂျင်တီးနားနိုင်ငံက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလကြား ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စပွတ်နစ်ခ်-ဗွီ အလုံးရေ ၂၅ သန်း ရရှိနိုင်ကြောင်း သမ္မတ အဲဘတ်တိုဖာနန်ဒက်ဇ် က ရုရှားမီဒီယာများသို့ ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဒီနှစ် ဒီဇင်ဘာလနဲ့ လာမယ့်နှစ် ဇန်နဝါရီလကြားမှာ ရုရှားနိုင်ငံထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၅ သန်း ရရှိနိုင်မယ့်အနေအထား ရှိပါတယ်" ဟု ရုရှားသတင်းဌာန စပွတ်နစ်ခ်နှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ဖာနန်ဒက်ဇ်က ပြောသည်။ ဒီဇင်ဘာလတွင် အလွန်အရေးပါသော ကာကွယ်ဆေးထိုးမှု စတင်နိုင်ကြောင်း၊ အာဂျင်တီးနားနိုင်ငံရှိ အားနည်းချက်ရှိသောသူများကို ဆေးထိုးပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**ဈေးကွက်တွင်ရောင်းချ**

အာဂျင်တီးနားအာဏာပိုင်များ မော်စကိုမြို့တော်သို့ သွားရောက်ပြီးနောက် ဗိုင်းရပ်စ်ကာကွယ်ဆေးများဝယ်ယူရေး သဘောတူညီချက်ကို အပြီးသတ်ချုပ်ဆိုခဲ့ကြောင်း ဒေသန္တရမီဒီယာများက ပြောသည်။ စပွတ်နစ်ခ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးကို မော်စကိုမြို့တော်ရှိ ဂါမာလီယာ သုတေသနအင်စတီကျုက ထုတ်လုပ်နေပြီး ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့က ဈေးကွက်သို့ ဖြန့်ချိရောင်းချမည်ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ၌ မတ် ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ပထမဆုံး တွေ့ရှိခဲ့ပြီး နိုဝင်ဘာ ၁ ရက် ညပိုင်းအထိ ဗိုင်းရပ်စ်ကူးစက်သူ ၁၁၇၃၅၃၃ ဦးနှင့် သေဆုံးသူ ၃၁၁၄၀ ရှိသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ကျော်ထိုက်စိုး

## အာဖရိကနိုင်ငံများ၏ ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ချေးငွေ ဒေါ်လာ သန်း ၇၀ တောင်ကိုရီးယားနိုင်ငံ ပံ့ပိုးကူညီမည်

**ဆိုးလ် နိုဝင်ဘာ ၃**

အာဖရိကနိုင်ငံများ၏ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရေးတွင် ကူညီရန် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀ ပံ့ပိုးကူညီမည်ဟု တောင်ကိုရီးယားနိုင်ငံက ယနေ့ ပြောကြားလိုက်သည်။

ဂါနာနှင့် တန်ဇန်းနီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့ (EDCF) မှတစ်ဆင့် ပံ့ပိုးကူညီရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ချေးငွေများကို အာဖရိကနိုင်ငံများ၌ ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်မှုများ တိုးချဲ့လုပ်ကိုင်ခြင်းတို့အတွက် သုံးစွဲမည်ဟု အဆိုပါဝန်ကြီးဌာနက ဆိုသည်။ ကိုဗစ်-၁၉ ရောဂါဘေးသင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကူညီရန် ဒေါ်လာ သန်း ၄၀၀ ကျော် သုံးစွဲမည်ဟု တောင်ကိုရီးယားနိုင်ငံက သန္နိဋ္ဌာန်ချပြီးနောက် ယခုကြေညာချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်လအတွင်း တောင်ကိုရီးယားနိုင်ငံသည် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စုစုပေါင်း ဒေါ်လာ သန်း ၂၀၀ ထောက်ပံ့ခဲ့သည်။

ကိုးကား – ယွန်ဟပ်
ဘာသာပြန် – ကျော်ထိုက်စိုး

# ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအကြီးအကျယ်ထိခိုက်မှုကို လျှော့ချရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံချက်အသစ်များ နီပေါနိုင်ငံ ချမှတ်

**ခတ္တမန္ဒူ နိုဝင်ဘာ ၃**

နီပေါနိုင်ငံတွင် ခရီးသွားလုပ်ငန်း ရပ်ဆိုင်းထားခြင်းကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားရန်အတွက် ခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်ရေး စီမံချက်အသစ်ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဌာနညွှန်ကြားရေးမှူးချုပ် တာမန်းက ယနေ့တွင် အတည်ပြုလိုက်သည်။

နီပေါနိုင်ငံတွင် ကမ္ဘာ့အမြင့်ဆုံးတောင် ၁၄ ခုအနက် ရှစ်ခုအထိ တည်ရှိနေပြီး ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင် ရှိသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ တောင်တက်ဝါသနာရှင်များ လာရောက်လည်ပတ်မှုမှတစ်ဆင့် ရရှိသည့်ဝင်ငွေမှာ နိုင်ငံ့စီးပွားရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပြီး ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသူ ရှစ်သိန်းအထိ ရှိသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုကြောင့် ပြည်ဝင်ခွင့်နှင့် ခရီးသွားလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားရာ နီပေါနိုင်ငံ လုပ်သားထု အလုပ်လက်မဲ့နှုန်း မြင့်တက်လာသလို တိုင်းပြည်စီးပွားရေး များစွာထိခိုက်ခဲ့သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်ရေးကို ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်တက်သမားများ၊ ခြေကျင်ခရီးသွားလည်ပတ်သူများအားလုံးကို နီပေါနိုင်ငံသို့လာရောက်လည်ပတ်နိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း တာမန်းက ဆိုသည်။



၂၀၁၈ ခုနှစ်က ဧဝရက်တောင်ပေါ်သို့ ခရီးသွားအများအပြား တက်ရောက်နေမှုကို တွေ့ရစဉ်။

သို့ရာတွင် ဆိုက်ရောက်ဗီဇာရရှိရေးအတွက် ခရီးစဉ်အပြည့်အစုံပါဝင်သည့် သတင်းအချက်အလက် ချိတ်ဆက်ထားသည့် ခရီးသွားကုမ္ပဏီ၊ ကိုရိုနာဗိုင်းရပ်စ် ကင်းရှင်းကြောင်း လက်မှတ်၊ ဟိုတယ်တွင် ရက်သတ္တတစ်ပတ် အသွားအလာကန့်သတ်မှု သဘောတူညီချက်နှင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ထပ်မံစစ်ဆေးခံခြင်းတို့ လိုအပ်မည်ဖြစ်သည်။

တောင်တက်သူများနှင့်အတူ လိုက်ပါမည့် ဒေသခံခရီးသွားလမ်းညွှန်များ၊ ဝန်စည်သယ်ဆောင်ပေးသူများ၊ ချက်ပြုတ်ရေးသမားများအားလုံးအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခံရမည်ဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ဒေသများမှ လာရောက်ခြင်းမဟုတ်ကြောင်းကိုလည်း အတည်ပြုရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကြောင့် များစွာထိခိုက်ခဲ့ရသည့် ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာရေးကို ကြိုးပမ်းမည်ဖြစ်သော်လည်း မည်သည့်ထိခိုက်နစ်နာမှုမျိုးကိုမဆို တားဆီးသွားမည်ဖြစ်ကြောင်းလည်း တာမန်းက ဆိုသည်။ နီပေါနိုင်ငံသည် တောင်တက်ဝါသနာရှင်များ အများဆုံးလာရောက်သည့် နွေဦးရာသီ မတ်လအမီ ခရီးသွားလုပ်ငန်းရေးရာ စီမံချက်များ အသင့်အနေအထားဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၆၅၀၀ နှင့် သေဆုံးသူ ၉၈၄ ဦးရှိပြီး အစိုးရက စိုးရိမ်ရသည့်အနေအထားနှင့် ဆိုးရွားသည့် ရောဂါလက္ခဏာ ပြသည်မှလွဲ၍ ဆေးရုံများသို့ လာရောက်ခြင်းမပြုဘဲ မိမိတို့ဘာသာ အိမ်ထဲမှာပင် သီးသန့်နေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို လျှော့ချရေးလူနာများကို တိုက်တွန်းထားသည်။

ကိုးကား– စီအင်န်အေ၊ ဘာသာပြန်–မေလွဲ့သင်း

# ရုရှားနိုင်ငံ၌ တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၄၈ ဦးရှိခဲ့ပြီး သေဆုံးသူ ၃၅၅ ဦးအထိ ရှိခဲ့

**မော်စကို နိုဝင်ဘာ ၃**

ရုရှားနိုင်ငံတွင် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၄၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၇၃၆၈၆ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၃၅၅ ဦးရှိခဲ့ကာ နိုင်ငံတစ်ဝန်းသေဆုံးသူစုစုပေါင်း ၂၈၈၂၈ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။ ရုရှားနိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၅၃၃၁ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၂၅၁၃၆၄ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံ၏ ကူးစက်မှုအမြင့်ဆုံးဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၅၀ အထိရှိခဲ့ကာ ကူးစက်ခံရသူစုစုပေါင်း ၄၃၉၃၅၅ ဦးအထိရှိလာခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

ထို့ကြောင့် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေသည် မြင့်တက်နေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး မူရာရှ်ကိုက နိုဝင်ဘာ ၂ ရက်တွင် ပြောကြားခဲ့ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်ကမူ ရုရှားနိုင်ငံတစ်ဝန်းလုံး အသွားအလာကန့်သတ်မှုကို ပြုလုပ်သွားမည်မဟုတ်ကြောင်း လွန်ခဲ့သည့်တစ်ပတ်က ပြောကြားခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်

# မီးဘေးသင့်ခဲ့သည့် ခိုအားလားများကို တောထဲသို့ ပြန်လွှတ်ရေးထက် ထိန်းသိမ်းရေးစင်တာများတွင် ဆက်လက်မွေးမြူထားရန် သြစတြေးလျ စီစဉ်

**အက်ဒလိတ် နိုဝင်ဘာ ၃**

သြစတြေးလျနိုင်ငံတွင် နွေကာလနီးကပ်လာပြီဖြစ်သဖြင့် ယမန်နှစ် မီးဘေးသင့်ခဲ့သည့် ခိုအားလားများကို တောထဲပြန်လည်စေလွှတ်ရေးထက် ထိန်းသိမ်းရေးဂေဟာများတွင် ဆက်လက်စောင့်ရှောက်ထားရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ သြစတြေးလျနိုင်ငံ၏ နွေကာလမှာ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိဖြစ်ပြီး ယမန်နှစ် နွေရာသီအတွင်း သြစတြေးလျတစ်နိုင်ငံလုံးတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်များစွာ ပျက်စီးခဲ့ရသလို ခိုအားလားနှင့် သားပိုက်ကောင်များစွာ သေဆုံးခဲ့ရသည်။

အထူးသဖြင့် ခိုအားလား အများအပြားရှိရာ သြစတြေးလျ တောင်ပိုင်းပြည်နယ်ရှိ ကန်ကရူးအိုင်လန် (သားပိုက်ကောင်ကျွန်း)တွင် ထိခိုက်မှုများပြားခဲ့ပြီး အဆိုပါကျွန်းမှ ခိုအားလားကောင်ရေ ငါးသောင်းအနက် ငါးထောင်မှ တစ်သောင်းကြားသာ ကျန်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။ ရေနှင့် အစာရေစာ ပြတ်လပ်ခဲ့သည့် ခိုအားလားများကို ကယ်တင်ကာ စောင့်ရှောက်ရေးစင်တာများတွင် ထိန်းသိမ်းထားခြင်းဖြစ်သည်။ အချို့ကို တောထဲသို့ ပြန်လည်စေလွှတ်ထားပြီးဖြစ်သော်လည်း ငယ်ရွယ်သည့် ခိုအားလားအများစုကို စောင့်ရှောက်ရေးစင်တာများတွင် ဆက်လက်စောင့်ရှောက်ထားဆဲဖြစ်သည်။

ကိုးကား – ဘီဘီစီ
ဘာသာပြန် – မေလွဲ့သင်း

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၇၄၂၈၈၈၈ | ဦး |
| သေဆုံးသူ | ၁၂၁၃၂၂၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၄၁၀၅၅၈၃ | ဦး |

## နောင်ချိုမြို့နယ် ခြေမြစ်ပင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်၌ တွဲယာဉ်အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးသေဆုံး

**နောင်ချို နိုဝင်ဘာ ၃**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ခြေမြစ်ပင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်၌ ယမန်နေ့ ည ၇ နာရီက နောင်ချိုမြို့မှ မန္တလေးသို့ ဦးမြင့်သိန်းမောင်းနှင်လာသောယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးအား တိုက်မိခဲ့ရာ အရပ်သားတစ်ဦးမှာ အခင်းဖြစ်သည့်နေရာတွင် သေဆုံးသွားခဲ့သည်။ တာဝန်ကျယာဉ်ထိန်းမှာ ဒဏ်ရာများရရှိခဲ့ပြီး နောင်ချိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခံယူခဲ့ကာ ယင်းမှတစ်ဆင့် ပြင်ဦးလွင်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ ရဲအရာခံ ယွမ်းမောင်းနှင့် HMVကားဂိတ်မှ ယာဉ်မောင်းကျော်စိုးဝင်း တို့ဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဦးမြင့်သိန်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းသန်းထွေး(ပြန်/ဆက်)




## တောင်ငူမြို့၌ တရားမဝင်ကျောက်စိမ်းတုံးနှင့် ကျောက်စိမ်းဖြတ်စများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ယမန်နေ့က လိုင်စင်မဲ့ယာဉ်နှင့်အတူ တရားမဝင် ကျောက်စိမ်းတုံးများနှင့် ကျောက်စိမ်းဖြတ်စများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။


ပြစ်မှုကျူးလွန်သူ စောကျော်ဝင်း(ခ)ကျော်နိုင်ဝင်းအား သိမ်းဆည်းရမိသည့် ကျောက်စိမ်းတုံး ဖြတ်စများနှင့်အတူတွေ့ရစဉ်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ငူမြို့ (၁၅)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်ရှေ့၌ ရပ်တန့်ထားသည့် (၅)ရပ်ကွက်နေ စောကျော်ဝင်း(ခ)ကျော်နိုင်ဝင်း၏ ယာဉ်အားစစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိသည့်အပြင် ယာဉ်၏ နောက်ခန်းအတွင်းမှ တရားမဝင်ကျောက်စိမ်းတုံး ၂၆ တုံး၊ ကျောက်စိမ်းဖြတ်စ ၄ စ သိမ်းဆည်းရမိခဲ့သဖြင့် စောကျော်ဝင်း (ခ) ကျော်နိုင်ဝင်းအား တောင်ငူမြို့ အမှတ်(၂) နယ်မြေရဲစခန်း၌ ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မဖြင့်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ခိုးမှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၃**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၄ လမ်း လေးလွှာ အမှတ်(--)နေ တရားလို ဒေါ်-----သည် ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ဈေးဝယ်အပြီး နေအိမ်သို့ ပြန်လာစဉ် နေအိမ်အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်မှ tablet ဖုန်းတစ်လုံး၊ ဗီရိုအတွင်းမှ အမေရိကန်ဒေါ်လာ ၈၀၀၀၊ မြန်မာငွေ သိန်း ၃၀၀ နှင့် ၁၀ ကျပ်သားရှိ ရွှေအတုံးနှစ်တုံး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၆၇ တို့မှာ ပျောက်ဆုံးနေသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကို စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ တရားလို၏နေအိမ်၌ အိမ်အကူအဖြစ်လုပ်ကိုင်ခဲ့ဖူးသော ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် စိုက်ပျိုးရေးပဒေသာလမ်း အမှတ်(---) နေ ဇင်မာနိုင်(ခ)မော်ရန်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ထိုနေ့ ည ၁၁ နာရီ မိနစ် ၄၀ တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၄ လမ်းထိပ်၌ သက်သေခံပစ္စည်း ငွေကျပ်သိန်း၂၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများအား



၎င်း၏နေအိမ်မှ ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဇင်မာနိုင်(ခ)မော်ရန်းအား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၂၂ စီး၊ သွင်းကုန် ၁၇၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု( ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၀၀ သန်း) တန်ဖိုးရှိ ဒေါင်းတောင်အနီး၌ စုပုံရပ်တန့်ထားသည့် တရားဝင်အထောက်အထားတင်ပြနိုင်ခြင်းမရှိသော ဆိုင်ကယ် Handa Pal (Used) C/O # Japan နှစ်စီး၊ Honda Dream (Used) C/O # Thai တစ်စီးနှင့် Yamaha GT (Used) C/O # Thai တစ်စီး စုစုပေါင်း လိုင်စင်မဲ့ဆိုင်ကယ်လေးစီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတုံမြို့၌ လူတစ်ဦးဓာတ်လိုက်သေဆုံး

**ကျိုင်းတုံ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် ဈေးတန်းကြီးလမ်း စာတိုက်အနီးရှိ ထရန်စဖော်မာတွင် ယမန်နေ့က လူတစ်ဦး ကြေးနန်းကြိုးကိုင်လျက် ဓာတ်လိုက်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်နေ ကီလိုကောက်သူ(ပုလင်းခွံ၊ ဘူးခွံကောက်သူ) အားတီ(ခ)ဂွတိုသည် ဈေးတန်းကြီးလမ်း ထရန်စဖော်မာအတွင်းရှိ မြေကြီးအတွင်း မြှုပ်ထားသော အပ်ကြိုး(မိုးကြိုး)အား ဖြတ်တောက်ခိုးယူနေစဉ် လျှပ်စစ်ဓာတ်အား ပို့လွှတ်ထားသဖြင့် ယင်းအပ်ကြိုးအား ခိုးယူနေစဉ် ဓာတ်လိုက်၍ ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း) ကုန်ကြမ်းသိုလှောင်ရုံ မီးလောင်မှုဖြစ်ပွား

**စစ်ကိုင်း နိုဝင်ဘာ ၃**

စစ်ကိုင်းမြို့ မင်းကွန်းတိုက်နယ် ချောင်းပေါက်ကျေးရွာအုပ်စု ပေါက်တောကျေးရွာ အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း) စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက် အလုကုန်ပစ္စည်း(ကုန်ကြမ်း)သိုလှောင်ရုံ အမှတ်(၃)တွင် ယမန်နေ့ ည ၁၁ နာရီ ၄၅ မိနစ်က လျှပ်စစ်ဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် စိန်ကုန်းအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမိုးနိုင်နှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ SERT အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့၊ သုခကာရီ ကျန်းမာရေးနှင့်လူမှုကူညီရေးအသင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများစုပေါင်း၍ မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အလျားပေ ၆၀၊ အနံပေ ၈၀ အာရ်စီသွပ်မိုးတစ်ထပ်သိုလှောင်ရုံနှင့် အတွင်းရှိအလုကုန်ထုတ်လုပ်သည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ရေညှိ ခြောက်လိပ်အပယ်သား ဂရမ်၂၀ အိတ်များ၊ ပလတ်စတစ်လိပ်များ၊ ပိတ်စများနှင့် ရေညှိကြိတ်စက်တစ်လုံးတို့ ဆုံးရှုံးခဲ့ကာ လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခြင်းကြောင့် စက်ရုံမန်နေဂျာ ဦးဆန်းထွန်းအောင် ပေါက်တောကျေးရွာနေသူအား မင်းကွန်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မျိုးဝင်း(ပြန်/ဆက်)

## ရေကြည်မြို့နယ်သမဝါယမအသင်းစုမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်

**ရေကြည် နိုဝင်ဘာ ၃**

ယခုနှစ်မိုးရာသီတွင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် မိုးစပါးများရောင်းချရာတွင် တောင်သူများ အခက်အခဲများမရှိစေရေးနှင့် အကျိုးစီးပွားမြင့်မားစေရေးတို့အတွက် သမဝါယမအသင်းများမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်သမဝါယမအသင်းစုမှ စပါးဝယ်ယူရေးအတွက် ကွင်းသုံးဆင့် ကျေးရွာအုပ်စု ကုန်းတက်ကျေးရွာရှိ မြင့်မိုရ်မြင့်ဆန်စက်ဝင်း၌လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ သိုလှောင်ရုံနှင့် ဇရပ်ပိုင်းကျေးရွာ၌ လည်းကောင်း စပါးအဝယ်ဒိုင်ဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၄**

ရက်သာ

လိုတော့သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## လဲချားမြို့နယ်၌ မဲရုံသုံးပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ဖြန့်ဝေပေး

လဲချား နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲရုံအလိုက် အသုံးပြုရန် မဲရုံသုံးပစ္စည်းများနှင့် မဲရုံအလိုက် တာဝန်ထမ်းဆောင်ကြမည့်သူများနှင့် မဲဆန္ဒရှင်ပြည်သူများအား ဖြန့်ဝေရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီကစ၍ ဖြန့်ဝေပေးလျက်ရှိသည်။



ထိုသို့ ဖြန့်ဝေပေးရာတွင် မဲရုံသုံးပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် KN -95၊ Face Shield၊ Surgical Gown၊ Medical Cap၊ PPE Lavel-3 ဝတ်စုံ၊ Surgical Glovers၊ Protective Face Mask၊ Goggles၊ Boots စသည့် ပစ္စည်းများကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများအလိုက် ထုတ်ပေးခြင်းဖြစ်ပြီး လဲချားမြို့နယ်တွင် မဲရုံပေါင်း ၃၆ ရုံအတွက် စနစ်တကျထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသူနောင် (ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံနေရာများမှ ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးဆက်စပ်ပစ္စည်းများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သယ်ယူပို့ဆောင်ရာ၌ ကမ်းနားလမ်း (ကွန်ကရစ်လမ်းမကြီး)အား ဖြတ်သန်းအသုံးပြုမည်ဖြစ်ပါသဖြင့် ၈-၁၁-၂၀၂၀ ရက်နေ့ ၁၅:၀၀ အချိန်မှ ၉-၁၁-၂၀၂၀ ရက်နေ့ နေ့လယ် ၁၂:၀၀ အချိန်ထိ ကမ်းနားလမ်း (ကွန်ကရစ်လမ်းမကြီး)အား အနောက်ဘက်ကမ်းနား (ကွန်ကရစ်လမ်း)နှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းဆုံမှ အရှေ့ဘက်ပန်းဆိုးတန်း လမ်းဆုံကြားတွင် လမ်းခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ယာဉ်မောင်းနှင်နေသူများအနေဖြင့် ခေတ္တလမ်းပိတ်ထားစဉ်ကာလအတွင်း အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကော်မတီမှ မဲရုံပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

ကျောင်းကုန်း နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီက မဲရုံပြင်ဆင်ထားမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးပြီး လှေကွဲလဟာအုပ်စု အမက ကျွန်းချောင်းရှိ မဲရုံပြင်ဆင်ထားမှု၊ မီးအလင်းရောင်ရရှိမှုနှင့် ဆန္ဒမဲလက်မှတ်များအား မြို့ပေါ်သို့ ပို့ဆောင်ရန်အခြေအနေတို့ကို လုံခြုံမှုရှိစေရေးဆွေးနွေးခဲ့သည်။

အလားတူ ဒေါင့်ကြီးကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့သည် မြို့နှင့်အဝေးဆုံး၌ တည်ရှိနေသဖြင့် သွားရေးလာရေးလုံခြုံစိတ်ချမှုရှိစေရန် ကြိုတင်ပြင်ဆင်ထားနိုင်စေရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါအဖွဲ့တွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေတို့က နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုပြီး ကိုဗစ်ရောဂါထိန်းချုပ်ရေးထဲမှာ ပါနိုင်အောင်လို့ အစီအစဉ်တွေလုပ်နေ



ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကိုဗစ် ဒုတိယလှိုင်း နည်းနည်းကြာလာတာနဲ့အမျှ ဒီဟာကို ဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်လိုကျော်လွှားရမယ်၊ ဆက်ပြီးတော့ တွေ့တဲ့ ကိုဗစ်ရောဂါရှိနေတဲ့ ပြည်သူတွေကို ဘယ်လိုစောင့်ရှောက်ရမယ်၊ ကုသရမယ်ဆိုတာ ပိုပိုပြီးတော့ နားလည်လာပါတယ်။ ပိုပိုပြီး နားလည်တာနဲ့ အမျှ ပိုပြီး ထိထိရောက်ရောက် ကိုင်တွယ်နိုင်ပါတယ်။ ဒီအချိန်မှာဆိုရင် ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုမိုပြီးတော့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးထဲမှာ ပါနိုင်အောင်လို့လည်း ကျွန်မတို့ အစီအစဉ်တွေလုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုယ့်ဘာသာကိုယ် ရွေးချယ်ပိုင်ခွင့်ရှိအောင်လို့ပါ။ ပုဂ္ဂလိကဆေးခန်းတွေကို သွားချင်တယ်၊ ပုဂ္ဂလိကဆေးရုံတွေကို တက်ချင်တယ်ဆိုရင် ကိုဗစ်ကြောင့်ပဲ ဖြစ်ဖြစ်၊ ရှိပြီးသား အခံရောဂါတွေ၊ တခြားရောဂါတွေကြောင့်ပဲဖြစ်ဖြစ် တက်နိုင်အောင်လို့ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်အရ ရွေးချယ်နိုင်အောင်လို့ပါ။ ဒီလို ရွေးချယ်တဲ့နေရာမှာလည်း ရွေးချယ်ပြီးတော့ သွားတဲ့ ပြည်သူတွေအတွက်ရော၊ ဆေးရုံအတွက်ရော၊ အများပြည်သူအတွက်ရော လုံလုံခြုံခြုံဖြစ်အောင်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေချပြီးတော့ ပုဂ္ဂလိကဆေးခန်းတွေ၊ ဆေးရုံတွေနဲ့ ညှိနှိုင်းပြီး လုပ်ဆောင်နေပါတယ်။ ဒီဟာက ပြည်သူတွေအနေနဲ့ ရွေးချယ်ချင်သလို ရွေးချယ်နိုင်တဲ့အပြင် နိုင်ငံတော်ရဲ့ ဆေးရုံတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးနည်းနည်းလျော့သွားနိုင်တယ်။ အဲဒါကလည်း ကိုဗစ်ကို ရင်ဆိုင်တဲ့နေရာမှာ အထောက်အကူဖြစ်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၆-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံး အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၂၀၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၂၂ |
| | | သန်လျင် | ၉၁ |
| | | အင်းစိန် | ၆၈ |
| | | မရမ်းကုန်း | ၆၅ |
| | | ရွှေပြည်သာ | ၆၁ |
| | | လှိုင် | ၅၇ |
| | | ဗဟန်း | ၅၁ |
| | | သင်္ဃန်းကျွန်း | ၃၉ |
| | | တာမွေ | ၃၇ |
| | | လှိုင်သာယာ | ၃၃ |
| | | တောင်ဥက္ကလာပ | ၂၈ |
| | | မင်္ဂလာဒုံ | ၂၈ |
| | | ဒဂုံ | ၂၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၄ |
| | | တွံတေး | ၂၃ |
| | | ကြည့်မြင်တိုင် | ၂၁ |
| | | ဆိပ်ကြီးခနောင်တို | ၁၉ |
| | | သာကေတ | ၁၈ |
| | | စမ်းချောင်း | ၁၆ |
| | | လမ်းမတော် | ၁၅ |
| | | ဗိုလ်တထောင် | ၁၄ |
| | | ဒလ | ၁၃ |
| | | ကမာရွတ် | ၁၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၀ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၁ |
| | | ပန်းဘဲတန်း | ၉ |
| | | ရန်ကင်း | ၈ |
| | | ကွမ်းခြံကုန်း | ၆ |
| | | ကျောက်တန်း | ၅ |
| | | လှည်းကူး | ၅ |
| | | မင်္ဂလာတောင်ညွန့် | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | လသာ | ၃ |
| | | ကျောက်တံတား | ၃ |
| | | ခရမ်း | ၃ |
| | | အလုံ | ၂ |
| | | ဒေါပုံ | ၁ |
| | | သုံးခွ | ၁ |
| | | ကော့မှူး | ၁ |
| | | ဒဂုံ | ၁ |
| | | တိုက်ကြီး | ၁ |
| | | စီစစ်ဆဲ | ၂ |
| | | စုစုပေါင်း | ၉၆၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၂၅ |
| | | အောင်မြေသာစံ | ၁၉ |
| | | မဟာအောင်မြေ | ၁၁ |
| | | ပြည်ကြီးတံခွန် | ၆ |
| | | အမရပူရ | ၆ |
| | | ပုသိမ်ကြီး | ၃ |
| | | ချမ်းမြသာစည် | ၂ |
| | | မလှိုင် | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | မြစ်သား | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ဝေါ | ၂၁ |
| | | ပဲခူး | ၂၁ |
| | | လက်ပံတန်း | ၈ |
| | | ပြည် | ၃ |
| | | အုတ်ဖို | ၁ |
| | | မင်းလှ | ၁ |
| | | နတ်တလင်း | ၁ |
| | | စုစုပေါင်း | ၅၅ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၂၃ |
| | | မော်လမြိုင်ကျွန်း | ၁၀ |
| | | လေးမျက်နှာ | ၁၀ |
| | | ဓနုဖြူ | ၃ |
| | | ပုသိမ် | ၂ |
| | | ကျုံပျော် | ၂ |
| | | မအူပင် | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဟင်္သာတ | ၁ |
| | | စုစုပေါင်း | ၅၄ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၁၅ |
| | | ခင်ဦး | ၅ |
| | | စစ်ကိုင်း | ၃ |
| | | ကျွန်းလှ | ၂ |
| | | ခမြင် | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၆။ | ရခိုင်ပြည်နယ် | ကျောက်တော် | ၄ |
| | | ကျောက်ဖြူ | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | မောင်တော | ၁ |
| | | စုစုပေါင်း | ၈ |
| ၇။ | ကရင်ပြည်နယ် | မြဝတီ | ၇ |
| | | စုစုပေါင်း | ၇ |
| ၈။ | မွန်ပြည်နယ် | ဘီးလင်း | ၅ |
| | | စုစုပေါင်း | ၅ |
| ၉။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၀။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | ရှမ်းပြည်နယ် | မူဆယ် | ၁ |
| | | တာချီလိတ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ချင်းပြည်နယ် | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၂၀၂) ဦး |

မှတ်ချက်။ (၂-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၀၂) ဦးတွင် အနံ့မရရှိသူ (၂၅၉) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

○ ရွှေဖုံးမှ

ယနေ့အထိ Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း (၃,၃၇၇) ဌာနမှ အာမခံအလုပ်သမား (၅၀၆,၅၈၂)ဦးအတွက် ထောက်ပံ့ငွေကျပ် (၃၂,၃၉၄ ဒသမ ၇၈၀)သန်းအား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်တောင်းခံလွှာများကိုလည်း ဆက်လက်စိစစ်၍ ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ဆက်လက် ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | 13001.37.1.2.2 | မြဝတီစိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း | ၃၉ | ၃,၁၄၁,၆၀၀.၀၀ |
| ၂ | 13001.37.2.2.119 | Rohto Mentholatum | ၁၈ | ၁,၁၄၀,၀၀၀.၀၀ |
| ၃ | 13001.37.2.2.151 | TWJS Co Ltd | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၄ | 13001.37.2.2.161 | မက်စ်မြန်မာ | ၆၈ | ၆,၈၈၂,၄၀၀.၀၀ |
| ၅ | 13001.37.2.2.166 | ဇိမ်အရက်ပုလင်းသွင်းလုပ်ငန်း | ၅ | ၁၆၀,၀၀၀.၀၀ |
| ၆ | 13001.37.2.2.167 | အထွေထွေအားမာန်သစ်ကုမ္ပဏီ | ၁၂၅ | ၁၀,၆၂၈,၀၀၀.၀၀ |
| ၇ | 13001.37.2.2.176 | Shinsung Tongsang ( ရုံးချုပ် ) | ၃၃ | ၃,၆၀၆,၀၀၀.၀၀ |
| ၈ | 13001.37.2.2.177 | မက်စ်မြန်မာ | ၉၂ | ၈,၂၇၈,၄၀၀.၀၀ |
| ၉ | 13001.37.2.2.185 | မြန်မာထူးစံကုမ္ပဏီ | ၆၅ | ၃,၉၀၀,၀၀၀.၀၀ |
| ၁၀ | 13001.37.2.2.187 | Myanmar Japan Tobacco Co., Ltd | ၆၉ | ၈,၂၆၈,၃၈၄.၀၀ |
| ၁၁ | 13001.37.2.2.207 | MPG PIPE FACTORY | ၁၃၈ | ၈,၅၁၄,၄၀၀.၀၀ |
| ၁၂ | 13001.37.2.2.212 | SAWBWA VT LIMITED | ၆၈၈ | ၄၁,၅၁၈,၇၄၀.၀၀ |
| ၁၃ | 13001.37.2.2.215 | MacDo | ၁,၂၂၅ | ၇၀,၄၂၀,၈၀၀.၀၀ |
| ၁၄ | 13001.37.3.2.6 | MINGALAR SUMBIRI GARMENT CO.,LTD | ၉၃၆ | ၅၆,၆၄၇,၀၃၅.၆၀ |
| ၁၅ | 13001.37.3.2.46 | IIDA Electronics (Myanmar) | ၅၀၀ | ၃၅,၀၄၂,၈၀၀.၀၀ |
| ၁၆ | 13001.37.4.2.2 | Manufacturer GFT Enterprise Co; Ltd | ၉၄၀ | ၅၂,၇၄၃,၆၇၂.၀၀ |
| ၁၇ | 13001.37.4.2.8 | Matsuya R&D Myanmar Co,Ltd | ၈၉ | ၅,၁၁၁,၀၄၀.၀၀ |
| ၁၈ | 13001.37.4.2.53 | စိန်သုံးလုံးဂိုထောင် | ၉ | ၅၁၈,၄၀၀.၀၀ |
| ၁၉ | 13001.37.5.2.3 | 1 NESS International Company Limited | ၃၀ | ၂,၆၃၇,၆၀၀.၀၀ |
| ၂၀ | 13001.37.5.2.14 | Kyaw Family | ၂၅ | ၂,၄၉၆,၀၀၀.၀၀ |
| ၂၁ | 13001.37.5.2.15 | Farmers Choice Tractor | ၃၈ | ၃,၈၆၂,၀၀၀.၀၀ |
| ၂၂ | 13001.37.5.2.29 | Springair Ace Co.,Ltd | ၆၂၈ | ၃၅,၄၇၈,၀၀၀.၀၀ |
| ၂၃ | 13001.37.5.2.45 | ဒေင်အုပ်စုကုမ္ပဏီလီမိတက် (ဖော့ကန်ရုံးခွဲ) | ၆၅ | ၆,၄၉၆,၀၀၀.၀၀ |
| ၂၄ | 13001.37.5.2.48 | Golden Jera Garment Factory | ၁၈၇ | ၁၀,၇၅၆,၈၀၀.၀၀ |
| ၂၅ | 13001.37.5.2.54 | ပါရမီတက္ကစီလုပ်ငန်း | ၂၂ | ၁,၇၄၇,၂၀၀.၀၀ |
| ၂၆ | 13001.37.5.2.61 | Myanmar Taieasy Textile Co.,Ltd | ၁,၅၉၅ | ၈၇,၄၆၈,၁၀၆.၁၇ |
| ၂၇ | 13001.37.6.2.12 | Myanmar Eternal Kingdom Concrete | ၃၅ | ၂,၁၄၀,၀၀၀.၀၀ |
| ၂၈ | 13001.37.6.2.33 | လွင်ဦးထွေးထရိတ်ဒင်းကုမ္ပဏီလီမိတက် | ၆၉ | ၅,၄၅၆,၀၀၀.၀၀ |
| ၂၉ | 13001.37.6.2.60 | IME International | ၂၃၀ | ၂၃,၁၆၆,၀၀၀.၀၀ |
| ၃၀ | 13001.37.7.2.12 | Alumax Co.,Ltd | ၃၄ | ၂,၃၀၂,၈၀၀.၀၀ |
| ၃၁ | 13001.37.7.2.15 | Foxlink Myanmar Co., Ltd | ၆၆၇ | ၄၁,၄၅၁,၂၆၀.၀၀ |
| ၃၂ | 13001.37.7.2.23 | လူထုမိတ်ဆွေ | ၁၂၉ | ၁၂,၀၆၈,၀၀၀.၀၀ |
| ၃၃ | 13001.37.7.2.40 | ရွှေသော့ကုမ္ပဏီ | ၆ | ၄၂၀,၀၀၀.၀၀ |
| ၃၄ | 13001.37.7.2.49 | Myanmar Lordroad Fashion | ၉၇ | ၅,၇၆၉,၆၀၀.၀၀ |
| ၃၅ | 13001.37.7.2.72 | မနောသီတာ ကုမ္ပဏီလီမိတက် | ၆ | ၅၄၀,၀၀၀.၀၀ |
| ၃၆ | 13001.37.8.2.5 | Makita Singapore Pte. Ltd | ၆ | ၆၀၀,၀၀၀.၀၀ |
| ၃၇ | 13001.37.8.2.8 | Bumblebee International Trade | ၅ | ၅၅၂,၀၀၀.၀၀ |
| ၃၈ | 13001.37.8.2.15 | Randoo Myanmar Silk | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၃၉ | 13001.37.8.2.16 | Khakaborazi Co.,Ltd | ၃၃ | ၃,၈၉၂,၀၀၀.၀၀ |
| ၄၀ | 13001.37.8.2.31 | Great Myanmar Talent Co.,Ltd | ၈ | ၇၀၄,၀၀၀.၀၀ |
| ၄၁ | 13001.37.8.2.34 | Myanmar Upfornt Livestock Technology International Co.,Ltd | ၈ | ၈၃၄,၄၀၀.၀၀ |
| ၄၂ | 13007.312.1.2.130 | Blessing အထည်ချုပ် | ၄၁၂ | ၂၁,၃၉၈,၆၈၀.၀၀ |
| ၄၃ | 13007.312.2.2.10 | Korea Sin Hwa Garment | ၅၀၇ | ၂၉,၀၄၀,၄၀၀.၀၀ |
| ၄၄ | 13007.312.8.2.14 | Xinda Home Textile | ၂၁၄ | ၁၂,၃၆၈,၈၀၀.၀၀ |
| ၄၅ | 13007.312.8.2.29 | Sun Long(Myanmar)Sports | ၁၈၂ | ၁၀,၉၈၂,၄၀၀.၀၀ |
| ၄၆ | 13008.313.1.2.25 | Jaguar Myanmar Enterprise Co.,Ltd | ၁၁၀ | ၆,၃၅၈,၄၀၀.၀၀ |
| ၄၇ | 13008.313.1.2.71 | Sein Wut Hmon Co., Ltd | ၈၇ | ၅,၉၀၈,၀၀၀.၀၀ |
| ၄၈ | 13008.313.1.2.90 | Dragon Bond Company | ၁ | ၅၇,၆၀၀.၀၀ |
| ၄၉ | 13008.313.1.2.80 | Super Stain Less Product Co.Ltd | ၃၁ | ၁,၈၆၆,၀၀၀.၀၀ |
| ၅၀ | 13008.313.1.2.125 | Asia Carton's Box | ၁ | ၅၇,၆၀၀.၀၀ |
| ၅၁ | 13008.313.1.2.127 | Sakura Garment Co., Ltd | ၂၉၈ | ၁၇,၆၃၈,၄၈၀.၀၀ |
| ၅၂ | 13008.313.1.2.130 | အောင်သီဟပဲသိုလှောင်ရုံ | ၄ | ၃၅၂,၀၀၀.၀၀ |
| ၅၃ | 13008.313.1.2.177 | ဘက်စုံကျွမ်းကျင်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် | ၆၁ | ၃,၇၂၄,၈၀၀.၀၀ |
| ၅၄ | 13008.313.1.2.182 | Myanmar Brilliance Auto Co.,Ltd | ၈၃ | ၆,၈၄၁,၆၀၀.၀၀ |
| ၅၅ | 13008.313.1.2.187 | မြတ်ပန်းမွှေးကုမ္ပဏီလီမိတက် | ၉ | ၅၁၈,၄၀၀.၀၀ |
| ၅၆ | 13008.313.1.2.119 | Myanmar Yes (Garment) | ၁,၂၄၃ | ၇၀,၅၇၄,၄၀၀.၀၀ |
| ၅၇ | 13008.313.1.2.207 | Success Time International Co;Ltd | ၁၁၇ | ၆,၆၀၀,၉၆၀.၀၀ |
| ၅၈ | 13008.313.1.2.227 | ကျန်းမာရေးသုံးပတ်တီးစက်ရက္ကန်း | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၅၉ | 13008.313.1.2.246 | ကျုံးလီ | ၂ | ၁၂၀,၀၀၀.၀၀ |
| ၆၀ | 13008.313.1.2.350 | စန္ဒာအလှကုန် | ၁၅ | ၈၇၇,၆၀၀.၀၀ |
| ၆၁ | 13008.313.1.2.358 | ဒေါ်သန်းသန်းနွေ် သစ်စက် | ၂၆ | ၁,၄၉၇,၆၀၀.၀၀ |
| ၆၂ | 13008.313.1.2.388 | ဦးခင်မောင်အုန်းပလတ်စတစ် | ၆ | ၂၅၉,၂၀၀.၀၀ |
| ၆၃ | 13008.313.1.2.467 | Silver Lion | ၂၇ | ၁,၈၂၁,၁၂၀.၀၀ |
| ၆၄ | 13008.313.1.2.497 | FUDAK Enterprise Co.,Ltd | ၃၉ | ၂,၃၃၃,၆၀၀.၀၀ |
| ၆၅ | 13008.313.1.2.498 | JAWS လျှပ်စစ်ပစ္စည်းလုပ်ငန်း | ၃၆ | ၂,၀၇၃,၆၀၀.၀၀ |
| ၆၆ | 13008.313.1.2.507 | ဦးလှတင် ပဲသန့်စင် | ၂ | ၅၆,၀၀၀.၀၀ |
| ၆၇ | 13008.313.1.2.561 | Supreme Bio-Tech Co., Ltd | ၄၂ | ၄,၂၂၈,၈၀၀.၀၀ |
| ၆၈ | 13008.313.1.2.590 | Standard General Trading Co.Ltd | ၂၃ | ၁,၉၀၀,၀၀၀.၀၀ |
| ၆၉ | 13008.313.1.2.660 | ယူနစ်ထရေးဒင်း | ၁ | ၅၇,၆၀၀.၀၀ |
| ၇၀ | 13008.313.2.2.14 | အက်ကိုး ပန်းရိုက် | ၅၃ | ၃,၀၅၄,၇၂၀.၀၀ |
| ၇၁ | 13008.313.2.2.76 | TOYOTA Car Service | ၁၇ | ၁,၉၇၆,၀၀၀.၀၀ |
| ၇၂ | 13008.313.2.2.119 | PAC Co.,Ltd | ၈၈ | ၇,၅၀၉,၁၆၀.၀၀ |
| ၇၃ | 13008.313.2.2.155 | Water Doctor Co., Ltd | ၇၈ | ၆,၉၇၅,၁၆၂.၄၀ |
| ၇၄ | 13008.313.2.2.156 | Supreme Enterprise Limited | ၄၉ | ၃,၈၆၃,၈၅၀.၀၀ |
| ၇၅ | 13008.313.2.2.166 | New Comfort Shoe Factory | ၆ | ၃၄၅,၆၀၀.၀၀ |
| ၇၆ | 13008.313.3.2.21 | Lat War Top Sewing Machine Co.,Ltd | ၂၉ | ၂,၅၀၀,၀၀၀.၀၀ |
| ၇၇ | 13008.313.3.2.60 | ဦးခင်ဇော် ကလေးကစားစရာအရုပ်လုပ်ငန်း | ၃ | ၈၄,၀၀၀.၀၀ |
| ၇၈ | 13008.313.3.2.130 | Saung Hnin Cherry | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၇၉ | 13008.313.4.2.9 | သိန်းသန်းထွန်း | ၈၄ | ၅,၂၁၃,၆၀၀.၀၀ |
| ၈၀ | 13008.313.4.2.69 | K&LCo.,Ltd | ၂၃ | ၁,၆၄၈,၀၀၀.၀၀ |
| ၈၁ | 13008.313.4.2.95 | ပျော်ရွှင်ခြင်းကုမ္ပဏီ | ၂၅ | ၁,၄၆၄,၈၀၀.၀၀ |
| ၈၂ | 13008.313.4.2.114 | မြန်မာချန်ရှန်ဖွတ်ဝဲယာ(ရ်) မတီးရီးယဲ(လ်) ကုမ္ပဏီလီမိတက် | ၃၃ | ၁,၈၅၂,၈၀၀.၀၀ |
| ၈၃ | 13008.313.5.2.68 | အက်စ်ယူအက်စ် မြန်မာကုမ္ပဏီလီမိတက် | ၁၇ | ၁,၉၉၂,၀၀၀.၀၀ |
| ၈၄ | 13008.313.5.2.78 | စမ်းငွေရောင် | ၂၇ | ၂,၀၆၇,၂၀၀.၀၀ |
| ၈၅ | 13008.313.5.2.97 | City Aluminium Technology Co.,Ltd | ၇၄ | ၄,၄၄၉,၆၀၀.၀၀ |
| ၈၆ | 13008.313.5.2.110 | မြန်မာရီဂျင်း ဖွံ့ဖြိုးရေးနှင့် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် | ၆၅ | ၅,၉၁၁,၂၀၀.၀၀ |
| ၈၇ | 13008.313.5.2.121 | City Glass Technology Co.,Ltd | ၁၉ | ၁,၁၆၄,၀၀၀.၀၀ |
| ၈၈ | 13008.313.6.2.21 | 777-1 Export  Import Co.,Ltd | ၁၄ | ၁,၀၄၉,၆၀၀.၀၀ |
| ၈၉ | 13008.313.6.2.23 | ဆဲဗင်းလ်အလူမီနီယံကုမ္ပဏီလီမိတက် | ၇၆ | ၇,၁၉၁,၂၀၀.၀၀ |
| ၉၀ | 13008.313.6.2.49 | Ngwe San Trading Co.,Ltd | ၂၃ | ၁,၇၆၆,၄၀၀.၀၀ |
| ၉၁ | 13008.313.7.2.108 | The Traders Limited | ၂၀ | ၂,၃၂၈,၀၀၀.၀၀ |
| ၉၂ | 13008.313.7.2.109 | SMART IZUMI ELECTRONIC LIMITED | ၂၄ | ၂,၇၈၀,၀၀၀.၀၀ |
| ၉၃ | 13008.313.7.2.111 | Tractors Asia Limited | ၁၁၆ | ၁၃,၂၃၆,၀၀၀.၀၀ |
| ၉၄ | 13008.313.7.2.126 | Tian Jin Fashion Mile Stone Co.,Ltd | ၅၂၃ | ၂၇,၈၄၄,၈၀၀.၀၀ |
| ၉၅ | 13008.313.7.2.139 | YOYIKA GARMENT | ၃၃၈ | ၁၈,၂၂၈,၉၇၂.၀၀ |
| ၉၆ | 13008.313.7.2.146 | Mei Jie (Myanmar) Clothing & Accessories Co.,Ltd | ၅၅ | ၃,၅၂၅,၁၂၀.၀၀ |

စာမျက်နှာ ၁၉ သို့ ❋

✻ စာမျက်နှာ ၁၈ မှ

| | | | | |
|---|---|---|---|---|
| ၉၇ | 13019.32.6.2.87 | Best Sun & Koo Group | ၁၃ | ၁,၂၇၆,၀၀၀.၀၀ |
| ၉၈ | 13019.32.7.2.12 | Wei Li Hlaine General Trading | ၄၆ | ၂,၆၄၉,၆၀၀.၀၀ |
| ၉၉ | 13019.32.7.2.38 | Gwambo Studios Ltd | ၄၆ | ၅,၃၅၅,၂၀၀.၀၀ |
| ၁၀၀ | 13019.32.7.2.70 | Native Victor | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၀၁ | 13019.32.7.2.81 | Myanmar Sakichi Garment Ltd | ၃၇ | ၂,၄၉၃,၄၇၂.၀၀ |
| ၁၀၂ | 13019.32.7.2.112 | NTR Myanmar Co.,Ltd | ၁၆ | ၁,၈၀၀,၀၀၀.၀၀ |
| ၁၀၃ | 13019.32.8.2.2 | United Intelligent Inovators Co.,Ltd | ၁၀ | ၈၄၈,၀၀၀.၀၀ |
| ၁၀၄ | 13019.32.8.2.8 | AWB Myanmar Private Limited | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၀၅ | 13037.39.1.2.469 | ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး | ၃ | ၂၃၀,၀၀၀.၀၀ |
| ၁၀၆ | 13037.39.2.2.265 | Eye Corp Ltd | ၆ | ၆၈၀,၀၀၀.၀၀ |
| ၁၀၇ | 13037.39.3.2.155 | ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက် | ၉၉ | ၉,၄၃၄,၈၀၀.၀၀ |
| ၁၀၈ | 13037.39.4.2.60 | TTI Global Resources Hong kong Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၀၉ | 13037.39.5.2.28 | Myanmar One Online Co.,Ltd | ၄၃ | ၄,၆၇၉,၀၀၀.၀၀ |
| ၁၁၀ | 13037.39.5.2.81 | Million Mart | ၄၉ | ၃,၄၈၂,၄၀၀.၀၀ |
| ၁၁၁ | 13037.39.6.2.7 | Yangon Property Management Co.,Ltd | ၁၉ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၁၂ | 13037.39.6.2.58 | Khine Khine Phyo Internationl Trading Company Limited | ၃၁ | ၃,၁၅၈,၀၀၀.၀၀ |
| ၁၁၃ | 13037.39.6.2.70 | Mk Fashion Shop ( City Mall St.John) | ၁၉ | ၁,၀၉၄,၄၀၀.၀၀ |
| ၁၁၄ | 13037.39.6.2.71 | Golden Express Tours Co,Ltd | ၂၀ | ၁,၅၂၀,၀၀၀.၀၀ |
| ၁၁၅ | 13037.39.7.2.31 | Hotel Bahosi | ၅ | ၃၉၄,၀၀၀.၀၀ |
| ၁၁၆ | 13037.39.7.2.63 | Excellent Choice Company Limited | ၇ | ၇၂၀,၀၀၀.၀၀ |
| ၁၁၇ | 13037.39.7.2.64 | Excellent Institute of Finance and Management | ၁၈ | ၁,၂၃၆,၀၀၀.၀၀ |
| ၁၁၈ | 13037.39.7.2.65 | Excellent Choice professional Company Limted | ၄၀ | ၂,၇၈၈,၀၀၀.၀၀ |
| ၁၁၉ | 13037.39.7.2.67 | Norman Myanmar Service Co.,Ltd | ၄၄ | ၅,၂၈၀,၀၀၀.၀၀ |
| ၁၂၀ | 13037.39.7.2.86 | Myanmar Intelligent Logistic Co.,Ltd | ၄ | ၂၅၆,၀၀၀.၀၀ |
| ၁၂၁ | 13037.39.7.2.92 | Loyal Link Co.,Ltd | ၆ | ၆၄၀,၀၀၀.၀၀ |
| ၁၂၂ | 13037.39.7.2.99 | Ambient Digital Myanmar Co.,Ltd | ၁၁ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၂၃ | 13037.39.7.2.136 | SMGF Company | ၉ | ၉၇၆,၀၀၀.၀၀ |
| ၁၂၄ | 13037.39.7.2.151 | Advamed Medical Innovatation Co.,Ltd | ၃၃ | ၃,၇၀၈,၀၀၀.၀၀ |
| ၁၂၅ | 13037.39.8.2.4 | Khine Khant Thitsar Construction Co.,Ltd | ၁၇၁ | ၁၇,၃၉၈,၄၀၀.၀၀ |
| ၁၂၆ | 13037.39.8.2.15 | K Future Co., Ltd | ၁၄ | ၁,၄၇၄,၀၀၀.၀၀ |
| ၁၂၇ | 13037.39.8.2.16 | Aquamarine Ecotourism Development Co., Ltd | ၁၅ | ၁,၇၂၇,၇၃၃.၂၀ |
| ၁၂၈ | 13041.38.1.2.68 | Standard General Trading | ၇ | ၄၄၀,၀၀၀.၀၀ |
| ၁၂၉ | 13041.38.1.2.304 | TWJS Co.Ltd | ၃၁ | ၂,၃၀၂,၀၀၀.၀၀ |
| ၁၃၀ | 13041.38.1.2.361 | အောင်သီဟကုမ္ပဏီ | ၄ | ၄၆၄,၀၀၀.၀၀ |
| ၁၃၁ | 13041.38.1.2.564 | လာဆိုဆားဖစ်စက် | ၂၇ | ၂,၈၆၄,၀၀၀.၀၀ |
| ၁၃၂ | 13041.38.2.2.131 | Padamyar FM Media | ၇၅ | ၇,၉၇၆,၀၀၀.၀၀ |
| ၁၃၃ | 13041.38.2.2.135 | ဒေင်စွမ်းအင် | ၃၃ | ၃,၆၃၈,၀၀၀.၀၀ |
| ၁၃၄ | 13041.38.2.2.186 | ရောင်နီဦးကားအရောင်းစင်တာ | ၆ | ၅၄၀,၀၀၀.၀၀ |
| ၁၃၅ | 13041.38.2.2.194 | Forever Gem(JS) | ၁၂ | ၁,၀၆၀,၀၀၀.၀၀ |
| ၁၃၆ | 13041.38.2.2.195 | Suitstar Garment Co.Ltd | ၆ | ၆၆၀,၀၀၀.၀၀ |
| ၁၃၇ | 13041.38.2.2.257 | Pantec | ၇၃ | ၄,၂၇၆,၀၀၀.၀၀ |
| ၁၃၈ | 13041.38.3.2.151 | Excellent Fortune Development Group | ၆၃ | ၄,၇၃၄,၀၀၀.၀၀ |
| ၁၃၉ | 13041.38.4.2.35 | Mobile Mother | ၉ | ၄၃၂,၀၀၀.၀၀ |
| ၁၄၀ | 13041.38.8.2.36 | Exccel Capital Securities Co.,Ltd | ၇ | ၇၂၀,၀၀၀.၀၀ |
| ၁၄၁ | 13041.38.8.2.75 | MYO&KIN Co.,Ltd | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၄၂ | 7001.39.1.2.37 | Sun Star Garment | ၁၃၄ | ၇,၄၈၁,၇၆၀.၀၀ |
| ၁၄၃ | 7001.39.1.2.156 | ဟံသာဝတီဂေါက်ကွင်း | ၄၈ | ၃,၀၇၂,၄၀၀.၀၀ |
| ၁၄၄ | 7001.39.1.2.162 | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် | ၁၆၀ | ၁၃,၀၅၉,၆၀၀.၀၀ |
| ၁၄၅ | 7001.39.2.2.150 | Bago Sunny Garment | ၃၂၀ | ၁၆,၇၄၇,၂၀၀.၀၀ |
| ၁၄၆ | 7001.39.3.2.119 | Puri Timber Co., Ltd. | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၁၄၇ | 7001.39.4.2.24 | NT MODE Garment | ၄၅၁ | ၂၅,၈၇၆,၈၀၀.၀၀ |
| ၁၄၈ | 7001.39.4.2.37 | Yangon First Stationary (ညောင်အင်း) Co., Ltd. | ၁၀၄ | ၅,၆၃၉,၇၆၀.၀၀ |
| ၁၄၉ | 7001.39.5.2.35 | Cobes Industries (Bago) Co., Ltd. | ၁,၃၂၉ | ၇၃,၀၀၂,၀၀၀.၀၀ |
| ၁၅၀ | 7001.39.5.2.36 | SHYANG PENG CHENG | ၁,၉၅၉ | ၁၁၂,၆၃၂,၀၀၀.၀၀ |
| ၁၅၁ | 13003.311.1.2.4 | Myanmar Wide Garment | ၈၇၉ | ၄၈,၆၈၂,၅၆၀.၀၀ |
| ၁၅၂ | 13003.311.1.2.10 | SHWE KYE | ၆ | ၃၇၇,၅၃၈.၀၀ |
| ၁၅၃ | 13003.311.2.2.131 | ဦးအောင်နိုင်သံရည်ကျို | ၁၀ | ၂၈၀,၀၀၀.၀၀ |
| ၁၅၄ | 13003.311.5.2.11 | Seo Ho International Co.,Ltd | ၆၃၁ | ၃၆,၇၈၈,၂၈၀.၀၀ |
| ၁၅၅ | 13003.311.7.2.16 | V-Top Industries Myanmar Limited | ၂၅၄ | ၁၅,၀၀၄,၈၀၀.၀၀ |
| ၁၅၆ | 13003.311.7.2.20 | De He Sheng Co.Ltd | ၂၃၈ | ၁၃,၈၅၈,၈၀၀.၀၀ |
| ၁၅၇ | 13003.311.7.2.38 | မြန်မာထန်းတပင်အထည်ချုပ်စက်ရုံ | ၂၅၉ | ၁၄,၇၉၁,၆၈၀.၀၀ |
| ၁၅၈ | 13003.311.8.2.13 | Myanmar Giant Metal Co.,Ltd | ၁၂၂ | ၇,၃၅၈,၄၀၀.၀၀ |
| ၁၅၉ | 13003.311.8.2.15 | Soonlinmas Wood Pannel Co,Ltd | ၄၄ | ၂,၅၄၄,၀၀၀.၀၀ |
| ၁၆၀ | 13008.313.1.2.170 | Universal Apparel | ၆၈၇ | ၄၀,၀၆၇,၇၅၂.၀၀ |
| ၁၆၁ | 13008.313.2.2.131 | Hope One Co.,Ltd | ၈၃၉ | ၄၈,၆၉၀,၂၄၀.၀၀ |
| ၁၆၂ | 13008.313.3.2.17 | AungGyi Trading | ၃၆ | ၄,၃၀၀,၀၀၀.၀၀ |
| ၁၆၃ | 13008.313.3.2.58 | စွဲလန်းအထည်ချုပ် | ၄၅၄ | ၂၅,၂၂၈,၈၀၀.၀၀ |
| ၁၆၄ | 13008.313.3.2.97 | Family Sai Sai | ၆ | ၃၉၂,၈၀၀.၀၀ |
| ၁၆၅ | 13008.313.3.2.137 | ဦးထွန်းထွန်းဖိနပ်ဆိုးပြား | ၈၀ | ၄,၈၅၇,၆၀၀.၀၀ |
| ၁၆၆ | 13008.313.5.2.89 | Mianyi Manufacturing Co.,Ltd | ၅၀၅ | ၂၈,၉၀၆,၉၂၀.၀၀ |
| ၁၆၇ | 13008.313.6.2.5 | ရှိုင်းလုံအပူခံသွပ်ပြားစက်ရုံ | ၁၀ | ၆၀၄,၈၀၀.၀၀ |
| ၁၆၈ | 13008.313.6.2.50 | Zwe Taw Wun Trading Co.,Ltd | ၁၆ | ၁,၁၁၆,၀၀၀.၀၀ |
| ၁၆၉ | 13008.313.6.2.57 | SIX SIX EIGHT CO.,LTD | ၈ | ၄၈၃,၂၀၀.၀၀ |
| ၁၇၀ | 13008.313.6.2.90 | Gold Yee Co.,Ltd | ၅ | ၃၉၅,၅၂၀.၀၀ |
| ၁၇၁ | 13008.313.6.2.197 | Mai Jiang International Building Matera | ၅၅ | ၃,၂၀၄,၀၀၀.၀၀ |
| ၁၇၂ | 13008.313.7.2.7 | Sheng Feng Shi Ye Co., Ltd | ၃၂ | ၁,၈၃၉,၂၀၀.၀၀ |
| ၁၇၃ | 13008.313.7.2.54 | Myanmar Sheng Qiao Lamination Co.,Ltd | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၁၇၄ | 13008.313.7.2.58 | Xin Jin Rong Mahu Factoring Co.,Ltd | ၂၉ | ၁,၆၇၀,၄၀၀.၀၀ |
| ၁၇၅ | 13008.313.7.2.182 | Win Motor Co.,Ltd | ၈၅ | ၆,၇၉၇,၂၀၀.၀၀ |
| ၁၇၆ | 13008.313.7.2.189 | POLY CLOTHING CO., LTD | ၁၆၂ | ၉,၃၃၅,၀၄၀.၀၀ |
| ၁၇၇ | 13008.313.8.2.20 | Nine Oasis Manufacturing Co.,Ltd | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၁၇၈ | 13008.313.8.2.57 | Fitex (Myanmar) Garment Manufacturing CO.,LTD. | ၁၂၄ | ၇,၃၄၀,၁၆၀.၀၀ |
| ၁၇၉ | 13008.313.8.2.61 | Myanmar Yingfa Solar Co.,Ltd | ၄၀ | ၁,၈၇၁,၂၈၀.၀၀ |
| ၁၈၀ | 13018.31.1.2.10 | ဒေါ်အေးအေးမြင့် အမိုးပြားစက်ရုံ | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၁၈၁ | 13018.31.1.2.39 | ဦးတင်လှိုင် ကြမ်းခင်းပါကေး | ၄ | ၉၆,၀၀၀.၀၀ |
| ၁၈၂ | 13018.31.1.2.64 | ဒေါ်စန်းစန်းမြင့် ပရိဘောဂဆေးသုတ်နှင့် တွင်ခုံ | ၄ | ၃၄၀,၀၀၀.၀၀ |
| ၁၈၃ | 13018.31.1.2.72 | ခင်မောင်ညွှန့်ထရေးဒင်း | ၆၆ | ၅,၀၂၉,၆၀၀.၀၀ |
| ၁၈၄ | 13018.31.1.2.141 | အောင်မင်္ဂလာအထည်ချုပ် | ၉ | ၂၈၈,၀၀၀.၀၀ |
| ၁၈၅ | 13018.31.1.2.142 | ဦးရွှေကို အထည်ချုပ် | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၁၈၆ | 13018.31.1.2.191 | Shwe Wood Industry | ၃၀ | ၁,၇၉၀,၄၀၀.၀၀ |
| ၁၈၇ | 13018.31.1.2.198 | စန္ဒာဟိန်းအထည်ချုပ် | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၁၈၈ | 13018.31.1.2.384 | အောင်မိုးနိုင်သံနန်းဆွဲ | ၆ | ၁၉၂,၀၀၀.၀၀ |
| ၁၈၉ | 13018.31.1.2.408 | ရောမောင်ကားဘော်ဒီ | ၂ | ၄၈,၀၀၀.၀၀ |
| ၁၉၀ | 13018.31.1.2.466 | Yin Phone Industry | ၅၅ | ၃,၁၆၈,၀၀၀.၀၀ |
| ၁၉၁ | 13018.31.2.2.20 | Pacific Prime Machinery Co,Ltd | ၁၉ | ၁,၂၈၁,၆၀၀.၀၀ |
| ၁၉၂ | 13018.31.2.2.171 | Flying Shuttle Int Co,Ltd | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၉၃ | 13018.31.2.2.197 | Bright Juan | ၃၂၁ | ၂၂,၅၄၅,၆၀၀.၀၀ |
| ၁၉၄ | 13018.31.2.2.223 | Lucky Bag & Swallow Plastic(2) | ၅၂ | ၂,၉၉၅,၂၀၀.၀၀ |
| ၁၉၅ | 13018.31.3.2.106 | Golden Rose Co,Ltd စက်မှုလုပ်ငန်း | ၁ | ၄၃,၂၀၀.၀၀ |
| ၁၉၆ | 13018.31.3.2.113 | Best Mix Concrete | ၃၆ | ၂,၂၃၂,၀၀၀.၀၀ |
| ၁၉၇ | 13018.31.4.2.13 | ဦးသူရကျော်-Steel Fabrication Factory | ၃၆ | ၂,၁၈၈,၀၀၀.၀၀ |
| ၁၉၈ | 13018.31.4.2.112 | ဇောတိကအဆင့်မြင့်အိမ်ယာစီမံကိန်း | ၄၀ | ၂,၆၈၆,၀၀၀.၀၀ |
| ၁၉၉ | 13018.31.4.2.134 | Galaxy Star Co,Ltd | ၅ | ၄၀၀,၀၀၀.၀၀ |
| ၂၀၀ | 13018.31.4.2.150 | လန်းဆန်းဝင်းသံပန်းသံတံခါးလုပ်ငန်း | ၆ | ၁၄၄,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ကျိုက်မရောမြို့နယ်၌ အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားဖွင့်ပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရော-စံပယ်ဂူ-ကော့ပနော့လမ်းပေါ်တွင်တည်ရှိသည့် အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားကို ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားကြီးပေါ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျိုက်မရောမြို့နယ် ဇေတဝန်ကျောင်းတိုက်ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်များထံမှ မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်များအား ပြည်နယ်ဝန်ကြီးချုပ်က တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ရေစက်သွန်းချ အမျှပေးဝေသည်။

**ဖြတ်သန်းကြည့်ရှု**

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး တံတားကြီးပေါ် ဖြတ်သန်းကြည့်ရှု၍ တံတားအား ဖွင့်လှစ်ပေးသည်။

အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားသည် ကျိုက်မရောမြို့နယ် ကျိုက်မရော- စံပယ်ဂူ- ကော့ပနော လမ်းပိုင်း ကျိုက်မရောမြို့အရှေ့ဘက် ၂ မိုင် ၄ ဖာလုံအကွာအဝေးတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ ပင်မတံတား သံမဏိသံပေါင်ခုံးတံတား၊ ချဉ်းကပ်တံတား ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ၊ သံကူကွန်ကရစ် ကိုယ်ထည်ဖြစ်ကာ တံတားအရှည် ၆၄၄ ဒသမ ၁ မီတာ (၂၁၁၃ ပေ ၂ လက်မ)၊ တံတားအကျယ် ၁၀ ဒသမ ၅၀ မီတာ (၃၄ ပေ ၆ လက်မ) ဖြစ်ပြီး စုစုပေါင်းငွေကျပ် သန်းပေါင်း ၂၃၀၀၀ ကျော် အကုန်အကျခံကာ တံတားအထူးအဖွဲ့ (၁၄)မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

**ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်**

အဆိုပါတံတားမှ မော်လမြိုင်- ကျိုက်မရောမြို့မှတစ်ဆင့် တရနာ- ဘုရားကုန်းလမ်းသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် မုဒုံ- မြဝတီလမ်းမှတစ်ဆင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့သို့ လည်းကောင်း၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့များသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အတွက် နယ်စပ်ကုန်သွယ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ကချင်ပြည်နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား နိုဝင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာပြုလုပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံတို့သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာပြုလုပ်နိုင်ရေး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေဖြင့် လိုအပ်သည်များကို ဖြည့်စွက်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးဆွေတင့်လွင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူးတို့က ကချင်ပြည်နယ်အတွင်း ရွေးကောက်ပွဲပြုလုပ်မည့်အခြေအနေများနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မဲရုံသုံးပစ္စည်းများ ဖြန့်ဝေရရှိမှုနှင့် မဲရုံဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဝေးလံခက်ခဲသည့်ဒေသများအတွက် မဲရုံဝန်ထမ်းများ၊ မဲရုံသုံးပစ္စည်းများ ဖြန့်ဝေဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးနိုင်မှု၊ ကြိုတင်မဲများလက်ခံဆောင်ရွက်နေမှုအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ကချင်ပြည်နယ်အတွင်း ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ် အသီးသီးအတွက် နိုင်ငံရေးပါတီနှင့် တစ်သီးပုဂ္ဂလပေါင်း ၁၈ ခုမှ ကိုယ်စားလှယ်လောင်း ၄၁၀ ဝင်ရောက် ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး မဲဆန္ဒရှင်ဦးရေမှာ ဒုတိယအကြိမ်မဲစာရင်းကြေညာချိန်ထိ စုစုပေါင်း ၁၀၉၆၇၀၁ ဦးရှိကာ မဲရုံပေါင်း ၉၁၉ ရုံတွင် မဲရုံတာဝန်ကျဝန်ထမ်းပေါင်း ၁၇၂၆၄ ဦးဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ ၂၅ ခုမြောက် လူထုအခြေပြုဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဖျားနာကုဆေးခန်းများအနက် ၂၅ ခုမြောက် မင်္ဂလာဒုံမြို့နယ် လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်းကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ကျောင်းရှေ့မှတ်တိုင်) ရွှေညောင်ပင်အနီး၌ ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါဆေးခန်းကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မင်္ဂလာဒုံ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ကျောင်းရှေ့မှတ်တိုင်)ရွှေညောင်ပင်အနီး၌ ဖွင့်လှစ်ကုသပေးမည်ဖြစ်သည်။

ထိုသို့ ဆေးခန်းဖွင့်လှစ်နိုင်ရန် ရက်သတ္တနှစ်ပတ်စာ လိုအပ်ချက်များကို လူထုအခြေပြုဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)က ကူညီထောက်ပံ့ပေးထားပြီး ရေရှည်ဆက်လက်ရပ်တည်နိုင်ရန် စေတနာ့ဝန်ထမ်းများနှင့် အလှူရှင်များလည်း လိုအပ်ကြောင်း၊ လုပ်အားပေးကူညီရန် စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းများနှင့် အလှူရှင်များအနေဖြင့် အဆိုပါဆေးခန်း တာဝန်ခံဆရာဝန် ဒေါက်တာအိမွန်မွန်ကျော် ဖုန်း-၀၉-၄၃၀၉၈၉၅၃ ထံသို့ ဆက်သွယ်ကူညီလှူဒါန်းနိုင်ကြောင်း သိရသည်။

**အေးမင်းသူ**

■

# မော်လမြိုင်မြို့၌ ပြည်သူမှပြည်သူသို့မျှဝေခြင်း အလှူပြုလုပ်



**မော်လမြိုင် နိုဝင်ဘာ ၃**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း အလုပ်အကိုင်နည်းပါး၍ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင် ငန်းတေးရပ်ကွက် အိမ်ရာမီးပွိုင့်လမ်းဆုံ၌ ပြုလုပ်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မော်လမြိုင် ငန်းတေးရပ်ကွက်ပြည်သူများအတွက် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကို အလှူရှင်များက လှူဒါန်းကြပြီး လိုအပ်သူများက လာရောက်တန်းစီကာ လက်ခံကြကြောင်း သိရသည်။

ထိုသို့အလှူပြုလုပ်မှုသည် ယနေ့ ရှစ်ရက်မြောက်နေ့အလှူဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ လျှပ်စစ်ကဏ္ဍအတွက် ငွေကျပ်သန်း ၃၆၀၀၀ ကျော် သုံးစွဲမည်

**စစ်ကိုင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် လျှပ်စစ်ကဏ္ဍအတွက် လာမည့် ၂၀၂၀-၂၀၂၁ တွင် တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၃၆၀၀၀ ကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသန့်ထွန်းထံမှ သိရသည်။

"ဓာတ်အားစနစ်က ဓာတ်အားရဖို့၊ ကျန်တဲ့ရွာတွေ တိုးချဲ့ဓာတ်အားဖြန့်နိုင်ဖို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံသုံးရုံနဲ့ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၁၀၅၉ လုံး တိုးချဲ့တည်ဆောက်ဖို့ စီစဉ်နေပါတယ်။ သုည ဒသမ ၆ မိုင်ရှိတဲ့ ၆၆ ကေဗွီဓာတ်အားလိုင်း၊ ၁၉ ဒသမ ၅၁ မိုင်ရှိတဲ့ ၃၃ ကေဗွီဓာတ်အားလိုင်း၊ ၉၄၇ ဒသမ ၂၄ မိုင်ရှိတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၁၀၄ ဒသမ ၁၆ မိုင်ရှိတဲ့ ၄၀၀ ဓာတ်အားလိုင်းတွေ တိုးချဲ့တည်ဆောက်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဦးမျိုးသန့်ထွန်းက ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ကဏ္ဍအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ငွေကျပ်သန်း ၂၇၀၀၀ ကျော်နှင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ငွေကျပ်သန်း ၈၇၀၀ ကျော် စုစုပေါင်း ငွေကျပ်သန်း ၃၆၀၀၀ ကျော် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လုပ်ငန်းများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးရွာ ၈၀၁ ရွာနှင့် အိမ်ထောင်စု ၈၂၆၁၀ တို့ကို ထပ်မံတိုးချဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဓာတ်အားစနစ်ဖြင့် မြို့နှင့် မြို့နယ် ၃၆ မြို့နယ် မီးလင်းပြီးဖြစ်သလို ဒီဇယ်ဓာတ်အားပေးစက်၊ အသေးစားရေအားတို့ဖြင့် ၁၄ မြို့နယ် မီးလင်းပြီးဖြစ်ပြီး ဓာတ်အားစနစ်ဖြင့် ၃၀၃၄ ရွာ မီးလင်းပြီးဖြစ်သလို ဒီဇယ်၊ ဆိုလာစနစ်များဖြင့် ရွာပေါင်း ၂၃၀၀ ရွာ စုစုပေါင်း ၅၃၃၄ ရွာ မီးလင်းပြီဖြစ်ကာ မီးလင်းရန် ၆၅၈ ရွာကျန်သေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ၂၀၂၀ ပြည့်နှစ် မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်ပါ လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ/အေဂျင်စီများ၊ အာဆီယံနှင့် ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ ၁-၅-၂၀၂၀ ရက်နေ့မှ ၃၁-၈-၂၀၂၀ ရက်နေ့အထိ လေးလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကျဉ်းချုပ်၍ ပြည်သူများသို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

(ယမန်နေ့မှအဆက်)















# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

*(ယမန်နေ့မှအဆက်)*

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)သည် နိုင်ငံတော်အစိုးရ၏ ပြီးခဲ့သည့် (၄) နှစ်ကျော်ကာလအတွင်း ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကျိုးတူ ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီများအား စည်းရုံးဆောင်ရွက်နိုင်မှုကြောင့် သတ္တု၊ ကျောက်မျက်/ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်ရာ ဒေသအသီးသီးရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းမှုများပြုလုပ်လျက်ရှိရာ စုစုပေါင်းငွေကျပ် ၄၉၃၈၈ သန်းကျော်ကို ကူညီထောက်ပံ့လှူဒါန်းနိုင်ခဲ့ပါသည်။





လုံးခင်းနယ်မြေ ဆိုင်းရာရွာသစ် အခြေခံပညာမူလတန်းကျောင်းအတွက် တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီမှ ကျေးရွာလမ်းခင်းပေးထားမှုနှင့် သင်ထောက်ကူပစ္စည်း ၁၄ မျိုး ပေးအပ်လှူဒါန်းမှု မှတ်တမ်းများ။





GPS Joint Venture Co., Ltd. မှ ရှမ်းပြည်နယ် ဘော်ဆိုင်းဒေသရှိ ကျေးရွာ (၄)ရွာ မီးလင်းရေး ဆောင်ရွက်ထားစဉ်။




တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီမှ ဖားကန့်မြို့နယ် လုံးခင်းအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာအတွက် လှူဒါန်းထားသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်။

## အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုစာရင်း

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လမ်းပန်း ဆက်သွယ်ရေး | ရေရရှိရေး | လျှပ်စစ်မီး ရရှိရေး | ပညာရေး | ကျန်းမာရေး | လူမှုရေးနှင့် ကယ်ဆယ်ရေး | ဘာသာ သာသနာ ဖွံ့ဖြိုးရေး | သဘာဝဘေး အန္တရာယ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၁၄၁.၆၉၆ | ၁၀.၉၀၀ | ၄၂.၃၀၀ | ၁၃၂၈.၀၇၅ | ၁၂၁၃.၀၈၁ | ၄၀၂၉.၈၁၂ | ၁၁၀၆.၄၂၇ | ၁၅၃၅.၇၁၃ | ၁၀၄၀၈.၀၀၄ |
| ၂ | ကယား | ၂၁၉.၇၀၂ | ၂.၀၀၀ | ၂၃.၆၀၀ | ၃၁၃.၄၉၉ | ၂၇.၇၂၂ | ၆၃၃၃.၉၁၄ | ၁၃၂.၈၀၁ | ၈၂.၁၂၀ | ၇၁၃၅.၃၅၈ |
| ၃ | စစ်ကိုင်း | ၂၄၃၅.၁၈၂ | ၈၉၇.၉၅၅ | ၁၄၆.၇၈၀ | ၇၂၄.၁၅၂ | ၂၁၅.၀၆၁ | ၂၃၉၃.၇၅၂ | ၂၉၅.၇၄၃ | ၁၂၈.၅၃၃ | ၇၂၃၇.၃၅၉ |
| ၄ | တနင်္သာရီ | ၁၁၅.၉၆၆ | ၅၀.၅၀၂ | ၃၁.၈၂၀ | ၁၄၁၇.၈၈၄ | ၁၁၅.၀၈၄ | ၁၁၄၂၄.၀၈၇ | ၃၈.၂၀၃ | ၉၃.၉၃၂ | ၁၅၅၀၇.၄၇၉ |
| ၅ | ပဲခူး | ၃.၅၀၀ | ၀.၉၀၀ | ၀.၀၀၀ | ၇.၇၀၀ | ၂.၀၀၀ | ၂.၀၀၀ | ၄.၉၅၀ | ၀.၆၀၀ | ၂၁.၆၅၀ |
| ၆ | မကွေး | ၃.၁၄၀ | ၂.၁၁၉ | ၀.၀၀၀ | ၈.၇၀၇ | ၁.၇၂၀ | ၀.၁၈၀ | ၀.၁၂၈ | ၀.၀၀၀ | ၁၆.၁၉၄ |

စာမျက်နှာ ၂၃ သို့ »»

»»» စာမျက်နှာ ၂၂ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လမ်းပန်း ဆက်သွယ်ရေး | ရေရရှိရေး | လျှပ်စစ်မီး ရရှိရေး | ပညာရေး | ကျန်းမာရေး | လူမှုရေးနှင့် ကယ်ဆယ်ရေး | ဘာသာ သာသနာ ဖွံ့ဖြိုးရေး | သဘာဝဘေး အန္တရာယ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၇ | မန္တလေး | ၁၅၉၆.၂၂၄ | ၅၄.၄၈၃ | ၉၂.၃၉၀ | ၁၀၀၃.၉၁၉ | ၂၇၈.၁၄၈ | ၁၈၃၆.၇၅၂ | ၁၄၆၅.၇၂၅ | ၃၇.၁၀၀ | ၆၃၆၄.၇၄၁ |
| ၈ | မွန် | ၄၅.၀၀၀ | ၄.၀၀၀ | ၃.၀၀၀ | ၁၅.၁၉၂ | ၆.၈၀၀ | ၄.၂၄၁ | ၄၅.၄၅၀ | ၁.၆၀၀ | ၁၂၅.၂၈၃ |
| ၉ | ရခိုင် | - | - | - | - | - | - | ၄.၈၄၅ | - | ၄.၈၄၅ |
| ၁၀ | ရန်ကုန် | - | - | - | - | - | - | ၀.၇၀၀ | - | ၀.၇၀၀ |
| ၁၁ | ရှမ်း | ၉၁.၉၆၈ | ၁၃.၅၀၀ | ၇၅၉.၁၄၀ | ၁၀၉.၀၁၆ | ၁၉.၆၁၅ | ၁၄၇၄.၁၀၁ | ၈၆.၆၉၅ | ၁၂.၁၉၀ | ၂၅၆၆.၂၂၅ |
| | စုစုပေါင်း | ၅၈၅၂.၅၇၈ | ၁၀၃၆.၅၅၉ | ၁၀၉၉.၀၃၂ | ၄၉၂၈.၁၄၄ | ၁၈၉၉.၂၃၁ | ၂၉၄၉၉.၀၃၉ | ၃၁၈၁.၆၆၇ | ၁၈၉၁.၇၈၈ | ၄၉၃၈၈.၀၃၈ |

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် သတ္တုတူးဖော်သည့် ကုမ္ပဏီများက သစ်ပင်စိုက်ပျိုးထားရှိမှုများ**








# လမ်းမီး၊ ရေမြောင်းနှင့် အမှိုက်သိမ်းစနစ်များ ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်များအား လမ်း၊ လမ်းမီး၊ ရေမြောင်းနှင့် အမှိုက်သိမ်းစနစ်များအား ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးစောဟန်က ပြောကြားသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် မူလက ရပ်ကွက် ၁၆ ရပ်ကွက်သာရှိပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လမှစတင်ကာ နှစ်ရပ်ကွက်တိုးလာခြင်းကြောင့် ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက်ဖြစ်လာကြောင်း၊ ထပ်တိုးရပ်ကွက်များမှာ လိုအပ်ချက်များစွာရှိနေသေးကြောင်း၊ လမ်း၊ လမ်းမီး၊ ရေမြောင်းနှင့် အမှိုက်သိမ်းစနစ်များအား ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးစောဟန်က ပြောကြားသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် လေးနှစ်ကျော်ကာလအတွင်း လမ်းပေါင်း ၁၀၀ ကျော်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် လမ်းပေါင်း ၃၀ အဆင့်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းမီးများအနေဖြင့် လမ်းမီးတိုင်ပေါင်း ၁၀၀၀၀ ကျော် စိုက်ထူထွန်းညှိပေးနိုင်ခဲ့ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအား ဆယ်ယူရှင်းလင်းခြင်း၊ မြို့နယ်အတွင်းရှိသည့် အဓိကရေမြောင်းတစ်ခုဖြစ်သည့် ဂျပန်ရေမြောင်းကိုလည်း Precast စနစ်ဖြင့် ရေစီးရေလာကောင်းမွန်ရေး ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သိမ်းယာဉ်များဖြင့် ရပ်ကွက်များသို့ သွားရောက်ကာ စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်တစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**





# ကန့်ဘလူ၌ ပုံမှန်ကာကွယ်ဆေးထိုးတိုက်ကျွေးခြင်း ဆောင်ရွက်ပေး

**ကန့်ဘလူ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက အမှတ်(၃) ရပ်ကွက် ညောင်အိုင်ဘုန်းတော်ကြီးကျောင်း၌ ပုံမှန်ကာကွယ်ဆေးထိုး တိုက်ကျွေးပေးလျက်ရှိသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးရာတွင် အသက်နှစ်လမှ တစ်နှစ်ခွဲထိကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့နာ၊ မေးခိုင်၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ (ငါးမျိုးစပ်) ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မေးခိုင်-ဆုံဆို့ ကာကွယ်ဆေးထိုးခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါကာလ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း ဘက်စုံသားဖွားဆရာမ ဒေါ်သီတာက ပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး

**ကော့သောင်း နိုဝင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရပ်ကွက်နှင့် ကျေးရွာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းက မွေးကင်းစမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုးတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ပုံမှန်ကာကွယ်ဆေးထိုး တိုက်ကျွေးမှုအစီအစဉ်တွင် ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးမိခင်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးတိုက်ကျွေးပေးရခြင်းနှင့်ပတ်သက်၍ ကာကွယ်နိုင်သည့်ရောဂါများအကြောင်းကို ကာကွယ်ဆေးထိုးရန်လာရောက်သည့် မိခင်များတစ်ဦးချင်းစီသို့ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးထိုးတိုက်ကျွေးရာတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ဝက်သက်-ဂျိုက်သိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ပုံမှန် ကာကွယ်ဆေးထိုးဆေးတိုက်ခြင်း၊ ဘီစီဂျီကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (pcv) ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချကာကွယ်ဆေး၊ တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ (ဘီ) ရောဂါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်ရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မိုးညှင်းမြို့နယ်ရှိ သစ်တောမြေရိယာဧက ၁၅၁၀ အား ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုလက်မှတ်များပေးအပ်

**မိုးညှင်း နိုဝင်ဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အသုံးပြုသူများအဖွဲ့ ၁၃ဖွဲ့ထံသစ်တောမြေရိယာဧက ၁၅၁၀ အား ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို နိုဝင်ဘာ ၂ရက် နံနက် ၁၀ နာရီတွင် အုတ်ကျင်းရပ်ကွက်ရှိ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုရုံး၌ ကျင်းပသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အမှာစကားပြောကြားပြီး မြစ်ကြီးနားခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ထွန်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားကာ တက်ရောက်လာသည့်အဖွဲ့ ၁၃ ဖွဲ့ထံ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုလက်မှတ်များကို တာဝန်ရှိသူအသီးအသီးက ပေးအပ်ခဲ့ကြသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်ပြုလက်မှတ်ရရှိသည့် အဖွဲ့များအနေဖြင့် နှစ် ၃၀ စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်ပါ စာချုပ်များအတိုင်း သစ်တောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအပြင် မိမိတို့၏ ဝင်ငွေတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်နိုင်သည့်အပြင် ဒေသတွင်းသဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများလည်း ဆောင်ရွက်ခွင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်ထွေး**
**(ပြန်/ဆက်)**

# နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး

**ရှမ်းရွာသစ် နိုဝင်ဘာ ၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ရှိ ကျေးလက်ကျန်းမာရေးဌာနသည် မြို့အတွင်းရှိ ဒေသနေပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတရရှိစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန်ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီတွင် ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာန၌ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကလေးငယ်များ ကူးစက်ရောဂါမှကာကွယ်ရန်နှင့် ကျန်းမာရေးအသိရှိစေရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ကိုယ်အလေးချိန်ချိန်ပေးခြင်း၊ အသက်နှစ်နှစ်အောက်ကလေးငယ်များအား အသည်းရောင်အသားဝါ (ဘီ)ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ မေးခိုင်ရောဂါ၊ တီဘီရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် ဝက်သက်ရောဂါတို့မှ ကင်းဝေးစေရန် အသက်ပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများထိုးပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်လေး**
**(ပြန်/ဆက်)**

# ဒေါက်တာခင်မောင်လွင် (FAME) ၏ ဆုရစာအုပ်များ




၂၀၀၆ ခုနှစ်အတွက်
သုတစွယ်စုံ (အသုံးချသိပ္ပံ) စာပေဆုရ
**သဘာဝမှုရသော ကျန်းမာသုခ**

၂၀၁၇ ခုနှစ်အတွက်
ဆရာဝန်တင်ရွှေ စာပေဆုရ
**သစ်သီးများနှင့် ကျန်းမာရေး**

၂၀၁၈ ခုနှစ်အတွက်
ထွန်းဖောင်ဒေးရှင်း စာပေဆုရ
**ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ်**

၂၀၁၈ ခုနှစ်အတွက်
ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုရ
**လူသားအကျိုးပြု ပျားမျိုးစု**

ကျန်းမာသုတစာအုပ်များ အားလုံးကို
ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။
09-752721908, 09-954271908


## အစုရှယ်ယာလျှော့ချမည့်အကြောင်းကြေညာခြင်း

ကျွန်တော်များ KAN SHA POWER COMPANY LIMITED သည် (၂-၁၁-၂၀၂၀)ရက်တွင် ပြုလုပ်သောအစည်းအဝေးအရ အစုရှယ်ယာကို (ကျပ် ၅၀ ၀၀၀ ၀၀၀/-)မှ (ကျပ် ၁၀ ၀၀၀ ၀၀၀/-) အထိလျှော့ချရန် အထူးအစည်းအဝေး ကျင်းပပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

KAN SHA POWER COMPANY LIMITED


# အဆာပယ်၊ မုန့်ဟင်းခါး မိုမိုကို ၊ အာရှ

အဆင့်မြင့်ရဟန်းသံဃာတော်ဆောင်းထီးအမျိုးမျိုး

ပင်ရင်း – ရဲသီဟာထီးဆိုင်

တိုက်(၈)၊အခန်း(၅)၊ဇီဝယ်လမ်း၊ယုဇနပလာဇာအနောက်ဘက်တိုက်တန်း၊ရန်ကုန်မြို့။
၀၉ – ၅၀၀ ၅၅၀၈၊၀၉ – ၅၅၂၀ ၅၅၂၀ ၂ ၊၀၉ – ၅၀၀ ၅၃ ၁၅


# မူးယစ်ကို
# ပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၀–၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် လမ်းလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် – ၁၆–၁၀–၂၀၂၀ရက်မှ၁၆–၁၁–၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ – အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် – ၁၆–၁၁–၂၀၂၀ရက်၊ ၁၆:၀၀နာရီ

၅။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ Profile ကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၆၇–၃၄၃၀၀၄၅၊ ၀၆၇–၃၄၃၀၅၆၂၊ ၀၆၇–၃၄၃၀၁၇၁ နှင့် ၀၆၇–၈၁၀၃၄၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် လိုအပ်သော စက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများကို ပြည်တွင်းမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် – ၁၆–၁၀–၂၀၂၀ရက်မှ၁၆–၁၁–၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ – အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် – ၁၆–၁၁–၂၀၂၀ရက်၊ ၁၆:၀၀နာရီ

၅။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ Profileကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၆၇–၃၄၃၀၀၄၅၊ ၀၆၇–၃၄၃၀၅၆၂၊ ၀၆၇–၃၄၃၀၁၇၁ နှင့် ၀၆၇–၈၁၀၃၄၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော (၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ အတွက်) ဒီဇယ်ဆီ (H.S.D)၊ ပရီမီယံဒီဇယ်ဆီ(P.H.S.D) နှင့် ဓာတ်ဆီ(Octane–92)တို့ကို **မြန်မာကျပ်ငွေ**ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား **၁၀–၁၂–၂၀၂၀ ရက်နေ့ (၁၄:၀၀)နာရီ** နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၅–၁၁–၂၀၂၀) ရက်နေ့မှစ၍ ၈–၁၂–၂၀၂၀ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်–၀၁–၈၆၁၀၂၃၀ နှင့် ၀၁–၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ် (၄၇)၊ ပုလဲလမ်းရှိ အလျား(၆၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၀.၀၈၂)ဧကရှိ နှစ်(၆၀)ဂရန်အမည်ပေါက်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ဂိုဒေါင်တစ်လုံး၊ လျှပ်စစ်မီတာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စွာ[၁၂/ကမရ(နိုင်)၀၀၂၇၂၁]မှ မူလပိုင်ရှင်ဒေါ်ခင်မမကြီးထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီးနောက် ယခုလက်ရှိ ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကျော်စွာထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ၎င်းမြေကွက်နှင့် ပတ်သက်သော အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်မာသောအထောက်အထား စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာနည်ဝင်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၃၇၄၆၄) (၆–၉–၂၀၁၁)**
**ဖုန်း–၀၉–၄၂၀၀၃၅၉၂၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်ပွင့်မြတ်စိုး ၁၂/တမန(နိုင်)၁၀၁၄၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၂ )၊ မြေကွက်အမှတ် (၇၈၇/ခ)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေ မြေကွက်၏ ထက်ဝက်ဖြစ်သော ခေါင်းရင်းခြမ်းဖြစ်သည့် (၆၀၀)စတုရန်းပေနှင့် အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခုအပိုင်ရောင်းချသူ ဒေါ်ဥမ္မာအေး (၁၂/ဒပန(နိုင်) ၀၅၄၆၃၅)မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုပြီး အထောက်ဖော်ပြပါ မြေနှင့်အဆောက်အဦး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မိမိသာလျှင် ရောင်းချခွင့်ရှိကြောင်း ထပ်လောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန်စရံငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုသူများ ဤသတင်းစာ ကြော်ငြာပါသည့် နေ့မှစ၍ (၇–ရက်) အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့်အဆောက်အဦး၏ အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ)**
စဥ် – ၈၄၅၇
(LL.B, D.B.L, D.I.L, Dip in Global English
PGDCWE, DL-DIP (101,202,302) (Switzerland)
အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း – ၀၉–၅၀၂၅၅၈၃၊ ၀၉၉၆၅၀၂၅၅၈၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ကျောက်မဲခရိုင်ရုံး (၆၀' x ၄၀')RCC (၂) ထပ်
(ခ) မိုင်းဆတ်ခရိုင်ရုံး (၆၀' x ၄၀') RCC (၂) ထပ်
(ဂ) မိုင်းဆတ်ခရိုင်ရုံးခြံစည်းရိုးကာရံခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်နှင့် ပိတ်သိမ်းမည့်ရက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တင်ဒါစတင်ရောင်းချမည့်ရက် – ၉–၁၁–၂၀၂၀ ရက်(ရုံးချိန်အတွင်း)
(ခ) တင်ဒါပိတ်မည့်ရက် – ၉–၁၂–၂၀၂၀ ရက်(ရုံးချိန်အတွင်း)
(ဂ) တင်ဒါပိတ်မည့်အချိန် – ၁၅:၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တင်ဒါစတင်ရောင်းချသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များရှိပါက ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း (၀၈၁–၂၀၆၈၅၇)၊ (၀၉–၂၅၆၂၈၃၇၄၅) သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါပတ်ဝန်းကျင်လေအရည်အသွေး တိုင်းတာစက်ကိရိယာများ ဝယ်ယူခြင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

(က) Air Pollution Monitor (Horiba), TSP, Air Pollution Dust Analyzer APDA–372 Measuring Parameter–PM1,PM2.5,PM4,PM10, TSP
(ခ) Haz Scanner
  (၁) Haz Scanner (Ser.no 916116)အား Calibration ပြုလုပ်ခြင်းနှင့် 6 Sensors (Co, CO2,No, No2, So2, HCI)ခု ဝယ်ယူတပ်ဆင်ခြင်း
  (၂) Haz Scanner (Ser.no 916116)တွင် (Sensors PM2.5, Wind Speed and Win direction) ဝယ်ယူတပ်ဆင်ခြင်း
  (၃) Haz Scanner (Ser.no 919224)အား Calibration ပြုလုပ်ခြင်းနှင့် Sensors PM 2.5)ဝယ်ယူတပ်ဆင်ခြင်း
(ဂ) Spare Parts of AAS (Capillary Assay)

၂။ တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်နှင့် ပိတ်သိမ်းမည့်ရက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တင်ဒါစတင်ရောင်းချမည့်ရက် – ၉–၁၁–၂၀၂၀ (ရုံးချိန်အတွင်း)
(ခ) တင်ဒါပိတ်မည့်ရက် – ၉–၁၂–၂၀၂၀ (ရုံးချိန်အတွင်း)
(ဂ) တင်ဒါပိတ်မည့်အချိန် – (၁၅:၃၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများနှင့်တင်ဒါစည်းကမ်းချက်များကို တင်ဒါစတင်ရောင်းချသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များရှိပါက ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း(၀၈၁–၂၀၆၈၅၇)၊ (၀၉–၂၅၆၂၈၃၇၄၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## တစ်ချက်တည်းကျင်းဝင်
## (ရန်ကုန်ဂေါက်အသင်း၊ တည်းကုန်း)

၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ(၂)ရက်နေ့ နံနက် ၇:၂၀ နာရီတွင် ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ကိုဝင်းထွဋ်ဝင်းသည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးညီညီလွင်၊ ဦးစိုးသောင်း၊ ဦးဉာဏ်ဇော်ဦးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၁)ကို (၁၃၅)ကိုက်အကွာမှ SRIXON 1 ဘောလုံးအား XXIO 6 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## မတည်ရင်းနှီးငွေလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ KK FAMIL (MUSE) COMPANY LIMITED မတည်ရင်းနှီးငွေ ကျပ်သိန်း(၅၀၀၀၀၀၀၀)မှ (၁၀၀၀၀၀၀၀)လျှော့ချမည်ဖြစ်ကြောင်း အစုရှယ်ရာရှင်များသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**KK FAMIL(MUSE)COMPANY LIMITED**
**Ph:09–2225201**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်အတွင်းရှိ Star City (A–4), (Room–1021),(905 sqft) ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ ပစ္စည်းများအားလုံးကို မူလပိုင်ရှင် ဒေါ်နန်းမြတ်ဝတ်ရည် [၁၃/တတန(နိုင်)၁၉၉၆၂၆] ကိုင်ဆောင်သူထံမှ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်ကျေးရွာ၊ ရွှေစေတီ(၁)လမ်း၊ အမှတ် (၅၆၅)နေ ဒေါ်အိဖြူမြင့် [၇/ပတန(နိုင်)၁၂၃၅၅၂] ကိုင်ဆောင်သူက ဝယ်ယူမည်ဖြစ်ပါ၍ စရန်ပေးထားပြီးဖြစ်ပါသည်။ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်စာရွက်စာတမ်း အထောက်အထားဖြင့် ယခုကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အပိုင်ဝယ်ယူသူ ဒေါ်အိဖြူမြင့်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာပါသည်။ **ဒေါ်အိဖြူမြင့် [၇/ပတန(နိုင်)၁၂၃၅၅၂)**
**အမှတ် (၅၆၅)၊ ရွှေစေတီ (၁)လမ်း၊ ကုန်းတလဘောင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်။**

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဟာဂျီဆရာ ဦးသောင်းမြင့်

**(အင်းစိန် G.T.I–ငြိမ်း)**

၄–၁၁–၂၀၁၀ – ၄–၁၁–၂၀၂၀

ကျေးဇူးရှင်ပါပါ ချစ်သောမိသားစုနှင့် အသိုင်းအဝိုင်းတစ်ခုလုံးကို ခွဲခွာသွားတာ ဆယ်နှစ်ပြည့်ခဲ့ပါပြီ။ တစ်နေ့တစ်ရက်မှ မေ့မရဘဲ သတိရနေဆဲပါ။

မိသားစုများနဲ့ ချစ်ခင်သူများမှ ပို့သသော အီဆွာလေစဝါးမ်နှင့် ဆုမွန်ဒိုအာများကို ပါပါနှင့်တကွ အာရ်ဝါအပေါင်းရရှိနိုင်ပါစေ။

ချစ်တဲ့မိသားစု–

ဇနီး – ဟာဂျီမ ဒေါ်ခင်မေချစ် (ဆ.သ.ရ – ငြိမ်း)
သမီးကြီး – မမင်းမင်းချစ်(Assistant Vice President, MUFG Bank, Ltd)
သမီးငယ် – မလင်းလင်းချစ်(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)
မြေးများ – မောင်ချမ်းငြိမ်းခန့် (Year–6,EMPS)
မောင်ရဲလင်းသန့် (Year–4, EMPS)

## အထူးကျေးဇူးတင်လွှာ

### ဦးဝင်းမောင် (ခ) ပီးရ်မိုဟာမ္မာဒ် (ပြည်) B.Com

**မန်နေဂျာ (ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**

**အကြံပေးပုဂ္ဂိုလ် (ကမ္ဘောဇဘဏ်)**

**အသက် (၈၈) နှစ်**

၂၆–၁၀–၂၀၂၀ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၂၄၀)၊ ပထမထပ်(ဝဲ) နေ ကွယ်လွန်ခဲ့ (အလ္လာဟ်အသျှင်မြတ်ကရုဏာခံယူသွားခဲ့)သော ဦးဝင်းမောင် (ခ) ပီးရ်မိုဟာမ္မာဒ် (ပြည်) ၏ဈာပနကိစ္စအဝဝအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ကမ္ဘောဇဘဏ်လီမိတက် နာယကကြီး ဦးအောင်ကိုဝင်းနှင့် ဇနီး ဒေါ်နန်းသန်းထွေးမိသားစု၊ ဥက္ကဋ္ဌ၊ CEO၊ ဒါရိုက်တာအဖွဲ့နှင့် အရာထမ်းများအပါအဝင် ဝန်ထမ်းများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်ကာလ ဆေးဝါးကုသမှုခံယူစဉ် အထူးကုသဆောင်ရွက်ပေးခဲ့ကြသော SSC ဆေးရုံနှင့် Burmrungrad Clinic Yangonတို့အားလည်းကောင်း၊ အနီးကပ်ကြီးကြပ်ကူညီကုသဆောင်ရွက်ပေးခဲ့ကြသော ဒေါက်တာဇော်ဝင်း (နေနတ်သားဆေးခန်း)နှင့် ဒေါက်တာဇာနည်ထွန်း (ဇော်ဂျီဆေးခန်း)တို့အား လည်းကောင်း၊ အားပေးကူညီကြသူများအပါအဝင် ဝမ်းနည်းဆုတောင်း ပေးပို့ပေးခဲ့ကြသူများ၊ နှစ်သိမ့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သတင်းမေးဆုတောင်းမေတ္တာပို့ကြသော မိတ်ဆွေ၊ သူငယ်ချင်းများအပါအဝင် ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျန်ရစ်သူမိသားစုများမှ လှိုက်လှဲစွာအထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု


## အမုန်းစကားမပြောရ

facebook



တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင် စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ


## ဦးထွန်းအေး

### အသက်(၉၃)နှစ်

### အကောက်ခွန်(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးသက်–ဒေါ်ကျင်ရွှေ)တို့၏သားထွေး၊ ဒေါ်နုနု၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်နီနီအေး–ဦးခင်မောင်မော်၊ ဒေါ်ဝါဝါအေး၊ ဒေါ်ဖြူဖြူအေး–ဦးမောင်မောင်ကျော်၊ ဒေါက်တာဇော်ဇော်အေး–ဒေါက်တာသန်းသန်းတို့၏ချစ်လှစွာသော ဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၉–၁၀–၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၃:၅၀နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၃၀–၁၀–၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

(မိခင်ကြီး ကျန်းမာရေး အခြေအနေကြောင့် အသိမပေးထားပါသဖြင့် သတင်းလာရောက် မေးမြန်းခြင်းသည်းခံပေးပါရန် မေတ္တာရပ်ခံပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စန်းစန်း

အသက် (၉၃) နှစ်

ဗိုလ်ကြီးဆန်းနိုင် (ငြိမ်း)–ဒေါ်အေးအေးဝင်း တို့၏ မိခင်ကြီး ဒေါ်စန်းစန်းသည် ၂–၁၁–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၃) မှ**
**အရာရှိများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းနု

အသက် (၈၈) နှစ်

ဗိုလ်မှူးတင်ယု(ငြိမ်း)–ဒေါ်ညွန့်ညွန့်ရီတို့၏ မိခင်ကြီး ဒေါ်စန်းနုသည် ၁–၁၁–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၃) မှ**
**အရာရှိများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်လေး (ဖွားကြင်)

**ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်) နာယကကြီး**

**အသက် (၉၁) နှစ်**

အမှတ် (၃၃၈)၊ ဒု(ဝဲ)ထပ်၊ မဟာဗန္ဓုလလမ်းနေ (ဦးတင်မောင်–လွတ်လပ်ရေး မော်ကွန်းဝင် တိုင်းပညာရေးမှူးဟောင်း၏ဇနီး)သည် ၂–၁၁–၂၀၂၀၊ နံနက် ၉:၀၉ နာရီတွင် မင်္ဂလာဒုံ အသည်းဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် အမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားများသည် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကျင်မြို့နယ်အသင်း**
**(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း (ကိုစိုးသိမ်း) (စာရေးဆရာမောင်ဝံသ)၏ဇနီး ဒေါ်မြင့်မြင့်(ဒေါင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်းထုတ်ဝေသူ)သည် ၂–၁၁–၂၀၂၀ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးရဲထွဋ်(ဝင်းထွဋ်ဇော်)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး

### ဦးငွေလှိုင်

**အသက် (၈၂) နှစ်**

သူငယ်ချင်းဒေါက်တာမင်းဇော်ဦး (ပါမောက္ခ၊ ဆေးပညာဌာန၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး)–ဒေါက်တာကေသီခိုင်တို့၏ ချစ်လှစွာသော ဖခင်ကြီးသည် ၃၁–၁၀–၂၀၂၀ ရက်တွင် ဘဝတစ်ပါးကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ရွှေတောင် Trip Group မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကချင်ပြည်နယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ**

### ဦးခင်မောင်ညို

**အသက် (၅၅) နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၅၁)၊ ယုဇနရပ်ကွက်နေ ကြည်း/၂၁၀၃၂ ဗိုလ်ကြီးခင်မောင်ညို (ငြိမ်း)၊ ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌသည် ၁–၁၁–၂၀၂၀ရက်၊ မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်**

## ဦးတင်လှိုင်

### ကုန်သွယ်(ငြိမ်း)

**အသက် (၈၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဂင်ဒိတ်ကုန်းကျေးရွာနေ (ဦးညွန့်–ဒေါ်ပန်းမြိုင်) တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မြောက်ဘက်မြို့ပတ်လမ်းနေ (ဦးဘစိန် – ဒေါ်အုန်းမြိုင်) တို့၏သားသမက်၊ မောင်နှမ ရှစ်ယောက်တို့၏ အစ်ကို/ညီ/မောင်၊ ဦးဝင်းဇော်သိန်း – ဒေါ်မိုးမိုးသူ၊ ဦးကျော်မင်း– ဒေါ်နီလာလှိုင် (စင်ကာပူ)၊ ဦးနေစိုး–ဒေါ်မိုးပပစီတို့၏ဖခင်၊ (ဒေါ်သန်းနု)၏ ချစ်လှစွာသော ခင်ပွန်း၊ မြေး လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂–၁၁–၂၀၂၀ရက်၊ (တနင်္လာနေ့)၊ မွန်းတည့် ၁၂ နာရီတွင် (၂၉/၁၇၁)၊ စိန်ပန်းလမ်းသွယ်(၂)လမ်း၊ ဝန်ထမ်းကြီးများရိပ်သာ၊ ရွှေပြည်သာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ကျူချောင်သုသာန် (ရွှေပြည်သာ)၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလွင်ကြည်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**

**အသက်(၇၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့နေ (ဦးလှအေး–ဒေါ်သန်းစိန်)တို့၏သား ဦးအေးသန်း–ဒေါ်အေးမြင့်၊ ဦးတင်ဝင်းတို့၏ညီ၊ အမှတ်(၁၈)၊ အောင်ရိပ်သာ(၁)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ (ဒေါ်ကျင်မေ) ကျောင်းအုပ်ငြိမ်း၏ခင်ပွန်း၊ (မောင်အာကာမိုးလွင်ကြည်)၊ မဆုပြည့်လွင်(ဆုမိ)(Myanmar Vigour & Associates Limited)၏ ချစ်လှစွာသောဖခင် ဦးလွင်ကြည်သည် ၂–၁၁–၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၁၁–၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၈–၁၁–၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းသွတ် တရားတော်နာမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်နုနုထွေး

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ် (7–A)၊ ခြံအမှတ် (၃၆၆–B)နေ (ဦးလှထွေး)၏ဇနီး၊ ဒေါ်စန္ဒာလှထွေး၊ ဦးသစ္စာလှထွေး–ဒေါ်စန္ဒီသောင်း၊ ဦးသူရိန်လှထွေး–ဒေါ်စိုးယုလှိုင်တို့၏ မိခင်သည် (၂–၁၁–၂၀၂၀)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Dr.စိုးဝင်း–ဒေါ်ဥမ္မာတင်မောင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ငွေ

(B.Com,CPA), CPA 10th Batch

ဒုတိယစာရင်းကိုင်ချုပ်(ငြိမ်း)၊

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကန်ဘဲ့ကျေးရွာနေ ဦးတင်ငွေသည် ၃၁–၁၀–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CPA 10th Batch မှသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

### ဦးအောင်မျိုးဟိန်း

AGTI(Mechanical Power)

Top One လျှပ်စစ်ပစ္စည်းဆိုင်

အသက်(၅၀)

Win Thin & Associates Ltd မှ Audit Partner ဒေါ်နေမင်းသန့်၏ခင်ပွန်း ဦးအောင်မျိုးဟိန်းသည် ၂–၁၁–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Win Thin & Associates Ltd**
**Certified Public Accountants**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

### ဦးအောင်မျိုးဟိန်း

AGTI(Mechanical Power)

Top One လျှပ်စစ်ပစ္စည်းဆိုင်

အသက်(၅၀)

Win Thin & Associates Ltd မှ Audit Partner ဒေါ်နေမင်းသန့်၏ခင်ပွန်း ဦးအောင်မျိုးဟိန်းသည် ၂–၁၁–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Win Consulting Ltd**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်လှကြူ (သန်လျင်)

**အသက် (၈၄) နှစ်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ထန်းနှစ်ပင်ကျောင်းလမ်း၊ အမှတ်(၅၁)နေ (ဦး မောင်မှင်-ဒေါ်စောတင်)တို့၏ သမီး၊ (ဦးဘထွန်း-ဒေါ်အေးပိုက်)တို့၏ သမီးချွေးမ၊ [ဦးတင်ဦး(ကျောင်းအုပ်ကြီး၊ အမက-ထန်းနှစ်ပင်)]၏ဇနီး၊ ဦးချိုအေး-(ဒေါ်နီနီဦး)၊ (ဦးမောင်သော်)-ဒေါ်စီစီဦး၊ ဒေါ်ကြူကြူမာ (ခရိုင်စိုက်ပျိုးရေး၊ ရန်ကုန်တောင်ပိုင်းခရိုင်)၊ ဦးတိုးတိုးဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွှေကူမြို့နယ်)-ဒေါ်ယဉ်ယဉ်မာ (ဗန်းမော်ခရိုင်အထွေထွေခရိုင်အုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးသန်းဇော်လင်း (BAYPOINT MARINE Co.,Ltd)-ဒေါ်ချောစုကလျာထွေးမာတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဒီပါကောင်းထက်၊ မဖြူခင်ဇော်တို့၏ ချစ်လှစွာသောအဘွားသည် ၃-၁၁-၂၀၂၀ ရက် မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်အေးစန်းရီ

**ဓနုဖြူဒေါ်စောရီမြန်မာထမင်းဆိုင် (လှည်းတန်း-ကန်လမ်း)**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(531C/1A)၊ မာလာမြိုင်ရိပ်သာလမ်းနေ (ဦးမောင်ပု-ဒေါ်စောရီ)တို့၏ သမီး၊ ဦးလှအောင်၏ ဇနီး၊ ဒေါက်တာရဲနိုင်ဦး-ဒေါ်မီမီအောင်၊ ဦးမြတ်သူထွန်း-ဒေါ်စောသန္တာအောင်၊ ဦးထက်မြတ်ဦး-ဒေါ်အိအိဖြိုးအောင်၊ ဦးချမ်းမြေ့အောင်-ဒေါ်ဖြူနှင်းထက်တို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၃-၁၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှခင်

**အသက် (၇၇)နှစ်**

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်-ဒေါ်အေးမြတ်ဝင်းတို့၏မိခင်၊ (ဦးမြသွင်)၏ဇနီး ဒေါ်လှခင်သည် ၁-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၂၁ နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၉)မှ**
**သူငယ်ချင်းများ**

---

## မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတည်ထောင်သူတစ်ဦးဖြစ်သူ ဦးလှထွေး (ANTARA နှင့် Nikkei Shimbunသတင်းဌာန)၏ဇနီး၊ အသင်းဝင်သတင်းထောက်များဖြစ်ကြသော ဦးသစ္စာလှထွေး(TBS)-ဒေါ်စန္ဒီသောင်း(TBS)၊ ဦးသူရိန်လှထွေး(Nikkei Shimbun)-ဒေါ်စိုးယုလှိုင်တို့၏မွေးသမိခင်ကျေးဇူးရှင် ဒေါက်တာဒေါ်နုနုထွေး အသက် (၈၂) နှစ်သည် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဆရာမ ဒေါ်နန်းမာဂရက်တင်

**အထက(၁) လမ်းမတော် (စိန့်ဂျွန်း)**

**အသက် (၇၇) နှစ်**

အထက(၁) လမ်းမတော် (စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့၏အပူဇော်ခံ ဆရာမကြီး ဒေါ်နန်းမာဂရက်တင်သည် ၃၁-၁၀-၂၀၂၀ ရက်တွင် နေပြည်တော်၊ လယ်ဝေး၊ သာဝတ္တိစိုက်ပျိုးရေးဝင်းအိမ်ရာ နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှူးဆောင်အဖွဲ့**
**အထက(၁) လမ်းမတော်(စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကြည်လင်း (ပုလဲပညာရှင်)

**အမတေပုလဲရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး**

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ်(16-A)နေ ဒေါ်ကြင်အေး၏ခင်ပွန်း၊ ကိုခင်မောင်ဝင်း-မအင်သီ၊ မဖြိုးစုမိုမို၊ ကိုအောင်အောင်ဟန်-မအိသဉ္ဇာကျော်တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃-၁၁-၂၀၂၀ (အင်္ဂါနေ့) ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကြည်း-၆၆၆၁ ဗိုလ်မှူးကြီးဆွင်ခိုဝင်း (ငြိမ်း)

**ချင်းပြည်နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ**

**အသက် (၉၂) နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လှိုင်ရွာနေ (ဦးလမ်းဒို့ ဒေါ်ညဏ်းကျိန်း)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၃၇၂)၊ ရွှေနှင်းဆီလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်သန်းသန်းလွင်)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးစန်းမြင့်ဦး(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး-ငြိမ်း)၊ ဒေါ်ခင်မြဝင်း (လ/ထ ညွှန်ကြားရေးမှူး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)၊ ဦးဌေးဝင်း(အင်ဂျင်နီယာချုပ်၊ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း-ငြိမ်း)၊ ဒေါ်ခင်ချိုမြင့်၊ ဒေါ်ခင်ဖြူဝင်း(ဒု-ဦးစီးမှူး၊ က.ည.န၊ ထောက်ကြန့်)၊ ဦးအောင်မိုးကျော်၊ ဒေါ်ဒိမ်ခမ်းပုန်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာကောင်းမြတ်၊ ဒေါက်တာအေးပွင့်ဖြူ၊ မခိုင်ဆုဝေ၊ မောင်ဖြိုးသက်ဝင်း၊ မဖူးမြတ်သွယ်၊ မောင်ပြည့်ဖြိုးကျော်၊ မနှင်းအိလွင်ခမ်းကျင်တို့၏ဘိုးဘိုး၊ မောင်ထူးလကျ်ာ၏ ဘိုးဘိုးကြီး ဗိုလ်မှူးကြီးဆွင်ခိုဝင်း(ငြိမ်း)သည် ၃-၁၁-၂၀၂၀ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်စိန်

**အသက် (၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၃)နေ (ဗိုလ်မှူးတင်ညွန့်-ငြိမ်း)၏ ဇနီး၊ ဗိုလ်မှူးကျင်လင်း(ငြိမ်း)-ဒေါ်သန်းသန်းညွန့်၊ ဒေါ်စန်းစန်းညွန့်၊ ဦးအုန်းမြင့်-ဒေါ်သိန်းသိန်းညွန့်၊ (ဗိုလ်ကြီးဆန်းလွင်-ငြိမ်း)၊ ဗိုလ်ကြီးသန်းဆွေ(ငြိမ်း)-ဒေါ်ဌေးဌေးညွန့်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂-၁၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝါယာမီ

**အသက် (၈၈) နှစ်**

မဟာစည်သာသနာ့ရိပ်သာ (ဗဟန်း) ဦးချက်-ဒေါ်စော(ဇရပ်) အဆောင်မှူး ဒေါ်ဝါယာမီသည် ၂-၁၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေမြင့်ရီ

**(Aဝမ်း-ရုပ်ရှင်သရုပ်ဆောင်) (မယ်ဗမာ) ရုပ်ရှင်အစည်းအရုံးကန်တော့ခံ**

**အသက် (၈၃) နှစ်**

မြောက်ဒဂုံ(ကြိုးတံတားအနီး)၊ (၅၀) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၇၀၁)နေ (ဦးသိန်းအောင်-ဒေါ်အုန်းခင်)တို့၏ သမီးကြီး၊ [ဦးဘညွန့်(သမိုင်းပါမောက္ခ)-ဒေါ်မင်နီဘခက်(ခ)ဒေါ်နှင်းရီ]တို့၏ သမီးချွေးမ၊ [ဦးအုန်းကြိုင်(ခ)ဦးအောင်မိုး (ရုပ်ရှင်သရုပ်ဆောင်)၊ (စာရေးဆရာ-မိုးမြင့်ဦး)]၏ဇနီး၊ (ဦးအောင်မြတ်မိုး)၊ (ဦးအောင်မြင့်မိုး)-ဒေါ်ချိုချိုသဲ၊ ဦးအောင်နိုင်မိုး (မ/ဥ-ပန်းချီ၊ ပန်းပုအစည်းအရုံး-ဒုဥက္ကဋ္ဌ)-ဒေါ်ရီရီချို၊ (ဦးအောင်သွင်မိုး)-ဒေါ်ချိုချို၊ ဦးအောင်ဆန်းမိုး၊ ဦးသန်းနိုင်-ဒေါ်အေးစန္ဒာမိုး၊ ဒေါ်အေးသီတာမိုးတို့၏ မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၁၀-၂၀၂၀ (စနေနေ့)တွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကြင်စော

**အထက်တန်းကျောင်းအုပ်ကြီး (ငြိမ်း)**

**အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မုံရွာမြို့**

**မုံရွာမြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(ငြိမ်း)**

**စီမံထူးချွန်တတိယဆင့်**

**အသက် (၇၅) နှစ်**

မြောင်မြို့နယ်၊ ကျောက်ရစ်အနောက်ရွာနေ (ဦးသိုင်း-ဒေါ်ထား)တို့၏ သားလတ်၊ မုံရွာမြို့၊ သရဖီလမ်း၊ နန္ဒဝန်ရပ်ကွက်နေ ဒေါ်စမ်းစမ်းတင့် (အထက်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်လေး-ဒေါ်ဆုပန်စော၊ ဦးဇာနည်လင်း-ဒေါ်သဉ္ဇာစော၊ ဦးပြေဟိန်းနိုင်(ဒု-ညွှန်မှူး)-ဒေါ်စုဝေ (ရန်ကုန်တိုင်း စာ/ယဉ်)၊ ဦးစွမ်းရည်လှိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးကြင်စောသည် ၃-၁၁-၂၀၂၀ ရက် နံနက် ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ အရာရှိဝန်ထမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းလင်းအောင် (အေလာ)

**2nd Officer Golden Eagle Shipping Co.,Ltd**

**CDC-၃၉၃၂၁**

**အသက် (၄၉) နှစ်**

လယ်ဝေးမြို့နယ်၊ အေလာမြို့နေ (ဦးငြိမ်း)-ဒေါ်ကြည်တို့၏သား၊ (ဦးသင်းလှိုင်)-ဒေါ်ကေသီတို့၏သားသမက်၊ အမှတ်(၄၀)၊ မြေညီ၊ ငှက်ပျောတောလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ရီရီလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မဖူးဟန် သွယ်၊ မဆုလတ်ဝေလင်းတို့၏ ချစ်လှစွာသောဖခင်၊ ဦးတင်ဝင်း-ဒေါ်သန်းမြင့်၊ ဦးသုမန (နတ်စက်ရောင်)၊ ဦးသာချို-ဒေါ်ကြည်ဌေး၊ ဒေါ်အေးမြင့် (ဦးစီးအရာရှိ၊ သတ္တုသုတေသန၊ အေလာ)၊ ဦးသန်းဝင်းအောင်-ဒေါ်စိုးအေးသန့်တို့၏ညီ/မောင်သည် ၁-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းဖေ (တကောင်း-အပ်ချုပ်ဆိုင်)

**အသက် (၇၅) နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်နေ (ဦးဉာဏ်ထွန်း-ဒေါ်မသာပွင့်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်လှသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်သန္တာလင်း (ကထိက၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးအောင်နိုင်ထွေး (GM SANLI Myanmar Co.,Ltd)-ဒေါ်ခင်အေးအေးသက် (AE,အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ Capt. အောင်ဆန်း-ဒေါက်တာခင်ဥမ္မာသန်း၊ ဦးကိုကိုဇော် (AB-SUNRISE MARINE) - ဒေါ်ဇင်မာမွန် (Med-tech Laboratory Dept၊ စံပြဆေးရုံ၊ သင်္ဃန်းကျွန်း)တို့၏ ချစ်လှစွာသော ဖခင်၊ မောင်စိုးဝဏ္ဏထွန်း၊ မောင်ဟန်ထူးအောင်၊ မောင်လင်းထက်ကိုတို့၏ အဘိုးသည် ၂-၁၁-၂၀၂၀ ရက် (တနင်္လာနေ့) ည ၇:၁၅ နာရီတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အနိစ္စ** | **သင့် သွေး ဖြင့် အ သက် ကယ် ပါ**

---

## ဦးအောင်မင်းဦး (ခ) Terence Tha Tun (ခ)

## ဆရာဦးသားကြီး

**Myanmar Global Law Firm**

**M.E.H.S (1) Dagon**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ကြီးပွားရေးရပ်ကွက် (မြောက်ပိုင်း)၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၀)နေ (ဦးသာထွန်း-ဒေါ်ခင်ခင်စု)၊ (ဦးစံအေး-ဒေါ်သန်းစိန်)တို့၏သား၊ ဦးညိုဝင်း-ဒေါ်သန်းသန်းရီ၊ ဒေါ်ချိုပြုံးအေးတို့၏အစ်ကို၊ ဦးဖြိုးကိုကို-ဒေါ်ဝါဝါခင်၊ ဒေါ်ဖြူဝင်းသန့်၊ ဦးထိန်လင်းကျော်-ဒေါ်ဇင်သူဌေးတို့၏ ဘကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၁၀-၂၀၂၀ (စနေနေ့) နံနက် ၁၀:၁၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးမောင်မောင်(ခ) ရေမွန်မဟာဒေဗန်

**ဒု-လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၂)၊ ရေနံချက်စက်ရုံ(မန်း သံပုရာကန်)**

**ဥက္ကဋ္ဌ-မရမ်းချောင်အနာကြီးသာသနာ**

**အသက်(၇၀)**

သန်လျင်မြို့နေ(ဒေါက်တာ မဟာဒေဗန်-နော်မာရီဇင်)တို့၏သား (စောအယ်လ်မို-ဂွါဘယ်လာပို)၊ (စောလီယို-ဂွါစတယ်လာ)တို့၏သားသမက်၊ ဒေါ်သက်မာ၏မောင်၊ ဒေါ်မာလာ-ဦးမျိုးညွန့်၊ ဒေါ်ဝေမာ၊ ဒေါ်သီတာတို့၏အစ်ကို၊ နန့်ရှိဇက်တာ(ခ) ဒေါ်မူးမု၏ခင်ပွန်း၊ ကိုမောင်မောင်သက်ထွန်း-မချောစုမွန်၊ နန့်နွယ်သီ-ကိုမျိုးကိုကိုသင်း၊ နန့်စန္ဒီတို့ဖခင်၊ မစုမြတ်လှ၊ ကိုသိန်းထွန်းအောင်-မနန်းနုနုယဉ်တို့၏ဦးလေး၊ မျိုးမဟာသင်း၊ Menorah၊ အောင်ဟိန်းဆက်တို့၏အဘိုးသည် ၂-၁၁-၂၀၂၀ (တနင်္လာနေ့)နံနက် ၅:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မျိုးဟိန်း

**AGTI (Mechanical Power)**

**Top One လျှပ်စစ်ပစ္စည်းဆိုင်**

**အသက်(၅၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ၊ ချောင်းဦးတောင်ရပ်ကွက်နေ (ဦးဆိတ်ပု)- ဒေါ်ငွေမြိုင်တို့၏ မြေး၊ (ဦးဇေယျာမောင်)- ဒေါ်သန်းသန်းတို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးနေဝင်း-ဒေါ်ခင်ခင်လှတို့၏သမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးဖိုးထွန်းလမ်း၊ အမှတ်(၇၄/က)နေ ဒေါ်နေမင်းသန့် (Audit Partner, Win Thin & Associates Ltd)၏ ခင်ပွန်း၊ မောင်ဘုန်းသန့်ကျော်၊ မောင်ထူးဉာဏ်ကျော်တို့၏ကျေးဇူးရှင် မွေးသဖခင်၊ မအိအိမောင်၊ ကိုကျော်သူစိုး-မအုံးအုံး၊ ကိုသန်းဇော်ထွန်း၊ ကိုမင်းဇော်ထွန်း-မငယ်ထွေးစု၊ ကိုလှထွန်းအောင်-မဟန်စုမောင်တို့၏ အစ်ကိုကြီးသည် ၂-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မမှန်ကန်သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ပြောဆိုရေးသား၊ ဖြန့်ချိ၊ ထုတ်လွှင့်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ရှိ မဲဆန္ဒရှင်များထံမှ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲများ ရယူလျက်ရှိပါသည်။

၂။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် တွေ့ကြုံလာရသော အခက်အခဲများ၊ အဆင်မပြေမှုများကို သက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများက အပြုသဘောဆောင်၍ မှန်ကန်စွာပူးပေါင်းညှိနှိုင်း ဖြေရှင်းပေးနေကြသည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျေးဇူးတင်ရှိပါသည်။

၃။ သို့ရာတွင် အချို့သောနိုင်ငံရေးပါတီများနှင့် အချို့သောနိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ထိုသို့ ကြိုတင်ဆန္ဒမဲများရယူခြင်းကိစ္စနှင့် စပ်လျဉ်း၍ တွေ့ကြုံနေရသည်ဟုဆိုကာ သတင်းအချက်အလက်များကို ပြောကြားခြင်း၊ ရေးသားထုတ်ဝေခြင်း၊ Online မှတစ်ဆင့် ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ပြောကြားထုတ်လွှင့်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၄။ ထိုသို့ ပြောဆို၊ ရေးသား၊ ထုတ်လွှင့်လျက်ရှိသော သတင်းအချက်အလက်များတွင် မှန်သောသတင်းအချက်အလက်များ ပါရှိသကဲ့သို့ မဟုတ်မမှန်သော သတင်းအချက်အလက်များ၊ ချဲ့ကားထားသော သတင်းအချက်အလက်များ၊ မှန်ကန်သော အချက်အလက်များကို ဖုံးကွယ်၍ မဲဆန္ဒရှင်ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေသည့် သတင်းအချက်အလက်များ၊ ကိုယ်တိုင်တိုက်ရိုက်သိရှိခြင်းမရှိဘဲ ထပ်ဆင့်ကြားသိရချက်အပေါ် အခြေပြုထားသော သတင်းအချက်အလက်များ ပါဝင်နေသည်ကို တွေ့ရှိနေရပါသည်။

၅။ မမှန်ကန်သော သတင်းအချက်အလက်များ၊ အခြေအမြစ်မရှိသော သတင်းအချက်အလက်များကို ပြောဆို၊ ရေးသား၊ ဖြန့်ချိခြင်းများ ပြုလုပ်ခြင်းသည် ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ လုပ်ဆောင်ရာရောက်သည့်အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) တွင် ပြဋ္ဌာန်းထားချက်နှင့်ငြိစွန်းပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ဆက်လက်ရောက်ရှိ




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

**နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့

## မွန်ညီညွတ်ရေးပါတီ နှင့် ဒီမိုကရေစီပါတီသစ်(ကချင်) တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် နိုဝင်ဘာ ၃

**မွန်ညီညွတ်ရေးပါတီ နှင့် ဒီမိုကရေစီပါတီသစ်(ကချင်) တို့၏** ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုဝင်ဘာ ၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို နှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## "ဒီပါဝလီနေ့" ရုံးပိတ်ရက်အား အစားထိုးဖြည့်စွက်၍ အများပြည်သူ အလုပ်ပိတ်ရက်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၃

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်) စနေနေ့သည် "ဒီပါဝလီနေ့" ဖြစ်ပြီး အစိုးရရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် ခံစားခွင့်များမနစ်နာစေရန် "ဒီပါဝလီနေ့" ရုံးပိတ်ရက်တစ်ရက်ကို စနေနေ့ရှေ့ သောကြာနေ့ ၁၃-၁၁-၂၀၂၀ ရက်ဖြင့် အစားထိုးဖြည့်စွက်၍ ၁၃-၁၁-၂၀၂၀ ရက်နှင့် ၁၄-၁၁-၂၀၂၀ ရက်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၂၀ ဖြင့် ယနေ့တွင် ကြေညာလိုက်သည်။ သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


သြစတြီးယားနိုင်ငံ၏ ဒီမိုကရေစီရင့်ကျက်မှုကို ချည့်နဲ့စေရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ခြိမ်းခြောက်လာခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှုမြင် — စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအကြီးအကျယ် ထိခိုက်မှုကို လျှော့ချရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံချက်အသစ်များ နီပေါနိုင်ငံ ချမှတ် — စာမျက်နှာ » ၁၃

ကျိုက်မရောမြို့နယ်၌ အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတားဖွင့်ပွဲ ကျင်းပ — စာမျက်နှာ » ၂၀